# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၀)၊ အမှတ် (၀၉၈)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ငလိုက်စခန်းသာဆင်စခန်း တောတွင်းဖြတ်လျှောက်လမ်း (သစ်သားတံတား)နှင့် ကြိုးတံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ ငလိုက်စခန်းသာ ဆင်စခန်းရှိ ကျွမ်းကျင်ဆင်လိမ္မာများ၏ သရုပ်ပြမှုကို အားပေးကြည့်ရှုစဉ်။ သတင်းစဉ်

နေပြည်တော် ဇန်နဝါရီ ၅

**အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ငလိုက်စခန်းသာဆင်စခန်း တောတွင်းဖြတ်လျှောက်လမ်း(သစ်သားတံတား)နှင့် ကြိုးတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမ မိုင်တိုင်(၂၁၇)မိုင်အနီးရှိ ငလိုက်စခန်းသာ ဆင်စခန်းသို့ ရောက်ရှိပြီး စခန်းရှိ ဆင်များအား ဆင်အစာအာဟာရများ ကျွေးမွေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆင်ပြတိုက်အား လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်


*စာမျက်နှာ ၃ ကော်လံ ၁* ❀


## COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေထူထောင်ထားရှိမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသည် COVID–19 ကာကွယ်ဆေးများ ဝယ်ယူရရှိနိုင်ရေးအတွက် COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီကို (၃၀–၁၂–၂၀၂၀) ရက်နေ့တွင် ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ၎င်းဆပ်ကော်မတီမှ COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်ပါသည်–

(က) **COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (နိုင်ငံခြားငွေစာရင်း အမှတ် EDC 600012)။** ၎င်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေ၊ ကျပ် ၃၃၈ ဘီလီယံခန့်နှင့်ညီမျှသော အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကို စတင်ထည့်သွင်းပေးထားမည်ဖြစ်ပါသည်။

(ခ) **COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ(မြန်မာကျပ်ငွေစာရင်း အမှတ် OA 013733)။** ၎င်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေ ကျပ်သန်း ၁၀၀၀ ကို စတင်ထည့်သွင်းထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပြည်တွင်း/ပြည်ပမှ ပါဝင်လှူဒါန်းလိုကြသော ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) ရှိ COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012) သို့ မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733) သို့ မြန်မာကျပ်ငွေဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည် –

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၆၇ ၃၄၁၀၁၅၆ |
| ငွေတိုက်ဦးစီးဌာန | ၀၆၇ ၃၄၁၀၁၅၈ |

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန




မြန်မာ့အလင်း

# ဗီဇပြောင်း ဗိုင်းရပ်စ်ပိုး

ဗိုင်းရပ်စ်ပိုးများ၏ သဘာဝအရ ၎င်းပိုးတို့သည် သူတို့၏ ရှင်သန်နိုင်မှုစွမ်းအားကို ကိုယ့်ဘာသာကိုယ် မျိုးဗီဇပြောင်းလဲခြင်းဖြင့် မြှင့်တင်လေ့ရှိသည်။ ထိုဗီဇပြောင်းမျိုးကွဲပိုးများကို ကိုဗစ်ရောဂါ ဖြစ်စေသည့် ကိုရိုနာဗိုင်းရပ်စ်ပိုးများတွင် စတင်တွေ့ရှိလာနေရသည်ဟု အင်္ဂလန်နိုင်ငံက ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

ထိုဗီဇပြောင်း ဗိုင်းရပ်စ်ပိုးသည် ယခင်ကထက် ရောဂါဝေဒနာ ပိုမိုပြင်းထန်သည်ဟူသည့် အထောက်အထား မတွေ့ရသေးသော်လည်း ပိုမိုမြန်ဆန်စွာ ကူးစက်ပျံ့နှံ့လွယ်သည်မှာတော့ ထင်ရှားနေ၏။

ဗီဇရင့်သန်ပြောင်းလဲလာသော ကိုဗစ်-၁၉ ရောဂါပိုးကို စတင်စစ်ဆေးတွေ့ရှိခဲ့သည်မှာ အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်းအရပ်နှင့် ဝေလနယ်၊ စကော့တလန်တို့တွင်ဟု သိရ၏။ ယခုအခါ ဗီဇပြောင်းပိုး၊ အသွင်ပြောင်းပိုးကို ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ အိုင်ယာလန်၊ နယ်သာလန်၊ နော်ဝေ၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်နိုင်ငံ အစရှိသည့် ဥရောပနိုင်ငံများတွင်ပါ တွေ့ရှိနေသည်ဟုလည်း သတင်းများက ဆိုပါသည်။

ယင်းဒေသများအပြင် အာရှ၊ ဩစတြေးလျ၊ အရှေ့အလယ်ပိုင်းနှင့် တောင်အမေရိကနိုင်ငံများတွင်ပါ တွေ့ရှိနေရပြီလည်း ဖြစ်ပါသည်။ ဗီဇပြောင်းဗိုင်းရပ်စ်ပိုးကို အာဆီယံနိုင်ငံများတွင် ထိုင်း၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့တွင်ပါ တွေ့ရှိနေပြီဟု သိရသည်က မြန်မာနိုင်ငံအတွက် သတိထားရန် အထူးလိုအပ်မည် ဖြစ်ပါသည်။ သတင်းဌာနများ၏အဆိုအရ ဗီဇပြောင်းဗိုင်းရပ်စ်ပိုးသည် ကူးစက်ပြန့်ပွားမှုနှုန်း ၁ ဒသမ ၇ ဆ ပိုပါသည်။ ယခင်က လူတစ်ရာကူးစက်မှုသည် ယခုဗီဇပြောင်းဗိုင်းရပ်စ်ပိုးတွင် လူတစ်ရာ့ခုနစ်ဆယ်ထိ ကူးလာနိုင်ပေသည်။ သိသိသာသာ ကူးစက်မှု မြန်ဆန်လာခြင်း ဖြစ်ပါသည်။

ဗီဇပြောင်းဗိုင်းရပ်စ်ပိုး၏ အန္တရာယ်က မြန်မာပြည်သူလူထုအတွက် အလွန်အမင်း စိုးရိမ်ပူပန်ကာ ထိတ်လန့်တကြားနှင့် ဆောက်တည်ရာမရ ဖြစ်ကြရန်မဟုတ်သော်လည်း သတိကြီးစွာထားကြရန်မှု အထူးလိုအပ်မည်ဖြစ်ပါသည်။ ဗီဇပြောင်းပိုးကို စတင်တွေ့ရှိစဉ်က ကလေးငယ်များတွင် ကူးစက်မှုပိုမိုဖြစ်ပွားသည် ဆိုသော်လည်း လက်တွေ့တွင် ကလေး လူကြီးမရွေး ကူးစက်လွယ်သည်ဟု တွေ့ရှိနေရပါသည်။ ထိခိုက်သေဆုံးမှု ပိုမိုများပြားသည်ဟု မတွေ့ရသကဲ့သို့ ယခုစတင်သုံးစွဲနေကြပြီဖြစ်သော ကာကွယ်ဆေးများ မတိုးနိုင်ဟူသည်မှာလည်း ခိုင်လုံသော အထောက်အထား မရှိပါ။

ယင်းနှင့်ပတ်သက်၍ ထိုဗိုင်းရပ်စ်ပိုးတို့၏ မျိုးရိုးဗီဇပြောင်းလဲလာမှုကို ခွဲခြမ်းစိတ်ဖြာလေ့လာနေသည့် ပညာရှင်အဖွဲ့က ဗီဇပြောင်းပိုး တွေ့ရှိကြောင်း ကြေညာပြီးသည့်နောက်တွင် ဗြိတိန်နိုင်ငံတွင် ရောဂါဖြစ်ပွားမှုနှုန်း အလွန်များပြားစွာ ပျံ့နှံ့လာကြောင်း တွေ့ရှိနေရသည့်အတွက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အင်္ဂလန်တစ်နိုင်ငံလုံးကို သွားလာမှုကန့်သတ်ကြောင်း ကြေညာချက်ကို ဝန်ကြီးချုပ်ကိုယ်တိုင် ထုတ်ပြန်လိုက်ပါသည်။ သွားလာမှု ကန့်သတ်သည်ဆိုသည်မှာ အဓိကအားဖြင့် အင်္ဂလန်နိုင်ငံသားအားလုံး အိမ်တွင်းတွင် နေထိုင်ကြရန် ဖြစ်ပါသည်။

နိုင်ငံသားများ၏ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရန်အလို့ငှာ ပြည်သူအားလုံး အိမ်တွင်နေရန်နှင့် မလိုအပ်ဘဲ အိမ်ပြင်မထွက်ရန် ကန့်သတ်တားမြစ်ထားခြင်းဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သည့် ဈေးဝယ်၊ အလုပ်သွား၊ ကျန်းမာရေးကိစ္စ အစရှိသည်တို့ လိုအပ်လျှင် ခွင့်ပြုချက်ဖြင့်သာ ထွက်ရန်၊ ခွင့်ပြုချက်မရှိဘဲ အခြားအရပ်ကလာသူများနှင့် မတွေ့ဆုံရ။ ယင်းသည် ဥပဒေဖြင့် တားမြစ်ထားခြင်းဖြစ်သောကြောင့် ဖောက်ဖျက်လျှင် အရေးယူမည်ဟုဆို၏။

ကူးစက်နိုင်သော ရောဂါပိုးရှိနေသူကို ဓာတ်ခွဲစစ်ဆေးမလုပ်ဘဲ မည်သို့မျှ မသိနိုင်။ ထို့ကြောင့် စနစ်တကျလက်ဆေး၊ လူချင်းခြောက်ပေခွာနေ၊ ရောဂါပိုးဝင်နိုင်သော မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့ကို မကိုင်တွယ်မိအောင် သတိဖြင့်နေ၊ အပြင်သို့ မဖြစ်မနေ ထွက်ရလျှင် နှာခေါင်းနှင့်၊ ပါးစပ်စည်းနှင့် မျက်နှာဖုံးတပ်ဆင် အစရှိသည့် အခြေခံကာကွယ်ရေးစနစ်များကို လိုက်နာကြရန်လည်း ဗြိတိန်နိုင်ငံက နှိုးဆော်ထားသည်။ အဆိုပါ အခြေခံကျန်းမာရေးကာကွယ်မှုစနစ်များသည် ဗြိတိန်နိုင်ငံ၌သာမက ကမ္ဘာ့အရပ်ရပ်မည်သည့်နိုင်ငံတွင်မဆို လိုက်နာသင့်သည့် စနစ်များပင်။ မြန်မာနိုင်ငံသည်လည်း ထိုနည်းနှင်နှင်ပင် လိုက်နာကျင့်ကြံကြရမည် ဖြစ်ပါ၏။

ယခု ဗီဇပြောင်းဗိုင်းရပ်စ်ရောဂါပိုး ထွက်ပေါ်လာခြင်းသည် အထိတ်တလန့်ဖြစ်ရမည် မဟုတ်သော်လည်း အထူးသတိထားရမည့် အရေးဖြစ်ပါသည်။ ကျန်းမာရေးအခြေခံ စည်းမျဉ်းများနှင့် ကာကွယ်ရေးစနစ်များကို လိုက်နာကျင့်ကြံကြခြင်းဖြင့် ကပ်ရောဂါဘေးတို့က ကင်းဝေးကာ မြန်မာနိုင်ငံသား ပြည်သူတို့ ကျန်းမာရွှင်လန်းနိုင်ကြပါစေသတည်း။ ။

## ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း (ခ) (ပုံမှန်) သင်တန်းနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် နောက်ဆုံးနှစ် (ပုံမှန်) သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးစီမံချက်တင်ပြခြင်းနှင့် ဘွဲ့လွန်ဆေးပညာသင်တန်းများဝင်ခွင့်ခေါ်ယူရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

ဆေးတက္ကသိုလ်၊နောက်ဆုံးနှစ် အပိုင်း (ခ) (ပုံမှန်) သင်တန်းနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် နောက်ဆုံးနှစ် (ပုံမှန်)သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံချက်တင်ပြခြင်းနှင့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီးရှိ ဗဟိုအဆင့်မှ ကျေးလက်ကျန်းမာရေးဌာနခွဲများအထိ အဆင့်ဆင့်သော ဝန်ထမ်းများသည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ရုံသာမက ပြည်သူ့ဆေးရုံများ၌လည်း ကုသရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး လုပ်ငန်းများကိုလည်း လစ်ဟာမှုမရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်နေမှုများအား မှတ်တမ်းတင် အသိအမှတ်ပြုပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သောပညာရှင်များ ပြတ်လပ်မှုမရှိရန် မွေးထုတ်လေ့ကျင့်ပေးလျက်ရှိသော ဆေးနှင့် ဆေးပညာနီးနွယ် တက္ကသိုလ် (၁၆) ခုမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ/ဆရာမများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း (ခ) (နောက်ဆက်တွဲ) သင်တန်းများနှင့် သူနာပြုတက္ကသိုလ် (နောက်ဆုံးနှစ်) သင်တန်းများ ဖွင့်လှစ်ရေးအတွက် စီမံချက်များရေးဆွဲခဲ့ပြီး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြခဲ့ရာ ခွင့်ပြုခဲ့သဖြင့် မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် ဆေးတက္ကသိုလ်၊ နောက်ဆုံးနှစ်အပိုင်း (ခ) (ပုံမှန်) သင်တန်းနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် နောက်ဆုံးနှစ် (ပုံမှန်)သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေးအတွက် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် သက်ဆိုင်ရာ တက္ကသိုလ်များမှ တာဝန်ရှိသူများ တိုင်ပင်ဆွေးနွေးရေးဆွဲထားရှိသည့် စီမံချက်မူကြမ်းများကို တင်ပြမည်ဖြစ်ပြီး တက်ရောက်လာကြသူများ အားလုံးက ပွင့်လင်းစွာ ဝိုင်းဝန်း ဆွေးနွေးကြစေလိုပါကြောင်း။

ကျန်းမာရေးစနစ် ခိုင်မာတောင့်တင်းစေရေးအတွက် အရည်အသွေး ပြည့်ဝရုံသာမက ကျင့်ဝတ်လိုက်နာဆောင်ရွက်ပြီး ပညာရပ်တိုးတက်ရေးအတွက် သုတေသနပြုမှုအလေ့အကျင့် ကောင်းများရှိသည့် ပညာရှင်များ မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ယခုအချိန်တွင် မိမိတို့နိုင်ငံ၌ COVID-19 ကူးစက်မှုအခြေအနေသည် အနည်းငယ် လျော့နည်းလာသော်လည်း လုံးဝပျောက်ဆုံး၍ မရပါကြောင်း၊ ယခုလက်ရှိတွင် နိုင်ငံတကာမှ လေကြောင်းဖြင့် ဝင်ရောက်လာသူအားလုံးကို နှစ်ပတ် အသွားအလာကန့်သတ်ပြီး RT PCR နည်းစနစ်ဖြင့် ဓာတ်ခွဲစစ်ဆေးမှုကိုလည်း နှစ်ကြိမ်ပြုလုပ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သင်တန်းများဖွင့်လှစ်ရာတွင် COVID-19 ကာကွယ်ရေးစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး အင်တာနက်အသုံးပြု Virtual စနစ်များဖြင့်လည်း တွဲဖက်သင်ကြားသွားမည် ဖြစ်ပါကြောင်း၊ ဆရာ/ဆရာမများ၊ သင်တန်းသား/သင်တန်းသူများ အနေဖြင့် လက်တွေ့သင်ကြားမှုများ၊ လူနာများအား စမ်းသပ်ရာ၌ လည်းကောင်း၊ အဖွဲ့ငယ်များဖွဲ့၍ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးခြင်းကိစ္စရပ်များ၌ လည်းကောင်း စိတ်ဝင်စားမှုများသဖြင့် COVID-19 ကာကွယ်ရေး ဆောင်ရန်/ရှောင်ရန် ကိစ္စများအား မေ့လျော့သွားသည်များ ရှိနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုသင်တန်းများ ပြန်လည်ဖွင့်လှစ်ရာ၌ ဆရာ/ဆရာမများနှင့်သင်တန်းသား/သင်တန်းသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းများအား တစ်ဦးနှင့်တစ်ဦး အသိပေးခြင်းနှင့် သတိပေးခြင်းများကို မဖြစ်မနေ ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ဆေးနှင့် ဆေးပညာ နီးနွယ်တက္ကသိုလ်များမှ တာဝန်ရှိသူများအားလုံး၏ အားထုတ်ကြိုးပမ်းမှုများဖြင့် ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ယခုအထိ ဆေးနှင့် ဆေးပညာ နီးနွယ်ဘွဲ့လွန်သင်တန်းသစ် (၃၄) ခုကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိ အသိအမှတ် ပြုပါကြောင်း၊ ဆေးနှင့် ဆေးပညာ နီးနွယ်ဘာသာရပ်တိုင်း၌ အရည်အသွေး ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ် လုံလောက်စွာ ရှိမှသာလျှင် ပြည်သူများအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်မည်ဖြစ်သဖြင့် ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်၊ ဧပြီလမှစကာ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးမှုကို အထူးဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိတွင် ဝန်ကြီးဌာနရှိ တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်း စုစုပေါင်း ၁၃၆ မျိုး၌ တက်ရောက်နေသူပေါင်း ၃၀၂၈ ဦးရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနမှ ပညာရှင်များ နိုင်ငံတကာအတွေ့အကြုံနှင့် ပညာရပ်များ ရရှိစေရန်အတွက် နိုင်ငံတကာ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ ညီလာခံများ၊ ခြောက်လအောက်နှင့် ခြောက်လအထက် သင်တန်းများ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ သင်တန်းများ တက်ရောက်ရန်အတွက် ၂၀၁၆ ခုနှစ် ဧပြီလမှ ယခုအထိ ၈၆၀၀ ကျော် စေလွှတ်ခဲ့ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်ရန် ပညာရှင်များ မွေးထုတ်သင်ကြား လေ့ကျင့်မှု လုပ်ငန်းများကို ဆက်လက်ပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆေးနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများနှင့် တာဝန်ရှိသူများကလည်း ပွင့်လင်းတိကျစွာဖြင့် ဆွေးနွေးအကြံပြုကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက ဆေးတက္ကသိုလ်၊ နောက်ဆုံးနှစ် အပိုင်း (ခ)(၆/၂၀၁၉) (ပုံမှန်) သင်တန်းနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် နောက်ဆုံးနှစ် (၁/၂၀၂၀) (ပုံမှန်) သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ/ဆရာမများနှင့် အစည်းအဝေးများပြုလုပ်ပြီး တိုင်ပင်ဆွေးနွေးခဲ့ကာ စီမံချက်(မူကြမ်း)ရေးဆွဲထားရှိမှု၊ စီမံချက်(မူကြမ်း)အရ သင်တန်းများဖွင့်လှစ်မည့်ကာလမတိုင်မီ တစ်လတွင် သင်တန်းသား/ သင်တန်းသူများအား အသိပေးကြေညာရန်၊ လာမည့်ဖေဖော်ဝါရီလတွင် သင်တန်းများ ပြန်လည်ဖွင့်လှစ်ရန် လျာထားမှု၊ သင်တန်းစာမေးပွဲများ ပြုလုပ်ရန်၊ ပြန်လည်သင်ကြားခြင်းပြုလုပ်ရန်၊ ကိုယ်ပိုင်စာကြည့်ချိန်ပေးရန်နှင့် အတန်းတင်စာမေးပွဲကို အဆိုပါကာလ၌ COVID-19 ကူးစက်မှု အခြေအနေများနှင့်အညီ အသင့်တော်ဆုံးပုံစံဖြင့် ဆောင်ရွက်ရန်တို့ကို လည်းကောင်း၊ တက္ကသိုလ်အလိုက် နောက်ဆုံးနှစ် သင်တန်းသား/ သင်တန်းသူ အရေအတွက်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်တက်ရောက်မည့် အရေအတွက်၊ သင်တန်းပြီးဆုံးပြီးနောက် အလုပ်သင်တာဝန်ချထားမည့် သင်ကြားရေး ဆေးရုံကြီးများနှင့် ပတ်သက်၍လည်းကောင်း၊ ၂၀၂၁ ခုနှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေးအတွက် ကြိုတင် အစည်းအဝေးများ ပြုလုပ်ထားကာ စီမံချက်(မူကြမ်း) ရေးဆွဲထားရှိမှု၊ စီမံချက်(မူကြမ်း)အရ လာမည့် ဖေဖော်ဝါရီလတွင် လျှောက်လွှာခေါ်ယူကာ ဧပြီလတွင် ဘာသာရပ်ဆိုင်ရာ ရေးဖြေစာမေးပွဲကို ပြုလုပ်ရန် လျာထားမှုစသည်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးနှင့် ဆေးပညာနီးနွယ်တက္ကသိုလ် (၁၅)ခုတို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများနှင့် တာဝန်ရှိသူများက စီမံချက် (မူကြမ်း)နှင့် ပတ်သက်၍ အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်ရန် အကြံပြုချက်များ ပေးအပ်ခဲ့ကာ ဆေးနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များမှ အခြားသော သင်တန်းများကိုလည်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ထပ်မံဆွေးနွေးမှုများ ပြုလုပ်ကာ စီမံချက် (မူကြမ်း) များ ရေးဆွဲတင်ပြသွားမည်ဖြစ်ကြောင်း အသီးသီးတင်ပြခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က သင်တန်းများဖွင့်လှစ်ရာတွင် အသုံးပြုမည့် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ အပါအဝင် လိုအပ်သည်များကို စာရင်းပြုလုပ်၍ အမြန်ဆုံး တင်ပြတောင်းခံစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးတို့က ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ စီမံချက်(မူကြမ်း)များကို ဆောင်ရွက်မည့်အချိန်ကာလ (time-line) နှင့် တကွ စနစ်တကျရေးဆွဲထားခြင်းသည် ကောင်းမွန်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ဆေးနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ/ဆရာမများ ဆွေးနွေးတိုင်ပင်ရေးဆွဲထားပြီး ဝန်ကြီးဌာနသို့ တင်ပြလာမည့် စီမံချက်များအား ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အမြန်ဆုံးတင်ပြကာ အတည်ပြုချက် ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကိုဗစ်-၁၉ ဖြစ်စဉ်ကာလတွင် မိမိတို့အနေဖြင့် သမားရိုးကျ လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်၍မရဘဲ ဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေအရပ်ရပ်နှင့်အညီ အသင့်တော်ဆုံးနှင့် အကောင်းဆုံး ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ဆေးနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များမှ တာဝန်ရှိသူများအနေဖြင့် သမားရိုးကျမှ ဖောက်ထွက်သော အမြင်များ၊ တီထွင်ဆန်းသစ်သောအမြင်များဖြင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ပညာရှင်များ မွေးထုတ်လေ့ကျင့်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသော ပါမောက္ခကြီးများသည် နိုင်ငံတကာမှ ဘွဲ့လွန်ဆေးနှင့် ဆေးနီးနွယ်ပညာရပ်များ ရရှိထားသူများဖြစ်ကာ အတွေ့အကြုံ မြင့်မားကြသူများဖြစ်သဖြင့် မြန်မာနိုင်ငံ၌ ယခုကျင့်သုံးလျက်ရှိသော သင်ကြားမှုနည်းစနစ်များ ပိုမိုကောင်းမွန်စေရေးအတွက်ကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ သင်ရိုး ညွှန်းတမ်းများကိုလည်း နောက်ဆုံးပေါ် အချက်အလက်များ၊ တွေ့ရှိချက်များနှင့်အညီ အမြဲမွမ်းမံပြင်ဆင်နေရမည် ဖြစ်ပါကြောင်း၊ သင်ကြားမှု အထောက်အကူပြုပစ္စည်းများ လိုအပ်ချက်ကိုလည်း အမြဲတမ်းဆန်းစစ်ကာ တင်ပြတောင်းခံစေလိုပြီး ဝန်ကြီးဌာနမှ ဦးစားပေးအနေဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအတွက် အရည်အသွေးပြည့်ဝသည့် ပညာရှင်များ ဆက်လက်မွေးထုတ်ပေးနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့အား ငလိုက်စခန်းသာ ဆင်စခန်း၌ တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

❀ *ရှေ့ဖုံးမှ*

လက်ထောက်မန်နေဂျာ (ဆင်ဆေးကု) ဒေါက်တာ မျိုးနေဇာတို့က ရှင်းလင်းပြသကြသည်။

**အားပေးကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတသည် ကျွမ်းကျင်ဆင်လိမ္မာများ မိတ်ဆက်ခြင်း၊ အမည်ခေါ်ထူးခြင်း၊ ဂါရဝပြုအလေးပြုခြင်း၊ တေးသီချင်းဖြင့် ကပြခြင်း၊ ပစ္စည်းကောက်ယူပြခြင်း၊ ဟန်အမူအရာလုပ်ပြခြင်း၊ ဆင်ဦးစီးကို ခမောက်ဆောင်းပေးခြင်း၊ ဘောလုံးကန်ပြခြင်းနှင့် ဆုယူပြကွက် ပြသမှုများကို အားပေးကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တောတွင်းဖြတ်လျှောက်လမ်း (သစ်သားတံတား) တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘတို့က လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ တောတွင်းဖြတ်လျှောက်လမ်း (သစ်သားတံတား)သည် ထင်းရှူးတော ဆင်စခန်းမှ စားသောက်ဆိုင်ကမ်းခြေအထိ စုစုပေါင်းအရှည်- ၄၈၁၇ ပေရှိပြီး အရှည်ပေ- ၃၀၇၀ တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း၊ တံတားကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၄၀၉ ဒသမ ၆၅၅ သန်းဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ သစ်သားတံတားများတွင် အရှည်ဆုံးသစ်သားတံတားဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ငလိုက်စခန်းသာ ဆင်စခန်း ကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘနှင့် အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ) ဦးမိုးအောင်တို့က တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

**၇၀ ရာခိုင်နှုန်း ပြီးစီး**

အဆိုပါကြိုးတံတားသည် အရှည်ပေ- ၁၇၀၊ အကျယ်- လေးပေရှိ Steel Structure အမျိုးအစားဖြစ်ပြီး တံတားတည်ဆောက်မှု ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ရွှေကျွန်းတော နားနေဆောင်သို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘက ငလိုက်စခန်းသာ တောတွင်းဖြတ်လျှောက်လမ်း(သစ်သားတံတား)နှင့် ကြိုးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ တင်ဒါခေါ်ယူဆောင်ရွက်ခဲ့မှုများ၊ တောတွင်းဖြတ်လျှောက်လမ်း (သစ်သားတံတား)တွင် မသန်စွမ်းသူများ အပန်းဖြေနားနေနိုင်ရေး ထည့်သွင်းတည်ဆောက်မည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအုန်းဝင်း၊ ဦးအုန်းမောင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့က ဖြည့်စွက်ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

**ဆက်လက်ဖော်ဆောင်သွားနိုင်**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ငလိုက်ဆင်စခန်းရှိ တောတွင်း ဖြတ်လျှောက်လမ်းနှင့် ကြိုးတံတားတည်ဆောက်ခြင်းကို နေပြည်တော်ရှိ ဝန်ထမ်းများ၊ အနီးအနားရှိပြည်သူများ အားလပ်ရက်တွင် အပန်းဖြေအနားယူနိုင်စေရေး တည်ဆောက်ရန် စဉ်းစားမိခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြီးစီးပါက ဒေသတွင်းပြည်သူများအတွက်သာမက ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်နိုင်သည့် ခရီးစဉ်တစ်ခုအဖြစ် ဆက်လက်ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း၊ တည်ဆောက်ရာတွင်လည်း အများပြည်သူ ဘေးကင်းလုံခြုံစိတ်ချစွာဖြင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် အရည်အသွေး သတ်မှတ်စံချိန်စံနှုန်းမီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ရန် လိုအပ်ကြောင်း၊ တည်ဆောက်ပြီးစီးပါက မိမိတို့ ကြိုးပမ်းဆောင်ရွက်ထားမှုအခြေအနေကို အများပြည်သူသိရှိပြီး လက်တွေ့လာရောက်အပန်းဖြေနိုင်ရေးအတွက် ကြော်ငြာအား ကောင်းကောင်းဖြင့် အသိပေးမျှဝေခြင်းများ ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အများပြည်သူများ လာရောက်အပန်းဖြေသည့်နေရာအဖြစ် သန့်ရှင်းသာယာလှပပြီး ဆွဲဆောင်မှုရှိစေရန် စနစ်တကျအမှိုက်စွန့်ပစ်နိုင်သည့်အခြေအနေကို စီမံဆောင်ရွက်ပေးထားရန်လိုကြောင်း၊ ဆင်လိမ္မာများကို ယခုထက်ပိုမို၍ ပရိသတ်အား ဆွဲဆောင်နိုင်သည့် ပြကွက်များဖြင့် ဖျော်ဖြေနိုင်ရေးအတွက် လေ့ကျင့်ပေးခြင်းကို တစိုက်မတ်မတ် ဆောင်ရွက်သွားစေလိုကြောင်း မှာကြားသည်။

**သုံးခွထင်းရှူးပင်များ စိုက်ပျိုး**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထင်းရှူးစိုက်ခင်းသို့ ရောက်ရှိကြပြီး သုံးခွထင်းရှူးပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ငလိုက်ရေလှောင်တမံအတွင်း ရေယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကလေးပြုစုရေးဌာန(နေပြည်တော်) အဆောက်အဦဖွင့်လှစ်နိုင်ရေး သွားရောက်ကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ တည်ဆောက်ထားသော ကလေးပြုစုရေးဌာန (နေပြည်တော်) အဆောက်အဦ ဖွင့်လှစ်နိုင်ရေးနှင့် ပြုစုစောင့်ရှောက်ပေးရမည့် ကလေးငယ်များအား ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ လွှဲပြောင်းလက်ခံနိုင်ရေး ကြိုတင်ဆောင်ရွက်ထားသည့် အခြေအနေများကို သွားရောက်ကြည့်ရှုသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ကလေးပြုစုရေးဌာန (နေပြည်တော်)သို့ ရောက်ရှိကြပြီး အဆောက်အဦကို လှည့်လည်ကြည့်ရှုသည်။ (ဓါတ်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နေ့ကလေးထိန်းနှင့် မူကြိုအရွယ်ကလေးများအတွက် သင်ထောက်ကူပစ္စည်းများ ပြင်ဆင်ထားခြင်း၊ အသက်အရွယ်အလိုက် ထားရှိရမည့် အခန်းများအား ကြိုတင်ပြင်ဆင်ခြင်း၊ ကလေးငယ်များအတွက် နို့မှုန့်၊ အာဟာရမှုန့်နှင့် အခြားရိက္ခာများ အချိန်မီဖြည့်တင်းထားခြင်း၊ အခြေခံကျန်းမာရေးသုံး ပစ္စည်းများနှင့် ဆေးဝါးများ ကြိုတင်ထားရှိခြင်းနှင့် ကလေးငယ်များ ဘေးအန္တရာယ်မဖြစ်စေရန် ကြိုတင်ဆောင်ရွက်ထားခြင်းလုပ်ငန်းများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ ကလေးပြုစုရေးဌာနများက ကလေးငယ်များအား နေပြည်တော်သို့ ခေါ်ဆောင်ရာတွင် ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လိုက်နာ၍ စနစ်တကျဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်ခြင်းနှင့် ကလေးငယ်များအတွက် Quarantine ထားရှိမည့်နေရာများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းခြင်းလုပ်ငန်းများကို အချိန်မီပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်သော ဖြည့်ဆည်းညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ကလေးပြုစုရေးဌာန (နေပြည်တော်)ကို ရင်ခွင်မဲ့ကလေးငယ်များအား ပြုစုစောင့်ရှောက်ရန်အတွက် မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေကျပ် (၁) ဘီလီယံကျော်ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်း လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကလေးပြုစုရေးဌာန (နေပြည်တော်) အဆောက်အဦကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ရင်ခွင်မဲ့ကလေးသူငယ်များအား ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံပြုစုစောင့်ရှောက်ရန် စံလုပ်ငန်းလမ်းညွှန်များ ရေးဆွဲထားရှိပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ရေးဆွဲခြင်းအတွက် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဝင်များ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် လူငယ်ရေးရာကော်မတီဝင်များနှင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ




အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan – NESP) (2021–2030) ရေးဆွဲရေး အတွက် မြန်မာနိုင်ငံ လူငယ်ရေးရာ ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လူငယ်ရေးရာ ကော်မတီဝင် များနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၅**

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan – NESP) (2021–2030) ရေးဆွဲရေးအတွက် မြန်မာနိုင်ငံလူငယ်ရေးရာ ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လူငယ်ရေးရာကော်မတီဝင်များနှင့် ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနမှ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီး၊ ပြည်နယ် လူမှုရေးဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်း အတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသ ကြီး/ပြည်နယ် လူငယ်ရေးရာ ကော်မတီဝင်များမှ တာဝန်ရှိ သူများ အွန်လိုင်းဖြင့် ပါဝင်ဆွေးနွေးကြသည်။

### အဆင့်အလိုက် အကောင်အထည်ဖော်

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး က အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသား ပညာရေးမဟာဗျူဟာ စီမံကိန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ အဖွဲ့များအလိုက် သီးသန့်ဆွေးနွေးပွဲများ ပြုလုပ်ပေးသည့် အတွက် အကျိုးရှိပြီး ထိရောက်သည့် မဟာဗျူဟာတစ်ရပ် ပေါ်ပေါက်လာမည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် နိုင်ငံတော် ၏ လူ့စွမ်းအားအရင်းအမြစ်အုပ်စုဖြစ်သည့် ကလေးသူငယ်၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးရန်အတွက် အဓိကရည်ရွယ်ပြီး ရေးဆွဲခြင်းကြောင့် မိမိတို့လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး ရန်အတွက် တာဝန်ယူရသည့် ဌာနများဖြစ်သည့် ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန များနှင့် အဓိက ဆက်စပ်နေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော် တွင် မူဝါဒများ၊ မဟာဗျူဟာများ ချမှတ်ရေးဆွဲသည့်နေရာတွင် နောက်ခံ အကြောင်းအရာ၊ ဖြစ်ပေါ်နေသည့်အခြေအနေ၊ သတင်းအချက်အလက် စသည်များကို စုစည်းရယူပြီး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၎င်းနေရာတွင် ရေရှည် မျှော်မှန်းပြီး ဦးစားပေး ပန်းတိုင်များ ချမှတ်ခြင်း၊ တာဝန် ဝတ္တရားများ သတ်မှတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း အစီအစဉ်များကို အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ (၂၈.၁၂.၂၀၂၀) ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ စီမံချက် (၂၀၂၀-၂၀၂၄) မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနား တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် "နိုင်ငံတိုင်းမှာ သဘာဝသယံဇာတ အရင်းအမြစ်တွေ အနည်းနဲ့ အများ ဆိုသလိုရှိသော်လည်း ထုတ်ယူသုံးစွဲဖို့အတွက် အင်မတန် လွယ်ကူ မြန်ဆန်ပါကြောင်း၊ လူသားအရင်းအမြစ်တွေကသာ သုံးလို့မကုန်နိုင်တဲ့ အရင်းအမြစ်တွေဖြစ်တာကြောင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့ဖို့အတွက် နိုင်ငံသား တွေရဲ့ စွမ်းရည်အရင်းအမြစ်တွေကို စဉ်ဆက်မပြတ် မြှင့်တင်ပေးရမှာဖြစ်ကြောင်း၊ အခြေခံကျကျ အားထားရမှာ ကတော့ မိမိတို့ရဲ့ လူငယ်တွေပင်ဖြစ်ကြောင်း" မှာကြား ထားရှိပါကြောင်း။

### ထိပ်ဆုံးက ဖော်ပြထား

ယနေ့ကမ္ဘာပေါ်တွင် လူငယ်ဦးရေ တစ်ဘီလီယံခန့်ရှိရာ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းခန့်မှာ လူငယ်များ ဖြစ်ကြပါကြောင်း၊ လူငယ်ဦးရေ၏ ၈၅ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် နေထိုင်လျက်ရှိပြီး အာရှဒေသတစ်ခု အတွင်းမှာပင် ၆၀ ရာခိုင်နှုန်းခန့် ရှိနေပါကြောင်း၊ ကမ္ဘာ့ လူငယ်ထုရဲ့အခြေအနေမှာ များသောအားဖြင့် ဒေသများ အကြား၊ နိုင်ငံများအကြား၊ လူ့အဖွဲ့အစည်းများအကြား၊ စီးပွားရေး၊ လူမှုရေး၊ နည်းပညာနှင့် ယဉ်ကျေးမှုအရ ကွာဟ မှုများ၊ မတူညီမှုများကို ဆိုးရွားစွာ ကြုံတွေ့နေရပါကြောင်း၊ ယခုလိုဆိုးရွားသည့် အခြေအနေများကို မကြုံတွေ့စေရန် အတွက် ပညာရေးကဏ္ဍက ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး သည် အဓိကအရေးပါသည့် ကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ဒါကြောင့် ယခု ရေးဆွဲသည့် အမျိုးသားပညာရေး မဟာ ဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) တွင် လူငယ်များ၏ လက်ရှိ အခြေအနေများကို ထင်ဟပ်သည့် လူငယ်များရဲ့ အသံပါဝင် စေရန် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေနဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှု အနာဂတ် အလားအလာကောင်းများကို ဖြည့်ဆည်းနိုင်ရေး အတွက် လူငယ်များ၏ စွမ်းရည်မြှင့်တင်ရန်နှင့် ပါဝင်မှု အခန်းကဏ္ဍကို တိုးမြှင့်ရန် ရည်ရွယ်၍ လူငယ်များပါဝင် ရေးဆွဲခဲ့သော ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွင်း အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်သည့် လူငယ်ရေးရာ မူဝါဒမှာပါသည့် အဓိက ကဏ္ဍ (၁၆) ရပ်တွင် ပညာရေးကဏ္ဍကို ထိပ်ဆုံးက ဖော်ပြ ထားရှိပါကြောင်း။

### ဦးစားပေးအခန်းကဏ္ဍအနေဖြင့် ဆောင်ရွက်

ဆက်လက်၍ မူဝါဒကို အကောင်အထည်ဖော် ဆောင် ရွက်နိုင်ရန် မျှော်မှန်းချက်၊ လမ်းစဉ်နှင့် အညွှန်းကိန်းများ ပါဝင်သည့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) ကို (၂၈.၁၂.၂၀၂၀) ရက်နေ့က မိတ်ဆက်ဖြန့်ချိနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ လူငယ် ရေးရာမူဝါဒမှာ အထူးအလေးပေးရမည့် လူငယ်များကို ဖော်ပြထားရှိပြီး အဓိကကဏ္ဍ (၁၆) ရပ်အဖြစ် ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်များ၊ အားကစားနှင့် အပန်းဖြေခြင်း၊ အလုပ် အကိုင်အခွင့်အလမ်း၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေ၊ အနု ပညာနှင့်ယဉ်ကျေးမှု၊ သုတေသန၊ သိပ္ပံနှင့် နည်းပညာ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု၊ သယံဇာတ သုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ငြိမ်းချမ်း ရေး/ ဘဝလုံခြုံရေး၊ ကျား၊ မညီမျှမှု၊ လူ့အခွင့်အရေး၊ နိုင်ငံ တကာဆက်ဆံရေးကဏ္ဍတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြဋ္ဌာန်းထားရှိပါကြောင်း၊ အဆိုပါ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် (၂၀၂၀-၂၀၂၄) နှင့် ပတ်သက်၍ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးများကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် အလျင်အမြန် ဆောင်ရွက် သွားနိုင်ရန် မဟာဗျူဟာတစ်ခုချင်းစီအလိုက် လုပ်ငန်း စီမံချက် Action Plan များ ချမှတ်ရေးဆွဲသွားမည် ဖြစ်ပါ ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လူငယ်များ ကိုယ်တိုင် ပါဝင်လျက် လက်တွေ့ အပြောင်းအလဲများဖြစ်အောင် ဖော်ဆောင်ခွင့်ရရှိရေးနှင့် လူငယ်တစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေဘဲ အားလုံးပူးပေါင်းပါဝင်ခွင့်ရရှိရေးအတွက် ဦးတည်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အတွင်း မှီတင်းနေထိုင်ကြသည့် အနာဂတ်စွမ်းအားစုများ ဖြစ်သည့် ကလေးသူငယ်၊ လူငယ်များအတွက် အမျိုးသား ပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ကို ချမှတ် ရေးဆွဲသည့်နေရာတွင် ထိခိုက်လွယ်အုပ်စုများထဲတွင် ပါဝင် သည့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေး သူငယ်များ၊ လူငယ်များ၊ မသန်စွမ်းကလေးသူငယ်များ၊ လူငယ်များ၊ ရွှေ့ပြောင်းလုပ်သားလူငယ်များ၊ သဘာဝဘေး အန္တရာယ်နှင့် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်နေရသူများ၊ မတူကွဲပြားစွာ လိင်စိတ်ကိုင်းညွှတ် မှုနှင့် လိင်ဝိသေသခံယူမှုရှိသည့် လူငယ်များ၊ တိုင်းရင်းသား မျိုးနွယ်စုများနှင့် ဝေးလံဒေသများမှလူငယ်များ၊ လူကုန် ကူးခြင်းခံရသူများ၊ မူးယစ်ဆေးဝါးစွဲနေသူလူငယ်များနှင့် ဆေးဖြတ်ပြီးသူ လူငယ်များ၊ ခုခံအားကျဆင်းမှုရောဂါ ကူးစက်ခံရသူလူငယ်များ၊ လိင်လုပ်သား လူငယ်များ၊ သက်ငယ်မုဒိမ်းမှု ကျူးလွန်ခံရသူများအတွက် ထည့်သွင်း စဉ်းစားကာ အရည်အသွေးပြည့်ဝပြီး လိုအပ်သော ကျွမ်းကျင် မှုများ ရရှိနိုင်စေရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များအပြင် အလုပ်သမား ဈေးကွက် ၏ လိုအပ်ချက်များအပေါ်မူတည်၍ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအစီအစဉ်များကို ကျေးလက်ဒေသအထိ ရောက်ရှိနိုင်စေရေး၊ ပညာသင်ယူ ရန်အခွင့်အလမ်းနည်းပါးသော ကလေးသူငယ်များအတွက် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးအစီအမံများကို သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူငယ် ရေးရာ ကော်မတီများပူးပေါင်း၍ ဆောင်ရွက်စေလိုပါ ကြောင်း၊ ဆက်လက်ပြီး နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ အင်မတန်မှ အရေးကြီးသည့်အတွက်ကြောင့် စွန့်ဦးတီထွင်နိုင်ပြီး အလား အလာရှိသည့် လူငယ်များကို စနစ်တကျပြုစုပျိုးထောင် ပေးနိုင်ရေးသည့် ဦးစားပေးအခန်းကဏ္ဍအနေဖြင့် ဆောင် ရွက်ရမည် ဖြစ်ပါကြောင်း။

### ချိတ်ဆက်ဆောင်ရွက်

ထို့ကြောင့် လူငယ်များအတွက် စီးပွားရေးနှင့် ပတ်သက်သည့် အတွေးအခေါ်အယူအဆများ၊ မဟာဗျူဟာ ကျကျ စဉ်းစားတွေးခေါ်မြော်မြင်မှုများ ရရှိနိုင်စေရန် သင်တန်းများပေးခြင်းနှင့် ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ လည်း Value Chain, Value Added တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် အရည်အသွေးများ ရရှိနိုင်စေရေး အတွက် ချိတ်ဆက်ဆောင်ရွက်စေလိုပါကြောင်း၊ အခြေခံ ပညာကျောင်းများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တတ်မြောက်ပြီးသူ လူငယ်လူရွယ်တို့အတွက် သင့်တော်သည့် အလုပ်သမားဈေးကွက်သို့ မိတ်ဆက်နိုင် ရေးနှင့် Small and Medium Enterprises– SME အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများရယူနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာတွင် လမ်းကြောင်းတစ်ခုအနေဖြင့် ချမှတ်ခဲ့ရန် လိုအပ်ပါ ကြောင်း ပြောကြားသည်။

### ရေရှည်လုပ်ငန်းစဉ် တစ်ရပ်ဖြစ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အမှာစကား ပြောကြားရာတွင် အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (NESP–2) ညှိနှိုင်းဆွေးနွေးပွဲများကို ၂၆ ကြိမ် ကျင်းပရန်လျာထားပြီး ယနေ့ဆွေးနွေးပွဲသည် (၂၅) ကြိမ်မြောက် ကျင်းပခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan – MSDP) (2018–2030) နှင့် ရေရှည်တည်တံ့ခိုင်မြဲ သောဖွံ့ဖြိုးမှုပန်းတိုင် (Sustain–able Development Goals – SDGs 2030) တို့နှင့် လိုက်လျော ညီထွေဖြစ်အောင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် NESP–2 အကောင်အထည်ဖော် ဆောင်ရွက်သည့် ကာလ မှာ ၁၀ နှစ် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ပြောကြားခဲ့သည့်အတိုင်း ပညာရေးကဏ္ဍတိုးတက်မှုသည် ရေရှည်လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan – MSDP) (၂၀၁၈-၂၀၃၀)၊ ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးမှုပန်းတိုင် (Sustainable Development Goals – SGD) (၂၀၃၀)၊ ယူနက်စကို၏ Future Education (2030)၊ OECD ၏ Future of Education and Skills (2030) တို့နှင့် လိုက်လျော ညီထွေဖြစ်မှသာ လူငယ်များသည် ဂုဏ်သိက္ခာရှိသော လူ့ဘဝကို ပိုင်ဆိုင်နိုင်ရေးအတွက် အလုပ်အကိုင် ကောင်းကောင်းရရှိရန် အထောက်အကူပြုနိုင်မည်ဖြစ်ပါ ကြောင်း၊ သို့ဖြစ်၍ ပညာရေးနှင့်ပတ်သက်သော နိုင်ငံ တကာ အစီရင်ခံစာ နှစ်စောင်ကို မိတ်ဆက်ရှင်းလင်းလိုပါ ကြောင်း။

The Learning Generation: Investing in Education for a Changing World တွင် ဖော်ပြထားသည်မှာ ကမ္ဘာတွင် Automation နည်းပညာဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်ကြောင်း၊ Artificial Intelligence, Robotics, Cloud Computing, Big Data, Internet of Things များ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်နေပါကြောင်း၊ လုပ်သားဈေးကွက် ပြောင်းလဲလာပါ ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းအတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာ၍ အဆင့်မြင့်ကျွမ်းကျင်မှု (High Level Skills) များ အရေးပါလာကြောင်း၊ မကြာမီကာလများတွင် လူဦးရေတိုးလာသော်လည်း နည်းပညာဖွံ့ဖြိုးတိုးတက်မှု ကြောင့် လက်ရှိအလုပ်အကိုင်များကို ဆုံးရှုံးနိုင်ခြေများလာ မည်ဖြစ်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းမှာလည်း လျော့နည်းလာမည်ဟု အဆိုပါစာအုပ်တွင် ခန့်မှန်းထား ပါကြောင်း၊ အလုပ်အကိုင်အများစုမှာလည်း လစာနည်း၍ ဘဝလုံခြုံမှု အာမခံနိုင်ရန် ခက်ခဲသဖြင့် အဆင့်မြင့်ကျွမ်းကျင်မှု စွမ်းရည်ရှိမှသာ အလုပ်အကိုင်ကောင်းကောင်း ရရှိနိုင်ကာ လစာကောင်းကောင်း ရရှိခံစားနိုင်မည်ဖြစ်ပြီး မိသားစုဝင် ကလေးငယ်များ၏ အနာဂတ်လှပရန် ပံ့ပိုးပေးနိုင်မည်ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် ကလေးငယ်များ အားလုံး အတွက် လိုအပ်သော အဆင့်မြင့် ကျွမ်းကျင်မှုရရှိစေရန်၊ ဆိုးရွားသောမညီမျှမှု (Worsening Inequality) များကို လျှော့ချရန်၊ အနာဂတ်သုခချမ်းသာ ပြည့်ဝစေရေးအတွက် ပံ့ပိုးဖြည့်ဆည်းရန်မှာ အရည်အသွေးရှိသော ပညာရေး (Quality Education) ဖြင့်သာ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်းဖြင့် ဖော်ပြထားပါကြောင်း၊ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနက အရည်အသွေးရှိသောပညာရေး (Quality Education) ကို ဦးတည်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

OECD ၏ Future of Education and Skills (2030) Report ကို လေ့လာကြည့်လျှင် မြန်မာနိုင်ငံ၏ လက်ရှိ ပညာရေးအဆင့် အနေအထားကို သိမြင်နိုင်မည် ဖြစ်ပါ ကြောင်း၊ ရှေးထုံးစဉ်လာပညာရေး (Traditional Educa–tion System) တွင် လူနည်းစုကသာ ဆုံးဖြတ်ခြင်း၊ ဆရာ များက ကျောင်းသားများကို သင်ကြားခြင်း၊ ကျောင်းသား များက သင်ကြားပို့ချသည်ကို အလွတ်ကျက်မှတ်ခြင်း၊ ဆရာများကသင်ကြား၍ ကျောင်းအုပ်များက စီမံခန့်ခွဲခြင်း၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

သင်ရိုးညွှန်းတမ်းများ တစ်သမတ်တည်း စံသတ်မှတ်ထားခြင်း၊ ကျောင်းသားများကို စံသတ်မှတ်ထားသည့် စာမေးပွဲများဖြင့် စစ်ဆေးအကဲဖြတ်ခြင်း၊ စာမေးပွဲရလဒ်ကိုသာ ဦးစားပေးခြင်းတို့ကို တွေ့ရှိရပါကြောင်း၊ New Normal Education တွင် တန်ဖိုးထားမှုများ၊ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးမှုပန်းတိုင်များ၊ သဘာဝ၊ ရွှေ့ပြောင်းနေထိုင်မှု၊ လူ့သက်တမ်းရှည်ကြာမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ၊ ရာသီဥတုပြောင်းလဲလာမှုများကို တွေ့ကြုံလာရပြီး အသင်းအဖွဲ့စိတ်ဓာတ်များ၊ လိုက်လျောညီထွေဖြစ်မှု (Flexibility)၊ ပွင့်လင်းမြင်သာမှု၊ စုပေါင်းအင်အားဖြင့် တာဝန်ယူ တာဝန်ခံမှုတို့ဖြင့် ကျောင်းနှင့် အဖွဲ့အစည်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာပါကြောင်း၊ ယင်းအချက်များကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရန်၊ ညှိနှိုင်းဆွေးနွေးရန်၊ အကြံပြုချက်များကို တန်ဖိုးထား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် ဒစ်ဂျစ်တယ် သင်ယူမှု၊ စာသင်ခန်းတွင်း သင်ယူမှုနှင့် ပေါင်းစပ်သင်ယူမှု၊ တစ်သက်တာ သင်ယူမှုတို့ အရေးကြီးလာပါကြောင်း။

### အချိန်ယူဆောင်ရွက်ရန်လို

မြန်မာနိုင်ငံ၏ ပညာရေးသည် နှစ်ပေါင်းများစွာ အားနည်းခဲ့သဖြင့် အရည်အသွေးရှိသော ပညာရေးကို အချိန်ယူဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ၂၀၁၆ ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအထိ ပညာရေးပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အထောက်အကူပြုရန်အတွက် တိုင်းရင်းသားဒေသများကို ဦးစားပေး၍ ၂၄၃၀၅ ကျောင်းကို အဆင့်တိုးမြှင့်ခဲ့သဖြင့် အခြေခံပညာကျောင်း စုစုပေါင်း ကျောင်း ၄၇၇၆၀ အထိ ကျေးရွာပေါင်း ခြောက်သောင်းအနက် ကျေးရွာအများစုတွင် ရှိလာခြင်း၊ စာသင်ခုံ၊ စာသင်ခန်း၊ စာကြည့်တိုက်၊ သန့်စင်ခန်း၊ သောက်ရေ/သုံးရေ၊ ကွန်ပျူတာ၊ ဆရာ ဆရာမအိမ်ရာများ စသည်တို့ကို ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ သင်ရိုးသစ် ဗလာစာအုပ်နှင့် စာရေးကိရိယာများ အခမဲ့ ဖြန့်ဝေခြင်း၊ အားကစားပစ္စည်းများ ထောက်ပံ့ခြင်း၊ ပညာသင် ထောက်ပံ့ကြေးများ ထောက်ပံ့ခြင်း၊ မသန်စွမ်းများအားလုံးကို ပညာသင်ထောက်ပံ့ခြင်း၊ ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေများ ထောက်ပံ့ခြင်း၊ ၂၁ ရာစုကျွမ်းကျင်မှုဆိုင်ရာများကို သင်ကြားသင်ယူနိုင်ရန်အတွက်လည်း သင်ရိုးသစ် ကျောင်းသုံး ဖတ်စာအုပ်များကို JICA, ADB, EU တို့၏ အကူအညီဖြင့် ပြုစုပုံနှိပ်၍ အခမဲ့ဖြန့်ဝေခြင်း၊ အခြေခံပညာသင်ရိုး ညွှန်းတမ်းအညွှန်းဘောင်အရ ဒေသသင်ရိုးအဖြစ် သတ်မှတ်ထားသည့် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကလေးငယ်များအတွက် တိုင်းရင်းသားစာပေ ၆၃ မျိုး သင်ကြားခြင်းနှင့် ဒေသခံ တိုင်းရင်းသားများကို Language Teacher များနှင့် Teaching Assis–tant များအဖြစ် ခန့်ထားခြင်း၊ ဒေသခံတိုင်းရင်းသားများကို သတ်မှတ်အရည်အချင်းနှင့်အညီ ပညာရေး ဒီဂရီကောလိပ်၊ ပညာရေး တက္ကသိုလ်များ၊ မူလတန်းဆရာဖြစ် သင်တန်းများ တက်ရောက်ရန် အားပေးခြင်းနှင့် ဆရာ၊ ဝန်ထမ်းများအဖြစ် ရာထူး ခန့်/ပြောင်း/တိုး အားပေးဆောင်ရွက်ခြင်း၊ ဆရာ ဆရာမများအားလုံးအား သင်ရိုးသစ်ကျောင်းသုံး ဖတ်စာအုပ်သစ်များ သင်ကြားသင်ယူနည်းများကို နှစ်ပတ်ကြာ သင်ကြားသင်ယူမှုနှင့် သင်ထောက်ကူပစ္စည်းများ ထိရောက်စွာ အသုံးပြုနည်း သင်တန်းများပေးခြင်းတို့ကြောင့် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် မူလတန်း Grade–5 သင်ယူပြီးမြောက်သူ ဦးရေ ၉၈၁၀၇၅ ဦး ရှိလာသဖြင့် ၂၀၁၅ – ၂၀၁၆ ပညာသင်နှစ်ကထက် ကျောင်းသားဦးရေ ၁၅၄၆၆၃ ဦး ပိုမိုလာခြင်း၊ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် အလယ်တန်း Grade–9 သင်ယူပြီးမြောက်သူ ဦးရေ ၆၈၈၄၀၉ ဦး ရှိလာသဖြင့် ၂၀၁၅–၂၀၁၆ ပညာသင်နှစ်ကထက် ကျောင်းသားဦးရေ ၁၅၇၄၂၆ ဦး ပိုမိုလာခြင်း၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲတွင် ဖြေဆိုသူ ဦးရေ ၉၁၀၂၂၉ ဦး၊ အောင်မြင်သူ ဦးရေ ၂၉၁၇၉၈ ဦးရှိလာသဖြင့် ၂၀၁၆ ခုနှစ်၊ မတ်လကထက် ဖြေဆိုသူဦးရေ ၂၇၃၉၉၂ ဦးနှင့် အောင်မြင်သူဦးရေ ၁၀၁၄၀၈ ဦးတို့ ပိုမိုလာခြင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အထက်တန်းသင်ယူ ပြီးမြောက်သည့် လက်မှတ်ရရှိသူဦးရေ ၅၆၆၂၇၄ ဦး (သတ်မှတ်ချက် ၇ ချက်ကို ပြည့်မီသူ) ရှိပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာကျောင်းများတွင် Level 4 နှင့် Level 5 များကို တက်ရောက်နိုင်ကြောင်းနှင့် အရည်အချင်းပြည့်မီပါက တက္ကသိုလ်ပညာကို ဆက်လက်သင်ယူခွင့်ရနိုင်မည့် အခွင့်အလမ်းများရရှိစေရန် စတင်ဆောင်ရွက်လျက်ရှိရာ Myanmar Digital Education Platform – MDEP တွင် သင်တန်း ၄၁ ခု ဆောင်ရွက်ထားပါကြောင်း၊ အခြေခံပညာ အထက်တန်းအောင်လက်မှတ်ရရှိသူများသည် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် Open University တွင် တက်ရောက်လိုက သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် တက်ရောက်နိုင်မည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် အခြေခံပညာကဏ္ဍရှိ ဆရာ ဆရာမများက သင်ရိုးသစ် ကျောင်းသုံးဖတ်စာအုပ်များ၊ သင်ကြားသင်ယူမှုနည်းလမ်းသစ်များ၊ သင်ထောက်ကူပစ္စည်းများအသုံးပြု၍ မူလတန်းအဆင့်တွင် ဖတ်တတ်၊ ရေးတတ်၊ တွက်တတ်အောင် သင်ကြားသင်ယူ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အရှေ့တောင်အာရှ မူလတန်း သင်ယူတတ်မြောက်မှု ဆန်းစစ်ချက် South–East Asia Primary Learning Matrix (SEA–PLM) အရ ပါဝင်သော အရှေ့တောင်အာရှနိုင်ငံ ခြောက်နိုင်ငံတွင် အဆင့် ၃ တွင်ရှိသည်ကို အသိပေး တင်ပြလိုပါကြောင်း၊ စစ်ဆေးအကဲဖြတ်မှုတွင် မြန်မာနိုင်ငံသည် ကျား–မ အရ၊ ကျေးလက်–မြို့ပြအရ၊ ဝင်ငွေ နည်း–များအရ၊ စာသင်ခန်း–ကျောင်းသားအချိုး နည်း–များခြင်းအရ ကွာဟမှု အနည်းဆုံးဖြစ်သည်ဟု ဖော်ပြထားပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးသာမက မိဘ၊ ဆရာများ၊ ကျောင်းအုပ်များကို စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများတွင် ကိုယ်ချင်းစာစိတ်ဖြင့် ကူညီဆောင်ရွက်ခြင်းနှင့် အပြုသဘောဆောင်သည့် သဘောထားများ အားကောင်းရန် လိုအပ်နေပြီး မိဘများကလည်း မိမိရင်သွေးငယ်များ၏ သင်ယူတတ်မြောက်မှု ကောင်းမွန်စေရန်အတွက် ဆရာ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် အားနည်းသည်ဟု ဖော်ပြထားပါကြောင်း၊ ၂၀၁၆ မှ ၂၀၂၀ အထိ နိုင်ငံတကာသင်္ချာ အိုလံပီယာဒ် (International Mathematical Olympiad) ၌ အထက်တန်းကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် Honorary Mention ခြောက်ခု ရရှိရန် စွမ်းဆောင်နိုင်ခဲ့ပါကြောင်း၊ ဆရာ ဆရာမများသည် သင်ကြားသင်ယူမှုနည်းလမ်း သင်တန်းများပေး၍ စနစ်တကျအားပေး ဖြည့်ဆည်းပေးပါက ဆန်းသစ်တီထွင်နိုင်မှုရှိပြီး သင်ကြားသင်ယူမှုကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ကြောင်းနှင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူနိုင်မှုအရည်အသွေး မြင့်မားကြောင်း စသည့် အားသာချက်များကို တွေ့ရှိရပါကြောင်း။

### အားပေးဆောင်ရွက်လျက်ရှိ

နည်းပညာနှင့် သက်မွေးကျောင်း/သိပ္ပံ ၁၂ ကျောင်း တိုးချဲ့ဖွင့်လှစ်ခဲ့သဖြင့် စုစုပေါင်း ကျောင်း ၇၀ ရှိလာခြင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် (၈) ကျောင်း တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်း၊ နှစ်နှစ်သင် ပညာရေးကောလိပ်များ အားလုံးတို့ကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ်သို့ အဆင့်မြှင့်တင်ခြင်း၊ တိုင်းရင်းသားဒေသများနှင့် ကျောင်းသားဦးရေများပြားသည့်ဒေသများတွင် မိုးညှင်းတက္ကသိုလ်၊ ဟားခါးတက္ကသိုလ်၊ တောင်ကုတ်တက္ကသိုလ်၊ ရေနံချောင်းတက္ကသိုလ်၊ မြင်းခြံတက္ကသိုလ်၊ မန္တလာတက္ကသိုလ်များအဖြစ်သို့ အဆင့်မြှင့်တင်ခြင်း၊ ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ် ၁၆ ခုကို မဟာဌာနကြီးများနှင့် ကိုယ်ပိုင်စီမံခန့်ခွဲမှုဖြင့်ရပ်တည်သော တက္ကသိုလ်များအဖြစ်သို့ ဦးတည်ဆောင်ရွက်လျက်ရှိပြီး ယင်းအတွေ့အကြုံများမှ အခြားတက္ကသိုလ်များကိုလည်း ဆက်လက်အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသအလိုက် တက္ကသိုလ်ဝင်ခွင့်လျှော့ချထားမှုနှင့် ရွေးချယ်မှုတို့ အားပေးပံ့ပိုးခြင်း၊ စွမ်းဆောင်ရည်အခြေပြု ဆရာ၊ ဝန်ထမ်း ရာထူးခန့်/ပြောင်း/ တိုးများ အားပေးခြင်း၊ အချိန်ပိုင်း နည်းပြ/သရုပ်ပြများ ခန့်ထားရေး အားပေးခြင်း၊ စာသင်ခန်း၊ စာသင်ခုံ၊ သင်ထောက်ကူနှင့် သုတေသန ဓာတ်ခွဲခန်း ပစ္စည်းများ၊ စာကြည့်တိုက်၊ e–Library များ၊ သန့်စင်ခန်း၊ သောက်ရေ/သုံးရေ၊ ကွန်ပျူတာ၊ စားသောက်ဆိုင်၊ အားကစားဆိုင်ရာများ၊ ဆရာ ဆရာမ အိမ်ရာများ၊ အင်တာနက်၊ ဝိုင်ဖိုင်၊ အီးမေးလ်၊ Website များ စသည်တို့ကို ပံ့ပိုးဖြည့်ဆည်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ တက္ကသိုလ် ၁၃၄ ကျောင်းတွင် ကိုယ်ပိုင် Website များ ရှိလာပြီဖြစ်ပါကြောင်း၊ Webometrics ၏ Ranking Web of Universities တွင် အစိုးရတက္ကသိုလ် ၇၃ ကျောင်းနှင့် ပုဂ္ဂလိက ၁၀ ကျောင်း စုစုပေါင်း ၈၃ ကျောင်းကို ထည့်သွင်းဖော်ပြထားပါကြောင်း၊ ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ခြင်း၊ မသန်စွမ်းများ အားလုံးတို့ကို ပညာသင်ထောက်ပံ့ခြင်း၊ လွတ်လပ်သော တက္ကသိုလ် ကိုယ်ပိုင်စီမံခန့်ခွဲမှု (Autonomous University) ဖြင့် ရပ်တည်နိုင်ရေး ဦးတည်၍ တက္ကသိုလ်ပဋိညာဉ်စာတမ်းများ ရေးဆွဲရန် အားပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ပြင်ဆင်မြှင့်တင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ အင်္ဂလိပ်စာနှင့် အိုင်စီတီ သင်ယူတတ်မြောက်မှု အားပေးခြင်း၊ တက္ကသိုလ်၏ အသက်သွေးကြောဖြစ်သော ဒေသအကျိုးပြု၊ ပြည်ထောင်စုအကျိုးပြုသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်မှု၊ သုတေသန ဆွေးနွေးပွဲများ၊ သုတေသန ညီလာခံများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ သုတေသန ဂျာနယ်များတွင် အရည်အသွေးရှိသော သုတေသနစာတမ်းများရေးသားမှု အားပေးပံ့ပိုးခြင်း၊ နိုင်ငံခြားပညာသင်/ညီလာခံ/ အလုပ်ရုံ ဆွေးနွေးပွဲများ အားပေးစေလွှတ်ခြင်း၊ Science Fair, Science and Technology Fair, Job Fair များ၊ University–Industry Partnership, IQA အားပေးပံ့ပိုးခြင်း၊ ဒေသအကျိုးပြု ကာလတိုသင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဒေသအကျိုးပြု ပုံမှန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ လွိုင်ကော် တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ဟားခါးတက္ကသိုလ်တို့တွင် ဥပဒေပညာဘွဲ့သင်တန်းဖွင့်ပေးခြင်း၊ စစ်တွေတက္ကသိုလ်တွင် အဏ္ဏဝါသိပ္ပံဘွဲ့သင်တန်း၊ ဟားခါးတက္ကသိုလ်တွင် အင်ဂျင်နီယာဘွဲ့နှင့် ကွန်ပျူတာဘွဲ့ သင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

### ကမ္ဘာ့အဆင့် ၉၇၂ သို့ တိုးတက်လာခဲ့

ရန်ကုန်တက္ကသိုလ်တွင် ငါးလုပ်ငန်း ပညာဘွဲ့သင်တန်း၊ ရေနှင့် သဘာဝပတ်ဝန်းကျင် ပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် မြစ်၊ ချောင်း၊ အင်းအိုင် ပေါများခြင်းနှင့် ရှည်လျားသော ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့်အညီ ရေနှင့်ပတ်သက်ပြီး ကမ္ဘာ့ထိပ်တန်းဖြစ်စေရေး ဦးတည်ကာ ရေနှင့် သဘာဝပတ်ဝန်းကျင်ပညာသင်တန်းများကို အားပေးဖွင့်လှစ်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ၂၀၂၀ ပြည့်နှစ်အထိ ကာလတိုသက်မွေးသင်တန်းပြီးသူ စုစုပေါင်း ၄၁၇၀၇ ဦးရှိ၍ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ မတ်လအထိ ကာလထက် ၃၆၃၈၁ ဦး ပိုမိုလာခြင်း၊ နည်းပညာအထက်တန်းပြီးသူ စုစုပေါင်း ၁၀၁၈၉ ဦး ရှိ၍ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ မတ်လအထိ ကာလထက် ၆၀၄၀ ပိုမိုလာခြင်း၊ စက်မှုလက်မှုသိပ္ပံ/ကောလိပ်များမှ ဒီပလိုမာရသူ စုစုပေါင်း ၇၅၁၅ ဦး ရှိ၍ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ မတ်လအထိ ကာလထက် ၆၇၀၇ ဦး ပိုမိုလာခြင်း၊ ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ၂၀၂၀ ပြည့်နှစ်အထိ တက္ကသိုလ်ကျောင်းသားဦးရေ စုစုပေါင်း ၃၆၆၇၄၆၀ ရှိလာ၍ ၂၀၁၁ ခုနှစ် မှ ၂၀၁၆ ခုနှစ်၊ မတ်လအထိ ကာလထက် ၁၃၀၄၁၇၄ ဦး ပိုမိုလာခြင်း၊ ဘွဲ့ရဦးရေ စုစုပေါင်း ၆၀၃၄၄၉ ဦး ရှိလာ၍ ၂၀၁၁ ခုနှစ် မှ ၂၀၁၆ ခုနှစ်၊ မတ်လအထိ ကာလထက် ၂၄၄၂၆ ဦး ပိုမိုလာခြင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းရေးသားမှု စုစုပေါင်း ၂၂၅၂ စောင်ရှိ၍ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ မတ်လအထိ ကာလထက် ၉၃၈၅ စောင် ပိုမိုလာခြင်း၊ ရန်ကုန်တက္ကသိုလ်က ၂၀၁၆ ခုနှစ်၌ ကမ္ဘာ့အဆင့် ၁၃၀၇၂ ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင့် ၇၁၁၆ သို့တိုးတက်လာခဲ့သလို မန္တလေးတက္ကသိုလ်မှာလည်း ၂၀၁၆ ခုနှစ်၌ ကမ္ဘာ့အဆင့် ၂၀၇၀၁ ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင့် ၉၇၂၂ သို့ တိုးတက်လာခဲ့ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

ထို့အပြင် ကျောင်းသားကျောင်းသူများနှင့် တိုင်းရင်းသားပြည်သူများကို စိန်ခေါ်နေသည့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး၊ အရက်၊ ဘီယာအန္တရာယ် ကာကွယ်တားဆီးရေး၊ ဆေးလိပ်အန္တရာယ်ကာကွယ်တားဆီးရေး၊ ယာဉ်နှင့် လမ်းလုံခြုံမှုရှိရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံမြှင့်တင်ရေး၊ မျိုးဆက်ပွား ကျန်းမာရေး အသိပညာပေးရေး၊ ဂိမ်းစွဲလမ်းမှု လျော့နည်းရေးတို့ကိုလည်း အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တို့တွင် ဆက်စပ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်

ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာ၌ အရည်အသွေးရှိသော ပညာရေးတွင် သင်ယူခြင်း (Lear–ning) သည် တန်ဖိုးမဖြတ်နိုင်သော အနန္တရတနာသိုက်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသားပညာအရည်အချင်းမူဘောင် (National Qualification Framework – NQF) သည် တစ်သက်တာသင်ယူမှုအတွက် အရေးကြီးပါကြောင်း၊ မူလတန်းသင်ယူပြီးမြောက်လျှင် Level – 1 ဖြစ်ပါကြောင်း၊ အလယ်တန်း သင်ယူပြီးမြောက်လျှင် Level – 2 ဖြစ်ပါကြောင်း၊ အထက်တန်း သင်ယူပြီးမြောက်လျှင် Level – 3 ဖြစ်ပါကြောင်း၊ Level – 4 သည် Short Cycle တစ်နှစ်အထိ ကာလတိုသင်တန်းလေးများဖြစ်ပြီး တက္ကသိုလ်တိုက်ရိုက်တက်၍မရသော်လည်း Level – 5 ကို ကူးပြောင်းသင်ယူ၍ရပါကြောင်း၊ Level – 5 သည် Short Cycle တစ်နှစ်ကနေ နှစ်နှစ်အထိရှိသည့် ဒီပလိုမာသင်တန်း၊ အဆင့်မြင့်ဒီပလိုမာ သင်တန်းများဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက Level – 6 သို့ ဆက်လက်ကူးပြောင်းသင်ယူ၍ရပါကြောင်း၊ Level – 6 သည် Bachelor Degree ဖြစ်ပြီး Level – 3 မှ Level – 4 နှင့် Level – 5 ကို ခုန်ကျော်ကာ Level – 6 သို့ တိုက်ရိုက်တက်ရောက် ပညာသင်ယူနိုင်ရန်မှာ အင်္ဂလန်တွင် GCE– A စာမေးပွဲ၊ USA တွင် SAT၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဂေါင်းဂေါင်၊ ဂျပန်တွင် National Examination ကဲ့သို့ မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (Matriculation Examination) သည် Level – 3 မှ Level – 6 တက္ကသိုလ်သို့ တိုက်ရိုက်ခုန်တက်နိုင်ရေး ကျောင်းသား ကျောင်းသူအားလုံးအတွက် တရားမျှတသော စစ်ဆေးအကဲဖြတ်ခြင်းဖြစ်ပါကြောင်း၊ Level – 7 သည် မဟာဘွဲ့ ဖြစ်ပြီး Level – 8 သည် ပါရဂူဘွဲ့ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ မသင်မနေရ အခြေခံပညာရေး အဆင့်ပေါ်မူတည်ပြီး Level အဆင့် သတ်မှတ်ချက်မတူညီသဖြင့် ဂုဏ်သိက္ခာရှိသော ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိရန်အတွက် Level သတ်မှတ်ချက်များ၊ Credit Transfer System သတ်မှတ်ချက်များနှင့်အညီ တစ်သက်တာ သင်ယူမှုအခွင့်အလမ်းများ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရန်သည် အရေးကြီးပါကြောင်း၊ တစ်သက်တာသင်ယူမှု အခွင့်အလမ်းများ ဖြည့်ဆည်းပေးရာတွင် Internal Quality Assurance နှင့် External Quality Assurance, Accre–ditation များဖြင့် လူငယ်များအတွက် High Level Skills များရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်က ပညာရေးတွင် အားပေးရင်းနှီးမြှုပ်နှံနေသည့်အတွက် မည်သည့်ပေးခြင်း ယူခြင်းမျှ လုံးဝခွင့်မပြုပါကြောင်း၊ နိုင်ငံတော်က ပညာရေးတွင် နှစ်စဉ် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်၍ ပံ့ပိုးဖြည့်ဆည်းပေးနေသဖြင့် ပြည်သူ့ဘဏ္ဍာများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများကို အလေအလွင့်မရှိစေဘဲ အကျိုးရှိထိရောက် ပွင့်လင်းမြင်သာစွာ အသုံးပြုရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အခြေခံပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ မေးမြန်း၊ ဆွေးနွေး၊ အကြံပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

မနက်ဖြန် အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးအနည်းငယ်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့၊ မိုင်းယန်းမြို့နှင့် ဟားခါးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ မချမ်းဘောမြို့၊ ကျောက်မဲမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုကလေး

စိန်မောင်တင်

*ယမန်နေ့မှအဆက်*

တိုင်းရင်းသားလူမျိုးများ စာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ-ရန်ကုန်)က နှစ်စဉ် ဦးစီး ဆောင်ရွက်သည့် တိုင်းရင်းသား လူမျိုးပေါင်းစုံ တွေ့ဆုံပွဲကို အပန်းဖြေရိပ်သာအောက်ရှိ ဘတ်စကက်၊ ဘော်လီဘော၊ ခြက်တောင်အားကစားကွင်း၌ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီအသီးသီးမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပါဝင်စေလျက် ကျင်းပခဲ့သည်။ ထိုသို့ ကျင်းပရာတွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ၍ တက်ရောက်လာသူများ အချင်းချင်း လက်ဆောင်ပစ္စည်းများ လဲလှယ်မှုပြုလုပ်သည်။ ထို့ပြင်တိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား ရောနှောပေါင်းစည်းလျက် အဖွဲ့များဖွဲ့၍ ပျော်ရွှင်စရာကစားနည်းပေါင်းစုံဖြင့် ကစားကြပါသည်။ ထိုသို့ ကျင်းပပေးခြင်းဖြင့် တိုင်းရင်းသားလူမျိုး ကျောင်းသား ကျောင်းသူ လူငယ်များအချင်းချင်း ပိုမိုနားလည်၍ ရင်းနှီးချစ်ခင်သွားကြသည်။ တစ်နည်းအားဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အတိုင်းအတာတစ်ရပ်အထိ အထောက်အကူပြုခဲ့သည်မှာ မြေကြီးလက်ခတ် မလွဲပေ။ သို့ဖြစ်၍ ဆရာကြီး ဦးတင်ဇေ (ရှမ်းပြည်)က ရန်ကုန်တက္ကသိုလ်နယ်မြေကို "ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုကလေး" ဟု မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။



၁၉၇၃ ခုနှစ်က ထုတ်ဝေခဲ့သော တိုင်းရင်းသား စာစောင်၌ ပါဝင်သော တိုင်းရင်းသားများ စာပေနှင့်ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ-မန္တလေး) ၏ အမှုဆောင်များ။

အဆိုပါ တိုင်းရင်းသားလူမျိုးများ စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ (တက္ကသိုလ်များ- ရန်ကုန်) သည် ၁၉၈၅ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကော်မတီကြီး၏ နှစ်(၂၀)ပြည့် အထိမ်းအမှတ် ညစာထမင်းစားပွဲနှင့်ပဒေသာကပွဲကို ပညာရေးတက္ကသိုလ်၊ အတွင်းမြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထိုသို့ကျင်းပနိုင်ရေးအတွက် ထိုစဉ်ကပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးသောင်းထွဋ် (ကွယ်လွန်) (နောင်တွင် ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန) သည် အဘက်ဘက်မှ ကူညီပေးခဲ့သည်ကို မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။

အဆိုပါကော်မတီကြီးသည် ၁၉၈၈ ခုနှစ်တွင် ခေတ္တရပ်ဆိုင်းသွားသော်လည်း ၁၉၉၃ ခုနှစ် နှစ်ဦးပိုင်း၌ ပြန်လည်ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နိုင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သော ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ပွဲတော်၌ အဆိုပါကော်မတီကြီးသည် တက္ကသိုလ် စာအုပ်ဆိုင်ရှေ့၌ ကျင်းပသော ပဒေသာကပွဲတွင် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ စာပေနှင့် ယဉ်ကျေးမှုကော်မတီအလိုက် တက်ကြွ ပျော်ရွှင်ကြည်နူးစွာ ပါဝင်တင်ဆက်သီဆိုကပြ ဖျော်ဖြေခဲ့ကြသည်။ စိန်ရတုခန်းမအဆောက်အဦ၏ ပတ်လမ်းတစ်လျှောက် အခြားသော တက္ကသိုလ်၊ ကောလိပ်အသင်းအဖွဲ့များနည်းတူ ကော်မတီအလိုက် ဒေသထွက် အသီးအနှံများ၊ ထုတ်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ အသုံးအဆောင်များ၊ ရိုးရာအစားအစာများကို ပါဝင်ရောင်းချဆင်နွှဲခဲ့ကြသည်။

အဆိုပါ တိုင်းရင်းသားလူမျိုးများ စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ (တက္ကသိုလ်များ-ရန်ကုန်)သည် တစ်ခုသော ပြည်ထောင်စုနေ့ ပဒေသာကပွဲကျင်းပရာ၌ အဖွင့်သီချင်းအဖြစ် အဆိုတော်ကြီး ဒေါ်မာမာအေး၏ "ဒို့ပြည်ထောင်စုသား" သီချင်းနှင့် အပိတ်သီချင်းအဖြစ် အဆိုတော် ရုပ်ရှင်မင်းသားကြီး ဦးမြတ်လေး၏ " ပန်းတိုင်းပွင့်ပါစေ" သီချင်းများကိုသက်ဆိုင်ရာ တိုင်းရင်းသား ကျောင်းသား ကျောင်းသူ လူမျိုးအလိုက် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးစီဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ရသည်။ ထိုသို့ တင်ဆက်နိုင်ရန် ဦးမြသန်း (ကွယ်လွန်)ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်၊ (ရန်ကုန်တက္ကသိုလ်၊ သချ်ာဌာန၊ ပါမောက္ခဆရာကြီး ဦးအောင်လှ (ကွယ်လွန်) နှင့် ရုပ်ရှင်မင်းသမီးကြီး အေဝမ်းမေသန်း (ဒေါ်မေသန်း) (ကွယ်လွန်)တို့၏ သားကြီးဖြစ်သူ)က စန္ဒရားဖြင့် အချိန်တစ်လခန့် ညစဉ်ညတိုင်း အဆိုပါ သီချင်း သီဆိုမည့် တိုင်းရင်းသား ကျောင်းသား ကျောင်းသူများကို သီချင်းတိုက်ပေးခဲ့ရသည်မှာ ဘဝတာခရီးလမ်းတွင် အဆိုပါ ကျောင်းသား ကျောင်းသူများနှင့် အတူ အမှတ်တရဖြစ်စေခဲ့ပါသည်။ သို့ရာတွင် တိုင်းရင်းသားလူမျိုးများ စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီ(တက္ကသိုလ်များ- ရန်ကုန်)သည် ၁၉၉၇ ခုနှစ် နှောင်းပိုင်းကာလ၌ အကြောင်းကြောင်းကြောင့် ရပ်နားသွားခဲ့ရပေသည်။

အဆိုပါ ကော်မတီကြီး၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၁။ ဦးတင်ဇေ (ရှမ်းပြည်) (ကွယ်လွန်) စာတည်းမှူး (ဌာနမှူး)၊ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန။ (နောင်တွင် နိုင်ငံတော်ကောင်စီဝင်)။ (ရှမ်း)

*စာမျက်နှာ ၇ သို့*



၁၉၇၃ ခုနှစ်က ထုတ်ဝေခဲ့သော တိုင်းရင်းသား စာစောင်၌ ပါဝင်သော တိုင်းရင်းသားများ စာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ မြစ်ကြီးနားကောလိပ်၏ အမှုဆောင်များ။



(၃၁) နှစ်မြောက် ပြည်ထောင်စုနေ့ ပဒေသာကပွဲကို ဆေးတက္ကသိုလ် (၁) လိပ်ခုံး (ရန်ကုန်)၌ ကျင်းပပြီးနောက် ဥက္ကဋ္ဌ-ဦးထွန်းအောင်ချိန်၊ ဒုတိယဥက္ကဋ္ဌ -ဦးဆွမ်လွတ်နော် (ကွယ်လွန်)၊ ကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ ဆပ်ကော်မတီအတွင်းရေးမှူးများ စင်မြင့်ပေါ်၌ တွေ့ရပုံ။



တိုင်းရင်းသားများ စာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ-ရန်ကုန်)က ၁၉၇၃ ခုနှစ်က ထုတ်ဝေခဲ့သော တိုင်းရင်းသားစာစောင်။




ပအိုဝ်း တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီက ထုတ်ဝေခဲ့သော မဂ္ဂဇင်း မျက်နှာဖုံးပုံ။

**"တိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား ရောနှောပေါင်းစည်းလျက် အဖွဲ့များဖွဲ့၍ ပျော်ရွှင်စရာကစားနည်းပေါင်းစုံဖြင့် ကစားကြပါသည်။ ထိုသို့ ကျင်းပပေးခြင်းဖြင့် တိုင်းရင်းသားလူမျိုး ကျောင်းသား ကျောင်းသူ လူငယ်များ အချင်းချင်း ပိုမိုနားလည်၍ ရင်းနှီးချစ်ခင်သွားကြသည်။ တစ်နည်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အတိုင်းအတာတစ်ရပ်အထိ အထောက်အကူပြုခဲ့သည်မှာ မြေကြီးလက်ခတ် မလွဲပေ။ သို့ဖြစ်၍ ဆရာကြီး ဦးတင်ဇေ (ရှမ်းပြည်)က ရန်ကုန်တက္ကသိုလ်နယ်မြေကို "ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုကလေး" ဟု မှတ်ချက်ပြုခဲ့ခြင်းဖြစ်"**

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး

*စာမျက်နှာ ၆ မှ*

၂။ ဒေါက်တာအောင်ကြီး၊ ပါမောက္ခချုပ် (အငြိမ်းစား)၊ ရန်ကုန်စက်မှုတက္ကသိုလ်။ ယခု Nepean မြို့၊ Ontario State, Canada။ (ဗမာ)

၃။ ဦးထွန်းအောင်ချိန်၊ ပါမောက္ခ၊ ဌာနမှူး (အငြိမ်းစား)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်။ (နောင်တွင် ဒုတိယဥက္ကဋ္ဌ၊ မြန်မာ့သမိုင်းအဖွဲ့)။ (ကရင်)

၄။ ဦးရဲလျှံစွမ်း၊ ပါမောက္ခ၊ ဌာနမှူး၊ သစ်တောပညာဌာန၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ (နောင်တွင် ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ သစ်တောသုတေသနဦးစီးဌာန)၊ ယခု Seattle မြို့၊ Washington State, U.S.A.)။ (ချင်း)

၅။ ဦးကျော်မြသိန်း၊ (ကွယ်လွန်)၊ ကျောင်းအုပ်ကြီး၊ လုပ်သားများ ကောလိပ် (နောင်တွင် ဒုတိယပါမောက္ခချုပ် (အငြိမ်းစား)၊ ကွန်ပျူတာတက္ကသိုလ်)။ (ရခိုင်)

၆။ ဦးကောင်းညွန့် (ကွယ်လွန်)၊ ပါမောက္ခချုပ် (အငြိမ်းစား)၊ ဒဂုံတက္ကသိုလ်၊ (နောင်တွင် အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့)။ (ဗမာ)

၇။ ဒေါက်တာသိန်းလှိုင်၊ ပါမောက္ခ၊ ဌာနမှူး (အငြိမ်းစား)၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာန၊ ရန်ကုန်စက်မှုတက္ကသိုလ်။ (ရခိုင်)

အဆိုပါကော်မတီကြီး၏ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

၁။ ဦးစိုးသိန်း (ကွယ်လွန်)၊ ဌာနမှူး၊ အထက်တန်းပညာဦးစီးဌာန၊ (နောင်တွင် ကျောင်းအုပ်၊ ပဲခူးတိုင်း ဒေသကောလိပ်၊ ဌာနမှူး (စီမံ)(အငြိမ်းစား)၊ ကွန်ပျူတာတက္ကသိုလ်)။ (ဗမာ)

၂။ ဦးအမ်ဇော်နန်း၊ (ကွယ်လွန်)၊ နည်းပြ၊ ဘောဂဗေဒဌာန၊ စီးပွားရေး တက္ကသိုလ်၊ (နောင်တွင်ဗဟိုကော်မတီဝင်၊ လမ်းစဉ်လူငယ်စည်းရုံးရေးဗဟိုကော်မတီ)။ (ကချင်)

၃။ ဦးစောစံကီး၊ သရုပ်ပြ၊ ရူပဗေဒဌာန၊ ပညာရေးတက္ကသိုလ်၊ (နောင်တွင် မော်ကွန်းထိန်း၊ ကရင်ပြည်နယ်ဒေသကောလိပ်) (အငြိမ်းစား)။ (ကရင်)

၄။ ဦးသာဦး (ကွယ်လွန်)၊ နည်းပြ၊ မြန်မာစာဌာန၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ (နောင်တွင် ပါမောက္ခချုပ် (အငြိမ်းစား)၊ ပင်လုံတက္ကသိုလ်)။ (ရှမ်း/အင်းသား)

၅။ ဦးခင်မောင်ချို၊ နည်းပြ၊ ဒဿနိကဗေဒဌာန၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ (နောင်တွင် တာဝန်ခံ ပါမောက္ခချုပ် (အငြိမ်းစား)၊ ဟသ်ာတတက္ကသိုလ်)။ (ဗမာ)

၆။ ဒေါက်တာဘရွှေ၊ ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်၊ (နောင်တွင် ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန (အငြိမ်းစား))။ (ရခိုင်)



ပြည်ထောင်စုနေ့အကြို နိုင်ငံတော်အလံသယ်ယူရေးတာဝန်၌ ပါဝင်ဆောင်ရွက်ခဲ့ကြသော တက္ကသိုလ်တိုင်းရင်းသား ကျောင်းသား ကျောင်းသူ များအား မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ တွေ့ရပုံ။

အဆိုပါကော်မတီကြီး၏ တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

၁။ ဦးသန့်ဇင် (ကွယ်လွန်) ဖော်ပြပြီး။ (ဗမာ)

၂။ ဦးအမ်ဇော်နန်း (ကွယ်လွန်) ဖော်ပြပြီး။ (ကချင်)

၃။ ကိုခင်အောင်၊ စတုတ္ထနှစ်၊ ဒဿနိကဗေဒ။

၄။ ဦးခင်မောင်ချို၊ ဖော်ပြပြီး။ (ဗမာ)

၅။ ဦးသာဦး (ကွယ်လွန်) ဖော်ပြပြီး။ (ရှမ်း/အင်းသား)

၆။ ဦးမြင့်ဝေ၊ သရုပ်ပြ၊ ရူပဗေဒဌာန၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ (နောင်တွင် ကထိက (အငြိမ်းစား)၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)။ (ကယား)

၇။ ဦးတင်ဝင်း (ကွယ်လွန်)၊ လက်ထောက်ကထိက၊ နိုင်ငံရေးသိပ္ပံဌာန၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၊ နောင်တွင် ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်။ (ဗမာ)

၈။ ဦးခွန်ရာဇာ၊ ကထိက၊ ဌာနမှူး၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)။ (ပအိုဝ်း)

၉။ ဦးစိုင်းခမ်းမိုင်း၊ ကထိက၊ နိုင်ငံတကာ ဆက်ဆံရေးပညာဌာန၊ ရန်ကုန်တက္ကသိုလ်။ (ရှမ်း)

၁၀။ ဒေါက်တာဘရွှေ၊ ဖော်ပြပြီး။ (ရခိုင်)

၁၁။ တန်- နန်းလျန်ထန်၊ စတုတ္ထနှစ် (ဒဿနိကဗေဒ) (နောင်တွင် ဥက္ကဋ္ဌ၊ ချင်းအမျိုးသားတပ်ဦး- အမျိုးသားအပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ၌ လက်မှတ်ရေးထိုးသူ-ယခု- Portland မြို့၊ Oregon State, U.S.A.)။ (ချင်း)

၁၂။ ကိုကျော်ငွေး၊ စတုတ္ထနှစ် (ဒဿနိကဗေဒ)၊ (ယခု-ဆစ်ဒနီမြို့၊ ဩစတြေးလျနိုင်ငံ)။ (ဗမာ)

**မှတ်ချက် ။** ။ တိုင်းရင်းသားလူမျိုးများ စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီ (တက္ကသိုလ်များ- ရန်ကုန်)၏ ပြန်ကြားရေးမှူးအဖြစ် – ကိုသန်းဦး၊ မဟာဝိဇ္ဇာ နောက်ဆုံးနှစ် အပိုင်း (က) (ဒဿနိကဗေဒ)၊ (ယခု-မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်)။ (ဗမာ) သည် တာဝန်ယူခဲ့သည်။

အထက်ပါ တိုင်းရင်းသားလူမျိုးများ စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ (တက္ကသိုလ်များ- ရန်ကုန်) ၏ ရုံးခန်းအဖြစ် ရန်ကုန်တက္ကသိုလ်၊ အပန်းဖြေရိပ်သာ (Recreation Center) ရှိ ဆိတ်ငြိမ်ခန်းမ (Quiet Lounge) အခန်း (အားကစားမှူးရုံးခန်းနှင့် အနုပညာအသင်းရုံးခန်း အကြားနေရာ) ကို ၁၉၆၇– ၁၉၇၀ ပညာသင်နှစ်ကာလ ကော်မတီကြီး ဖွဲ့စည်းစဉ်ကပင် အသုံးပြုရန် ပေးအပ်ခဲ့ပါသည်။ နောင်သောအခါ အရေးအခင်းကာလပေါင်းစုံ ဖြတ်သန်းခဲ့ရသဖြင့် အခန်းတွင်းရှိ စာရွက်စာတမ်း၊ မှတ်တမ်းများ၊ ဓာတ်ပုံများ တိုင်းရင်းသားအသီးသီး၏ ပန်းချီကားများသည် ပျက်စီး၊ ပျောက်ဆုံးခြင်းတို့ကြောင့် ဆုံးရှုံးခဲ့ရပါသည်။ ယခုအခါ ထိုအခန်း၌ ရန်ကုန်တက္ကသိုလ်အနုပညာအသင်း အခန်းအဖြစ် ဖွင့်လှစ်ထားသည်။



တိုင်းရင်းသားလူမျိုးများ ရိုးရာအစားအစာရောင်းချပွဲ (၂၉–၀၁–၁၉၈၇) ဖွင့်ပွဲ၌ ဥက္ကဋ္ဌ ဦးကျော်မြသိန်း (ကွယ်လွန်) နှင့် တိုင်းရင်းသား ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အမှတ်တရ စုပေါင်းရိုက်ကူးထားပုံ။

ထို့ပြင် အဆိုပါ ကော်မတီကြီးနှင့် တိုင်းရင်းသားကော်မတီ အသီးသီးတို့သည် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ကြရာတွင် လိုအပ်သော ရန်ပုံငွေများကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေခဲ့ကြရသည်။ နှစ်စဉ်ပို့စကတ်များ၊ ပြက္ခဒိန်များ၊ အစားအစာရောင်းချပွဲများ ပြုလုပ်ရောင်းချခြင်းတို့ဖြင့် ပင်ပန်းခက်ခဲစွာရှာဖွေ၍ ကျစ်လျစ်စွာ သုံးစွဲခဲ့ကြရသည်။ ထိုသို့ ရန်ပုံငွေရှာဖွေသုံးစွဲရသည့် ဗဟိုကော်မတီကြီးနှင့် သက်ဆိုင်ရာလူမျိုးအလိုက် ဖွဲ့စည်းထားသော ကော်မတီအသီးသီးတို့သည် ရန်ပုံငွေမလုံလောက်ပါက အလုပ်အမှုဆောင် အတွင်းရေးမှူးများ၊ အမှုဆောင်များက မိမိတို့ကိုယ်ပိုင်ငွေများကို စိုက်ထုတ်သုံးစွဲခဲ့ကြရသည်။ ဤသို့အားဖြင့် စေတနာသဒ္ဓါစိတ်အပြည့်ဖြင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးအတွက် ယုံကြည်မှုသန္နိဋ္ဌာန်၊ စွဲမြဲသောလုံ့လ၊ ဝီရိယတို့ အခြေတည်၍ လုပ်ငန်းဆောင်တာ လှုပ်ရှားမှု အရပ်ရပ်ကို နှစ်ပေါင်း ၃၀ ကျော် ကာလတိုင် ဆောင်ရွက်ခဲ့ကြပါသည်။

## မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေး

ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုကလေးဖြစ်သော တက္ကသိုလ်နယ်မြေတွင် နှစ်စဉ်နှစ်တိုင်း ကျောင်းပြီးသွားသည့် ကျောင်းသား ကျောင်းသူဟောင်းများသည် ကျောင်းများမှ ထွက်ခွာ၍ လုပ်ငန်းခွင်သို့ ရောက်ရှိသွားကြသည်။ တစ်ဖန် ကျောင်းများသို့ စတင်ဝင်ရောက်လာသော ကျောင်းသားကျောင်းသူအသစ်များသည် သွေးသစ်လောင်းသည့်အနေဖြင့် ခွန်အားအပြည့်ဖြင့် ပညာဆည်းပူးလေ့လာရန် ရောက်ရှိလာကြသည်။ မျိုးဆက်ဟောင်းများက လက်ဆင့်ကမ်းခဲ့သည့် ပြည်ထောင်စုကြီးအတွက် တိုင်းရင်းသားလူငယ်များတွေ့ဆုံ၍ စုပေါင်းဆောင်ရွက်သည့် သွေးစည်းညီညွတ်ရေးစိတ်ဓာတ်နှင့် အလေ့အကျင့်ကောင်းများကို မျိုးဆက်သစ်များက ဆက်လက်ကိုင်စွဲကျင့်သုံး၍ အနာဂတ်အတွက် အခြေခံကောင်းများ ချမှတ်ခဲ့ကြသည်။ ဤသို့ဖြင့် ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုကလေးဖြစ်သည့် တက္ကသိုလ်နယ်မြေသည် တိုင်းရင်းသားလူမျိုး အသီးသီး၏ ရင်နှစ်သည်းချာ လူငယ်များ စုဝေးရောက်ရှိ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းလျက် အနာဂတ် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ထောင်ရေးအတွက် စာပေနှင့် ယဉ်ကျေးမှုနည်းလမ်းအား အခြေခံလျက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်လျက်ရှိကြသည်။

နိဂုံးချုပ်အနေဖြင့် တိုင်းရင်းသားလူမျိုးများ စာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီ (တက္ကသိုလ်များ- ရန်ကုန်) နှင့် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးအသီးသီး၏ စာပေနှင့် ယဉ်ကျေးမှုကော်မတီများ၏ ကြီးမားမွန်မြတ်သော မျှော်မှန်းချက်သည် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားပို့ချခြင်း၊ လေ့လာသင်ယူခြင်း ပြုလုပ်နိုင်မည့်ကျောင်း၊ သိပ္ပံ၊ တက္ကသိုလ်တို့ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ထူထောင်ဖွင့်လှစ်ရေးပင်ဖြစ်သည်။ ထို့အပြင် အဆိုပါကျောင်း၊ သိပ္ပံ၊ တက္ကသိုလ်တို့၌ ပြတိုက်များကို တစ်ပါတည်းပူးတွဲဖွင့်လှစ်နိုင်ရေးပင် ဖြစ်ပါသည်။ အဆိုပါ မျှော်မှန်းချက်ကြီးသည် အကောင်အထည်ဖော်နိုင်ခဲ့ပါက အနာဂတ်ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းဖြစ်တည်လာရေးအတွက် ကြီးမားသော အထောက်အကူပြုစေမည်ဟု အလေးအနက် ယုံကြည်ကြောင်းကို တင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

**၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တို့ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။**

## နိုင်ငံတော်သမ္မတထံသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာအစိုးရနှင့် ပြည်သူများအား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက် ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နွေးထွေးကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုကို မျှဝေခံစားကြလျက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် လာမည့်နှစ်များအတွင်း ပိုမိုခိုင်မာလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ အထူးသဖြင့် မိမိတို့ အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ယခုနှစ်အတွင်း ဘရူနိုင်းနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား အရေးပါသည့် ချစ်ကြည်ရင်းနှီးမှုကို နှစ်နိုင်ငံအကြားတွင်သာမက ဒေသတွင်း မိတ်ဖက်နိုင်ငံများအဖြစ် ပိုမိုမြှင့်တင်သွားနိုင်ရန် မျှော်လင့်ထားပါသည်။

အဆွေတော်နှင့်တကွ မြန်မာအစိုးရနှင့် ပြည်သူများ ကျန်းမာပျော်ရွှင်စေရန် ဆုမွန်ကောင်း ပို့သအပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ ဘာရိန်းနိုင်ငံ၊ ဘုရင် ဟာမဒ် ဘင် အီဆာ အယ်လ်-ခါလီဖာ ထံမှပေးပို့လာသော လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဘာရိန်း ပြည်သူပြည်သားများ ကိုယ်စား မိမိမှ နှုတ်ခွန်းဆက်သအပ်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ဆက်လက်၍ ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် အဆွေတော်၏ အမြော်အမြင်ရှိသော ဦးဆောင်မှုအောက်တွင် မြန်မာပြည်သူပြည်သားများ ပိုမိုတိုးတက် သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ ဆွစ်ဇာလန်နိုင်ငံ၊ သမ္မတ ဂိုင် ပါမီလင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ အတွက် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သ အပ်ပါသည်။

ဆွစ်ဇာလန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန်ယုံကြည်မှုကို အခြေခံသည့် ကာလရှည်ကြာပြီဖြစ်သော နှစ်နိုင်ငံဆက်ဆံရေးကို ထူထောင် ခံစားလျက်ရှိကြပါသည်။ ယခုကဲ့သို့ ကမ္ဘာတစ်ဝန်း အခက်အခဲနှင့် ရင်ဆိုင် ကြုံတွေ့နေရချိန်တွင် ဖက်ဒရယ်ကောင်စီကိုယ်စား မိမိအနေဖြင့် မြန်မာနိုင်ငံ နှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်ကြောင်း ဖော်ပြလိုပါသည်။ မြန်မာ-ဆွစ်ဇာလန် ပူးပေါင်းဆောင်ရွက်မှု (၂၀၁၉-၂၀၂၃) အစီအစဉ်အရ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းအားထုတ်မှုများတွင် ဆွစ်ဇာလန်နိုင်ငံမှ ဆက်လက်၍ အကူအညီများ ပေးအပ်သွားမည် ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ လုပ်ငန်းစဉ်အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး၊ အထွေထွေရွေးကောက်ပွဲ ငြိမ်းချမ်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် အဆွေတော်နှင့် မြန်မာ ပြည်သူပြည်သားများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတောင့်တင်းခိုင်မာစေရန် ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်းနှင့် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် အစဉ်ချစ်ကြည် အလေးထားလျက် ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ သမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေး နေ့ အခါသမယတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား မိမိက နွေးထွေးစွာ ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာနှင့် ရာစုနှစ်များစွာ တည်တံ့ခဲ့သော ယဉ်ကျေးမှု တူညီမှုများက သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့အကြား ကာလရှည်ကြာ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ခိုင်မြဲစွာ စည်းနှောင် ထားပါသည်။ သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့အကြား ရာစုနှစ်များစွာ ရှင်သန်ခဲ့သည့် နက်ရှိုင်းသော ချစ်ကြည်မှုသည် မကြာသေးမီနှစ်များအတွင်း ပိုမိုမြင့်မားသောအဆင့်သို့ တက်လှမ်းလာခဲ့ပါသည်။ သီရိလင်္ကာနိုင်ငံ၌ ၁၈၀၃ ခုနှစ်နှင့် ၁၈၆၅ ခုနှစ်တို့တွင် အမရပူရ နိကာရနှင့် ရာမန္နနိကာရတို့ကို တည်ထောင်ခဲ့မှုသည် နှစ်နိုင်ငံ ဆက်ဆံရေး အမြင့်ဆုံးအဆင့်သို့ ရောက်ရှိ ခဲ့သည့် အထောက်အထားများ ဖြစ်ပါသည်။ နှစ်နိုင်ငံ အပြန်အလှန် အကျိုး ဖြစ်ထွန်းစေရေးအတွက် လာမည့်နှစ်များတွင်လည်း ရှိရင်းစွဲဆက်ဆံရေး ဆက်လက်တိုးတက်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများ ပျော်ရွှင်မှုနှင့် သာယာဝပြောမှုတို့ကို ဆက်လက်ရရှိပါစေကြောင်း မိမိက ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ ဆားဘီးယားသမ္မတနိုင်ငံ၊ သမ္မတ အဲလက်ဇန္ဒြား ဗူစစ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ တွင် ဆားဘီးယား ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများ ဆတက်ထမ်းပိုး ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

ဆယ်စုနှစ်များစွာ အခွန့်ရှည်လျက်ရှိသည့် မြန်မာ-ဆားဘီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် ဘက်မလိုက်လှုပ်ရှားမှု၏ အခြေခံမူများအပေါ်တွင် အခြေပြုထားပြီး အထူးအလေးထားသော အပြန်အလှန်လေးစားမှုနှင့် တန်ဖိုးထားမှုတို့ဖြင့် ဖော်ညွှန်းလျက်ရှိပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်တွင် ကျရောက်သည့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ် (၇၀) ပြည့် အခါသမယမှသည် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်အားလုံး၌ အရည်အသွေးပြည့်ဝသည့် ပူးပေါင်းဆောင်ရွက်မှုတို့အား ဆက်လက်၍ မြှင့်တင်နိုင်လိမ့်မည်ဟု မိမိအနေဖြင့် ခိုင်မာစွာယုံကြည်ပါသည်။

ဆားဘီးယားသမ္မတနိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာကို လေးစားသော မြန်မာနိုင်ငံ၏ ရပ်တည်ချက်အား အထူးတန်ဖိုးထား ကျေးဇူးတင်ရှိပြီး အဆိုပါရပ်တည်ချက်သည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အခြေခံစည်းမျဉ်းများနှင့် ကုလသမဂ္ဂပဋိညာဉ် စာတမ်းတို့ကို ကာကွယ် စောင့်ရှောက်ခြင်းသာမက နှစ်နိုင်ငံအကြား တည်ရှိသော စည်းလုံးညီညွတ်မှုနှင့် အစဉ်လာမပျက် ကောင်းမွန်သော ချစ်ကြည်ရင်းနှီးမှုတို့ကို ခိုင်မာစေခြင်း ဖြစ်သည်ဟု ဆားဘီးယားအနေဖြင့် မှတ်ယူထားပါသည်။

အဆွေတော်နှင့် မကြာမီကာလတွင်တွေ့ဆုံ၍ နှစ်နိုင်ငံ ပြည်သူပြည်သား များ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးသွားနိုင်မည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် အစဉ်ချစ်ကြည် အလေးထားလျက် ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ နီပေါနိုင်ငံ၊ သမ္မတ ဘီဒီယာဒေဗီ ဘန်ဒါရီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေး နေ့ အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ တိုးတက် သာယာဝပြော ပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ၊ သမ္မတ ဂျဲဘော်ဆွန်နဲရို ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၇၄)နှစ်မြောက် လွတ်လပ်ရေး နေ့ နှစ်ပတ်လည် အခါသမယအတွက် ဘရာဇီးနိုင်ငံအစိုးရနှင့် ပြည်သူများ ကိုယ်စားလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

အခါအခွင့်ကြုံခိုက် မြန်မာနိုင်ငံနှင့် ဘရာဇီးနှစ်နိုင်ငံ ပြည်သူများ၏ အပြန်အလှန် အကျိုးဖြစ်ထွန်းမှုအတွက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမို ခိုင်မာစေရန် ဘရာဇီးနိုင်ငံအနေဖြင့် ဆန္ဒရှိကြောင်းကို ထပ်လောင်း အတည်ပြုလျက် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်းနှင့် ပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ် ပါသည်။

## နိုင်ငံတော်သမ္မတ ထံသို့ နီကာရာဂွာသမ္မတနိုင်ငံ သမ္မတ ဒယ်နီယယ် အော်တီဂါ စာဗီဒရာနှင့် ဒုတိယသမ္မတ ရိုစာရီမူရီလို တို့မှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ယခုကဲ့သို့ အမှတ်ရဖွယ်အထိမ်းအမှတ်နေ့ဖြစ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် လွတ်လပ်သော နီကာရာဂွာနိုင်ငံမှ ညီရင်းအစ်ကိုပမာ အလေးထားလျက် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မိမိတို့အနေဖြင့် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြားရှိ ထူးကဲလှသည့် ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ အဓိကကျသော ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အထူးအလေးအနက် ထားရှိပါသည်။ အထူးသဖြင့် ယခုကဲ့သို့စိန်ခေါ်မှုများရှိနေချိန်တွင် နှစ်နိုင်ငံအကြား နီးကပ်စွာ တည်ရှိမှုနှင့် တစ်ထပ်တည်းကျမှုတို့ကို အလေးအနက်ထားပါသည်။

ကမ္ဘာ့နိုင်ငံများအကြား ဆွေးနွေးညှိနှိုင်းမှုဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေကြသော မိမိတို့နှစ်နိုင်ငံအနေဖြင့် ပြည်သူများ၏ တည်ငြိမ်အေးချမ်းမှုနှင့် ကြွယ်ဝချမ်းသာမှုတို့အတွက် မိမိတို့နှစ်နိုင်ငံအကြား ခိုင်မာသောဆက်ဆံရေးကို ညီရင်းအစ်ကိုပမာ အကောင်းဆုံးမြှင့်တင် ဖော်ဆောင်ရန် ဆန္ဒရှိပါသည်။

နှစ်နိုင်ငံပြည်သူများ ဘဝတစ်လျှောက်လုံး ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်တို့အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြ အပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မိုဟာမက် အဗ္ဗဒူလ် ဟာမစ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ တွင် ဘင်္ဂလားဒေ့ရှ်ပြည်သူများကိုယ်စားအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း အဆွေတော်နှင့် မြန်မာပြည်သူများအား ဆုတောင်းမေတ္တာ ပို့အပ်ပါကြောင်းနှင့် ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံပြည်သူများနှင့် ဒေသအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ကြွယ်ဝချမ်းသာရေးနှင့် ငြိမ်းချမ်းမှုရရှိစေရေးတို့အတွက် မြန်မာနိုင်ငံနှင့် အတူတကွ နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့် ပါသည်။

ယခုလို အခါသမယတွင် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ ဆက်လက်၍ ငြိမ်းချမ်းမှု၊ တိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှု များ ရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ဖော်ပြ အပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ သမ္မတ အယ်ဘ်ဒက်မက်ဂျီ တက်ဘွန် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ တွင် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော် ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများအနေဖြင့်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောကြပါစေကြောင်း အယ်လ်ဂျီးရီးယား အစိုးရနှင့် ပြည်သူများကိုယ်စား မိမိမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရန် အဆွေတော်နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက် သွားရန် အသင့်ရှိပါကြောင်းကိုလည်း အခွင့်အခါကြုံခိုက် ဖော်ပြအပ်ပါသည်။

အဆွေတော်အား နွေးထွေးစွာ ဂုဏ်ပြုလျက် အစဉ်ချစ်ကြည်အလေးထား လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

## နိုင်ငံတော်သမ္မတထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့ သမ္မတနိုင်ငံ၊ နိုင်ငံတော်ရေးရာကော်မရှင် ဥက္ကဋ္ဌ ကင်မ်ဂျုံအွန်း ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အခါအခွင့်ကြုံခိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အစဉ်အလာရှိသည့် ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုတိုးတက်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။ အဆွေတော်နှင့် မြန်မာပြည်သူများ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် မြန်မာနိုင်ငံသာယာဝပြောရေး ကြိုးပမ်းအားထုတ်မှုများ အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## နိုင်ငံတော်သမ္မတထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးအပေါ် အထူးအလေးထားပါသည်။ မိမိတို့နှစ်နိုင်ငံ ငြိမ်းချမ်းသာယာဝပြောစေရေးအတွက် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒပြင်းပြလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ မင်္ဂလာရှိသည့်နေ့ထူးနေ့မြတ်အခါသမယ၌ အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာအစိုးရနှင့် ပြည်သူများအား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးအား အထူးအလေးထားပြီး မိမိအနေဖြင့်လည်း နှစ်နိုင်ငံနှင့် ဒေသတွင်း နီးကပ်သည့် မိတ်ဖက်ဆက်ဆံရေးကို တန်ဖိုးထားပါသည်။ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအနေဖြင့် မိမိတို့၏ ဒေသတွင်း ဘုံရည်မှန်းချက်များ ပြည့်မီစေရန် အာဆီယံအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်လာစေရေး အဆွေတော်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်စေရန် ဆုမွန်ကောင်း ပို့သအပ်ပါသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ထံသို့ နီကာရာဂွာသမ္မတနိုင်ငံ သမ္မတ ဒယ်နီယယ် အော်တီဂါ စာဗီဒရာနှင့် ဒုတိယသမ္မတ ရိုစာရီမူရီလို တို့မှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ယခုကဲ့သို့ အမှတ်ရဖွယ်အထိမ်းအမှတ်နေ့ဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် လွတ်လပ်သောနီကာရာဂွာနိုင်ငံမှ ညီရင်းအစ်ကိုပမာ အလေးထားလျက် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မိမိတို့အနေဖြင့် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြားရှိ ထူးကဲလှသည့် ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ အဓိကကျသော ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အထူးအလေးအနက်ထားရှိပါသည်။ အထူးသဖြင့် ယခုကဲ့သို့ စိန်ခေါ်မှုများရှိနေချိန်တွင် နှစ်နိုင်ငံအကြား နီးကပ်စွာ တည်ရှိမှုနှင့် တစ်ထပ်တည်းကျမှုတို့ကို အလေးအနက်ထားပါသည်။

ကမ္ဘာ့နိုင်ငံများအကြား ဆွေးနွေးညှိနှိုင်းမှုဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေကြသော မိမိတို့နှစ်နိုင်ငံအနေဖြင့် ပြည်သူများ၏ တည်ငြိမ်အေးချမ်းမှုနှင့် ကြွယ်ဝချမ်းသာမှုတို့အတွက် မိမိတို့နှစ်နိုင်ငံအကြား ခိုင်မာသောဆက်ဆံရေးကို ညီရင်းအစ်ကိုပမာ အကောင်းဆုံးမြှင့်တင်ဖော်ဆောင်ရန် ဆန္ဒရှိပါသည်။

နှစ်နိုင်ငံပြည်သူများ ဘဝတစ်လျှောက်လုံး ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အဆွေတော်တို့အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ထံသို့ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် ထောင်လွန်း ဆီဆုလစ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်၊ မြန်မာအစိုးရနှင့် မြန်မာပြည်သူများအား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုတို့တွင် ပြီးခဲ့သည့် (၆၅) နှစ်တာကာလအတွင်း ပိုမိုခိုင်မာတိုးတက်လာခဲ့သည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါသည်။ မိမိတို့နှစ်နိုင်ငံ အပြန်အလှန် အကျိုးစီးပွားနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ဖြစ်ထွန်းစေရန် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုခိုင်မာရေးအတွက် မိမိအနေဖြင့် အဆွေတော်နှင့် နီးကပ်စွာ လက်တွဲကြိုးပမ်းသွားရန် အသင့်ရှိပါသည်။

သက္ကရာဇ် ၂၀၂၁ ခုနှစ် အခါသမယ၌ အဆွေတော် ကျန်းမာပျော်ရွှင်ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအား ပိုမိုဖွံ့ဖြိုးတိုးတက်၍ ရေရှည်သာယာဝပြောရေးအတွက် ဦးဆောင်ဦးရွက်ပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ နီပေါနိုင်ငံ၊ ဝန်ကြီးချုပ် ကေ၊ ပီ၊ ရှာမာ အိုလီ ထံမှ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နီပေါအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများထံ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ တိုးတက်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် နောင်လာမည့် နှစ်များတွင်လည်း ပိုမိုတိုးတက်လာမည်ဟု မိမိက ယုံကြည်ပါသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် အက်ဘ်ဒီလက်ဇီး ဒီဂျီရက်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် ဖော်ရွေသော မြန်မာပြည်သူပြည်သားများလည်း ဆက်လက်ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောကြပါစေကြောင်းကို ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာစေရန် အဆွေတော်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်းကိုလည်း အခွင့်အခါကြုံခိုက် အတည်ပြုပြောကြားလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်းသိကောင်းစရာ အမေး ၊ အဖြေ အစီအစဉ် ဆက်လက် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၅**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင် လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို အသိပညာမျှဝေပေးမည့် "ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်" ကို နိုဝင်ဘာ ၂၅ ရက်မှစ၍ အပတ်စဉ်ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလျက်ရှိသည်။




ဇန်နဝါရီ ၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေတွင် တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်လျက်ရှိသည့် Sharing Economy နှင့် အနာဂတ်တွင် အရေးပါမှုဆိုင်ရာ ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကို ရောဝတီဘဏ်- ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးချစ်ထွန်းဖေနှင့် Oway Group ဥက္ကဋ္ဌ ဦးနေအောင်တို့က ဆွေးနွေးကြမည်ဖြစ်ရာ ယင်းဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ငါး / ပုစွန် ရေထွက်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချနိုင်ရေး ညှိနှိုင်းဆွေးနွေး

**စစ်ကိုင်း ဇန်နဝါရီ ၅**

ငါး/ပုစွန်များ မွေးမြူထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း အများပြည်သူများ အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကပ်ရောဂါထိန်းချုပ်မှု အစီအစဉ်များကြောင့် ဖမ်းဆီး/မွေးမြူထုတ်လုပ်သူများ အတွင်း ဖြစ်ပေါ်လျက်ရှိသော အခက်အခဲများလျှော့ချနိုင်ရန်နှင့် အများပြည်သူများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန်ရည်မှန်းလျက် ထုတ်လုပ်သူများနှင့်သမဝါယမ ဦးစီးဌာန ပေါင်းစပ်ချိတ်ဆက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာန ခရိုင်မှူးများနှင့် အွန်လိုင်းဖြင့် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငလိုက်ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းနှင့် ငလိုက်ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၅**

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု စီမံကိန်း (ADSP – Batch-II) ဖြစ်သော ငလိုက်ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းနှင့် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်း ငလိုက်ချောင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်၊ အင်ဂျင်နီယာချုပ် (စက်မှု)၊ ညွှန်ကြားရေးမှူး (နေပြည်တော်) နှင့် တာဝန်ရှိသူများ ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် အင်ဂျင်နီယာချုပ် (စက်မှု) နှင့် ညွှန်ကြားရေးမှူး (နေပြည်တော်) တို့က ငလိုက်ချောင်းတူးဖော်ခြင်း လုပ်ငန်းနှင့် ငလိုက်ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က ရေစီးရေလာ ကောင်းမွန်ရန်နှင့် သန့်ရှင်းသပ်ရပ်စွာ စီမံဆောင်ရွက်ကြရန်၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ အရည်အသွေးထိန်းသိမ်းရေး အဖွဲ့များ အနေဖြင့် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်၊ ဝန်ထမ်းများနှင့် အလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။



ငလိုက်ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို သုံးနှစ်စီမံကိန်းအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်မည်ဖြစ်ကာ လုပ်ငန်းများအားလုံးပြီးစီးပါက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်များရှိ ဆည်ရေသောက်ဧရိယာ ၁၇၇၈၄ ဧကကို ရေအလေအလွင့်မရှိ အဆင်ပြေချောမွေ့စွာ ပေးဝေသွားနိုင်မည် ဖြစ်ကြောင်း သိရသည်။ **တင်မောင်လွင် (မြန်မာ့အလင်း)**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၂၂**
**၁၃၈၂ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၆ ရက်**
**( ၂၀၂၂ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်သမ္မတ က အောက်ဖော်ပြပါဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

*ယမန်နေ့မှ အဆက်*

### မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၆၇။ ဘဒ္ဒန္တကောဏ္ဍည၊ ဥတ္တတ်ဖိုတောရမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ မလစ်အရှေ့ကျေးရွာ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၈။ ဒေါက်တာဘဒ္ဒန္တကဝိဓဇ၊ ပရိယတ္တိအောင်မြေသာစည်ကျောင်း၊ ရန်အောင်တိုက်၊ (င) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၉။ ဘဒ္ဒန္တအာစာရ၊ ကွမ်းရင်စီတရုတ်ဗုဒ္ဓဘာသာသာသာမဏေစာသင်တိုက်၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇၀။ ဘဒ္ဒန္တအဂ္ဂါစာရ၊ ပညာပါရမီဓမ္မရိပ်သာကျောင်းတိုက်၊ သရက်ခြံကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇၁။ ဘဒ္ဒန္တကုသလ၊ သဒ္ဓမ္မဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇၂။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ဗုဒ္ဓဂုဏ်ရည်မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတိုက်၊ ကရင်ရေသိုးကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇၃။ ဘဒ္ဒန္တဓမ္မိက၊ ကွမ်းမိုးဒိန်းမစိုးရိမ်တိုက်သစ်ကျောင်းတိုက်၊ ကွမ်းမိုးဒိန်းရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး

၇၄။ ဘဒ္ဒန္တဉာဏ္ဍဝံသ၊ ပနန္ဒာရာမကျောင်းတိုက်၊ နားအော်လေးကျေးရွာ၊ မန်တုံမြို့နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၇၅။ ဘဒ္ဒန္တကောဏ္ဍည၊ သိရီမင်္ဂလာမြို့ဦးကျောင်းတိုက်၊ အမှတ်(၄) ရပ်ကွက်၊ နမ့်စန်မြို့၊ ရှမ်းပြည်နယ်

၇၆။ ဘဒ္ဒန္တပဝရဓဇ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရပ်ကွက်(၁)၊ လောက်ကိုင်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၇၇။ ဘဒ္ဒန္တပညောဘာသ၊ ကမ္ဘောဇသျှမ်းကျောင်းကြီးဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အမှတ်(၁)ရပ်ကွက်၊ကျောက်မဲမြို့၊ ရှမ်းပြည်နယ်

၇၈။ ဘဒ္ဒန္တကဝိန္ဒ၊ အနောက်ကျောင်းပရိယတ္တိစာသင်တိုက်၊ ဝမ်ပွေရပ်ကွက်၊ မိုင်းပွန်မြို့၊ လွိုင်လင်မြို့နယ်၊ ရှမ်းပြည်နယ်

၇၉။ ဘဒ္ဒန္တဇာဂရ၊ ပရိယတ္တိသဒ္ဓမ္မပါလဆိုင်မိန်းကျောင်းတိုက်၊ အမှတ်(၃) ရပ်ကွက်၊ မိုင်းရယ်မြို့၊ ရှမ်းပြည်နယ်

၈၀။ ဘဒ္ဒန္တဝါယာမိန္ဒာဘိပါလ၊ နန်းဦးပရိယတ္တိစာသင်တိုက်၊ ဇတ်စုရပ်ကွက်၊ သီပေါမြို့၊ ရှမ်းပြည်နယ်

၈၁။ ဘဒ္ဒန္တဉာဏ္ဍက ၊ အောင်လှိုင်ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်း၊ အမှတ်(၄) ရပ်ကွက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၈၂။ ဘဒ္ဒန္တကဝိနန္ဒ ၊ ရွှေကျောင်းဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်း၊ ပြင်ခရိုင်ကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၈၃။ ဘဒ္ဒန္တဓမ္မသာမိ၊ ရွာလယ်ကျောင်းသစ်ပရိယတ္တိစာသင်တိုက်၊ ရွာလယ်ရပ်ကွက်၊ ဝါးခယ်မမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၈၄။ ဘဒ္ဒန္တဝိသုတာဘိဝံသ ၊ မဟာမဂ္ဂင်ကျောင်းတိုက်၊ ဝါးတောကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၈၅။ ဘဒ္ဒန္တဒေဝိန္ဒ၊ မင်းကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ် ( ၄ ) ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၈၆။ ဘဒ္ဒန္တကောမလသာရာဘိဝံသ ၊ ဓမ္မဝိနယပထမပြန်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၉) ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၈၇။ ဘဒ္ဒန္တဇောတိက၊ မဟာပုညဝမ္မနစာသင်တိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၈၈။ ဒေါက်တာဘဒ္ဒန္တခေမိန္ဒ ၊ ပရိယတ္တိမင်းကျောင်းတိုက်၊ အမှတ်(၃) ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

### ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၈၉။ ဘဒ္ဒန္တထေရဝံသ၊ ဝရခာတုရတနာရာမ (ခတ်တော်တိုက်ကျောင်း)၊ NO.57, Lorong 4 Geylang၊ စင်ကာပူနိုင်ငံ

၉၀။ ဘဒ္ဒန္တသောဘဏ၊ တိရတနာထေရဝါဒ ဗုဒ္ဓဘာသာမြန်မာကျောင်း၊ ယုကဘမ်းမြို့၊ ဆွီဒင်နိုင်ငံ

၉၁။ Ven.Thumbowila Dhammaratana Thero, 139, Sri Saddharmarama Purana Viharaya, Thumbowila, Piliyandala, Colombo, Sri Lanka

၉၂။ ဘဒ္ဒန္တနာရဒ ၊ သာသနာ့ရောင်ခြည်ဘုန်းတော်ကြီးကျောင်း၊ အဲ (လ်) မွန်းတီမြို့၊ လော့စ်အိန်ဂျယ်လိစ်ကောင်တီ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်ပြည်ထောင်စု

၉၃။ ဘဒ္ဒန္တအာစာရ၊ အောင်မင်္ဂလာ ဆုတောင်းပြည့်ဘုရားကျောင်းတိုက်၊ ဒေလီစီးတီးမြို့၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်ပြည်ထောင်စု

၉၄။ ဘဒ္ဒန္တတိက္ခညာဏာလင်္ကာရ၊ ယောနွယ်ဓမ္မစင်တာကျောင်းတိုက်၊ မာရှယ်တောင်းမြို့၊ အိုင်အိုဝါပြည်နယ်၊ အမေရိကန်ပြည်ထောင်စု

၉၅။ ဘဒ္ဒန္တနန္ဒိယ၊ သာသနဓဇဘုန်းတော်ကြီးကျောင်း၊ ဆစ်ဒနီမြို့၊ နယူးဆောက်ဝေးပြည်နယ်၊ ဩစတြေးလျနိုင်ငံ

### သီလရှင်ဆရာကြီးများ

၉၆။ ဒေါ်ပညာဝတီ ၊ မြဝတီသီလရှင်စာသင်တိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉၇။ ဒေါ်ဓမ္မေရီ၊ ဓမ္မိကာရာမသီလရှင်ပရိယတ္တိ၊ ပဋိပတ္တိကျောင်း၊ ကျိုက်အင်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၈။ ဒေါ်ခေမာစာရီ ၊ အောင်ရတနာသီရိသီလရှင်ကျောင်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီးများ

၉၉။ HYE SONG SNIM , BAEKRYUN-AM , JIKJI-SA-GIL 95 , DAEHANG-MYUN , GIMCHEOM-SI , GYUNG BUK , SEOUL , REPUBLIC OF KOREA

၁၀၀။ ဒေါ်ဒီပင်္ကရာထေရီ ၊ Cakkavala ကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်၊ စင်ကာပူနိုင်ငံ

### လူပုဂ္ဂိုလ်များ

၁၀၁။ ဦးမောင်မောင် ၊ အမှတ် (၁၄/ ၅၁၇)၊ ပေါင်းလောင်း(၁)နယ်မြေ၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၀၂။ ဦးသူရ ၊ တိုက်(၁၂၀၃) ၊အခန်း(၀၆) ၊ ဓနသိဒ္ဓိရပ်ကွက် ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၁၀၃။ ဦးညွန့်ဌေး ၊ အမှတ်(၈၃)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၄။ ဒေါက်တာရဲအောင် ၊ အမှတ်(၂၇/က)၊ ဖိုးစိန်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၅။ ဒေါက်တာတင်စိန်(ခ) ဦးနီနီ ၊ အမှတ်(ခ/၂)၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၆။ ဦးအောင်မြတ် ၊ အမှတ်(၃၇)၊ ဝေဇယန္တာလမ်း၊ အမှတ်(၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၇။ ဒေါက်တာခင်ယုနွယ် ၊ အမှတ်(၃၈)၊ အောင်မြေသာစည်(၁)လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်

၁၀၈။ Chair Prof Mr. Asanga Tilakaratne, 36, Quinlan Avenue, Mirihana, Kotte, Sri Lanka

### သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကောလိတ၊ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ကောင်းမှုလုံကျေးရွာ၊ မချမ်းဘောမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဒေါက်တာဘဒ္ဒန္တဉာဏဓဇ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တဝဏ္ဏသိရိ ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝမ်ချယ်ကျေးရွာ၊ ဘောလခဲမြို့နယ်၊ ကယားပြည်နယ်

၄။ ဘဒ္ဒန္တဩဇေယျ ၊ သီရိမင်္ဂလာရတနာသုခ (မြို့မ) ကျောင်းတိုက်၊ တောင်ပိုင်းရပ်ကွက်၊ မယ်စဲ့မြို့၊ ကယားပြည်နယ်

၅။ ဘဒ္ဒန္တဉာဏ္ဍောဘာသ ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နန်းဖဲကျေးရွာ၊ ဘောလခဲမြို့နယ်၊ ကယားပြည်နယ်

၆။ ဘဒ္ဒန္တကောဝိဒ ၊ ရေပူစမ်းဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ရေပူစမ်းကျေးရွာ၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်

၇။ ဘဒ္ဒန္တပညိဿရ၊ သာသနမုခ်ဦးဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ မီးခတ်ချောင်းကျေးရွာ၊ သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၈။ ဘဒ္ဒန္တနန္ဒိယ၊ သာသနာ့ရက္ခိတပရိယတ္တိစာသင်တိုက်၊ လုံပီးရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်

၉။ ဘဒ္ဒန္တအာလောက ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖုန်းတွီးကျင်းကျေးရွာ၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်

၁၀။ ဘဒ္ဒန္တပညာဇောတ ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တွီဒိန်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၁၁။ ဘဒ္ဒန္တဉာဏ္ဍသရိယ ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝေါက်ကြတ်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၁၂။ ဘဒ္ဒန္တသုဇာတ၊ သဲပုံစေတီကျောင်းတိုက်၊ မြကန်သာရပ်ကွက်၊ ခင်ဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တဝေပုလ္လ ၊ မဟာစမွါရုံကျောင်းတိုက် ၊ ကံကုန်းကျေးရွာ ၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တကိတ္တိသာရ ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မွန်တုံးညို ကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တကုလဝံသာစာရ ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖားမောင်ကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တကောဝိဒ ၊ သဒ္ဓမ္မပါလကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၇။ ဒေါက်တာဘဒ္ဒန္တကောဝိဒ၊ လယ်ဝိုင်းကျောင်းတိုက်၊ အမှတ်(၂) ရပ်ကွက်၊ ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဝိဇ္ဇောတက ၊ ငွေတောင်တောရပရိယတ္တိစာသင်တိုက်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၉။ ဘဒ္ဒန္တဥတ္တမသာရ ၊ အင်တိုင်းသာကျောင်းတိုက်၊ အမှတ် (၅)ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၂၀။ ဘဒ္ဒန္တဇဝန ၊ သန္တိသုခရွှေမေတ္တာကျောင်းတိုက်၊ ဒိုးနွယ်ကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၂၁။ ဘဒ္ဒန္တအဂ္ဂရာဇ ၊ ဘူးကွဲရွာဦးကျောင်းတိုက်၊ သုခသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၂၂။ ဘဒ္ဒန္တပဏ္ဍဝ ၊ ရွှေဟင်္သာကျောင်းတိုက်၊ ငန်းစပ်ကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

၂၃။ ဘဒ္ဒန္တပဒုမ ၊ ကုန်းဝိုင်းကြီးဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း၊ ကုန်းဝိုင်းကြီးကျေးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တနန္ဒိယ ၊ သီရိဇေယျာဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း၊ ကျွန်းသာယာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တရာဇိန္ဒ ၊ ဖွဲဘာကျောင်းတိုက်၊ ဖွဲဘာကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၆။ ဘဒ္ဒန္တဝိမလ ၊ ရွှေညောင်ပင်ကျောင်းတိုက်၊ ချောင်းဒေါင့်ရပ်ကွက်၊ ကျီးသဲမြို့၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၇။ ဘဒ္ဒန္တဉာဏ္ဍက ၊ သာသနပါလဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရေစုပွင်ကျေးရွာ၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၈။ ဘဒ္ဒန္တကေသရ ၊ မြို့တော်ဦးကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ငဖဲမြို့၊ မကွေးတိုင်းဒေသကြီး

၂၉။ ဘဒ္ဒန္တဉာဏ္ဍက ၊ စည်သာချိုင်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ စည်သာကျေးရွာ၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃၀။ ဘဒ္ဒန္တဝိသုတ၊ဒက္ခိဏာရုံကျောင်းတိုက်၊ကျောက်ဆောင်စမ်းစံပြကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃၁။ ဘဒ္ဒန္တဗာကုလ၊ သိရီမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ညောင်ကုန်းကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃၂။ ဘဒ္ဒန္တဝိဇယ ၊ ဇေတဝန်ကျောင်းတိုက်၊ ကံသာကျေးရွာ၊ ရေနံချောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃၃။ ဘဒ္ဒန္တစန္ဒကုမာရ၊ ကျောင်းကြီးကျောင်းတိုက်၊ တောင်လွဲကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၄။ ဘဒ္ဒန္တသောဘဏ၊ သာသနဟိတကာရီမှန်ကျောင်းတိုက်၊ အမှတ်(၂) ရပ်ကွက်၊ နွားထိုးကြီးမြို့၊ မန္တလေးတိုင်းဒေသကြီး

၃၅။ ဘဒ္ဒန္တကောသိယ ၊ ပြည်လုံးချမ်းသာ ရွှေတန်ဆာပရိယတ္တိစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၃၆။ ဘဒ္ဒန္တသုမင်္ဂလ ၊ ပြည်လုံးချမ်းသာပရဟိတမိဘမဲ့ကျောင်း၊ ရဲဘော်ကွက်သစ်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၇။ ဘဒ္ဒန္တဝိသုဒ္ဓါစာရ ၊ ကိုးတောင်ပြည့်ကျောင်းတိုက်၊ အမှတ်( ၁ ) ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး

၃၈။ ဘဒ္ဒန္တရာဇိန္ဒ ၊ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၉။ ဒေါက်တာဘဒ္ဒန္တဝိဇ္ဇောဘာသာလင်္ကာရာဘိဝံသ ၊ ပေါင်လောင်လေးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပေါင်လောင်လေးကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၀။ ဒေါက်တာဘဒ္ဒန္တခေမိဿရ၊ အောင်မြေသုခပရိယတ္တိစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး

၄၁။ ဘဒ္ဒန္တသုန္ဒရဓမ္မ ၊ ဘေးမဲ့ရိပ်သာအထက်ခြံကျောင်းတိုက်၊ အောက်ကျင်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၄၂။ ဘဒ္ဒန္တသုမန ၊ သာသနဟိတသီရိကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၄၃။ ဘဒ္ဒန္တသီလဝန္တ ၊ ဓမ္မရုံသီကျောင်းတိုက်၊ မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်

၄၄။ ဘဒ္ဒန္တဟံသာဓဇ ၊ ဗောဓိစေတီကျောင်းတိုက်၊ ကမာဝက်မြို့၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

၄၅။ ဘဒ္ဒန္တပုပ္ဖရမ္မ ၊ ဂေါခေတ္တာပရိယတ္တိစာသင်တိုက်၊ အောင်သုခရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ်

၄၆။ ဒေါက်တာဘဒ္ဒန္တဝရသာမိ ၊ ဓညဝတီပညာပါရမီကျောင်းတိုက်၊ တရားသိစုရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၄၇။ ဘဒ္ဒန္တဓမ္မိက ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာပညာရာမကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

၄၈။ ဘဒ္ဒန္တဉာဏိန္ဒ ၊ ဗလအားမာန်ငါးတန်လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းတိုက်၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

၄၉။ ဒေါက်တာဘဒ္ဒန္တသီလာစာရ ၊ အောင်သိဒ္ဓိကျောင်းတိုက်၊ အမှတ်(၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၀။ ဘဒ္ဒန္တကုသလ ၊ ကုသလာရာမချမ်းမြေ့ရိပ်သာကျောင်းတိုက်၊ စာဘူးတောင်းကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၁။ ဒေါက်တာဘဒ္ဒန္တဝါယာမ ၊ သာသနာ့ဟိတကာရီဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၂။ ဘဒ္ဒန္တပညာနန္ဒ ၊ ဇေတဝန်ကျောင်းတိုက်၊ ရေခလာကျေးရွာ၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၃။ ဘဒ္ဒန္တပိဏ္ဍောလာစာရ၊ ရွှေဟင်္သာညောင်တုန်းကျောင်း၊ အရှေ့ဥယျာဉ်တိုက်၊ လင်းလွန်းတောင် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၄။ ဘဒ္ဒန္တက္ကန္ဒာစက္က ၊ ကျားကူးပရိယတ္တိစာသင်တိုက်၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၅။ ဘဒ္ဒန္တတိလောက ၊ သစ္စာအလင်းရောင်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ တိုးချဲ့ (၃)ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၆။ ဘဒ္ဒန္တစန္ဒာဝရ၊ စန္ဒာရာမဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အမှတ်(၂၂) ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၇။ ဘဒ္ဒန္တသီရိန္ဒ၊ ဖြဟ္မနိမ္မိတာရုံကျောင်းတိုက်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၈။ ဒေါက်တာဘဒ္ဒန္တအရိယဝံသ ၊ မဟာဗောဓိမိုးကုတ်ရိပ်သာကျောင်းတိုက်၊ အမှတ်(၁၁) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၉။ ဒေါက်တာဘဒ္ဒန္တအဂ္ဂဇေယျ၊ ရတနာအောင်မြေကျောင်းတိုက်၊ မယ်ဇလီကုန်းကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၀။ ဒေါက်တာဘဒ္ဒန္တက္ကန္ဒက၊ ဓမ္မဇေယျာပရိယတ္တိစာသင်တိုက်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၁။ ဒေါက်တာဘဒ္ဒန္တဝိစာရ ၊ ရွှေစေတီဝိစာရဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၂။ ဘဒ္ဒန္တသောပါက၊ သာသနာ့ဇောတိပါလပခုက္ကူကျောင်းတိုက်၊ တပ်ကြီးကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၃။ ဘဒ္ဒန္တက္ကန္ဒသီဟ၊ ဗုဒ္ဓဆာယာ(စစ်ကိုင်း)ကျောင်းတိုက်၊ ရှမ်းရွာကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၄။ ဘဒ္ဒန္တရာဇိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ လောက်ကိုင်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၆၅။ ဘဒ္ဒန္တပဏ္ဍိတ ၊ တင်းထက်ကျောင်းတိုက်၊ တင်းထက်ကျေးရွာ၊ ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ်

၆၆။ ဘဒ္ဒန္တကောသလ ၊ သာသနာ (၂၅၀၀) တိုက်သစ်ကျောင်းတိုက်၊ တောင်မြို့ရပ်ကွက်၊ သီပေါမြို့၊ ရှမ်းပြည်နယ်

၆၇။ ဘဒ္ဒန္တကလျာဏ ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်းဟန်ကျေးရွာ၊ မိုင်းခတ်မြို့နယ်၊ ရှမ်းပြည်နယ်

၆၈။ ဘဒ္ဒန္တသာသန ၊ နမ့်စမ်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ နမ့်စမ်ကျေးရွာ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်

၆၉။ ဘဒ္ဒန္တကေသရ ၊ အောင်သီရိမင်္ဂလာကျောင်းတိုက်၊ မိုင်းယု(၁၀၅) မိုင် ကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်

၇၀။ ဒေါက်တာဘဒ္ဒန္တပညာလင်္ကာရ ၊ သဖန်းကိုင်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ သဖန်းကိုင်းကျေးရွာ၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်

၇၁။ ဘဒ္ဒန္တသုနန္ဒ ၊ အောင်ချမ်းသာမန်တောက်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ အမှတ်(၁)ရပ်ကွက်၊ မန်တုံမြို့၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၇၂။ ဘဒ္ဒန္တကောဝိဒ ၊ မျဉ်းကြောင်းကျောင်းတိုက်၊ မြင်းချောင်းကျေးရွာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၇၃။ ဘဒ္ဒန္တဝိနယက၊ ဇယမေဒနီပရဟိတကျောင်းတိုက်၊ သပြုကွင်းကျေးရွာ၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၇၄။ ဘဒ္ဒန္တဥတ္တမာစာရ၊ အောင်ရတနာကျောင်းတိုက်၊ ထိပ်ဝလေးကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၇၅။ ဘဒ္ဒန္တကုဝေရ၊ သာသနာ့ဇောတိကာရုံကျောင်းတိုက်၊ တူးမြောင်းကျေးရွာ၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

## ပြည်ပဘွဲ့ခံဆရာတော်ကြီး

၇၆။ ဘဒ္ဒန္တကိတ္တိဃောသ ၊ ဓမ္မပါလကျောင်းတိုက်၊ အော်ရီးရာမြို့၊ ကော်လိုရာဒိုပြည်နယ်၊ အမေရိကန်ပြည်ထောင်စု

## သီလရှင်ဆရာကြီးများ

၇၇။ ဒေါ်က္ကန္ဒမာရုံသီ ၊ သာသနကာရီသီလရှင်စာသင်တိုက်၊ ပေါက်ကုန်းရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်

၇၈။ ဒေါ်ယုသိင်္ဂီ ၊ မဟာပုညကာရီသီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်း၊ မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၇၉။ ဒေါ်စန္ဒမာလာ ၊ ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်စာသင်တိုက်၊ ကျင်မွာလ်ရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်

၈၀။ ဒေါ်စန္ဒာသီရိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်စာသင်တိုက်၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၈၁။ ဒေါ်နန္ဒသိင်္ဂီ၊ သဒ္ဓမ္မဂုဏ်ရည်သီလရှင်သင်ပညာရေးမူလတန်းကျောင်း၊ ရပ်ကွက်ကြီး(၈)၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၈၂။ ဒေါ်သုဓမ္မစာရီ ၊ သုခကာရီသီလရှင်သင်ပညာရေးကျောင်း၊ အမှတ်(၃) ရပ်ကွက်၊ မင်းဘူး(စကု)မြို့၊ မကွေးတိုင်းဒေသကြီး

၈၃။ ဒေါ်ပါရမီ ၊ အေးမြချမ်းသာသီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်း၊ နန္ဒဝန်ရပ်ကွက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၈၄။ ဒေါ်ဝရထေရီ၊ ထေရီဓမ္မရိပ်သာကျောင်း၊ ဘန့်ဘွေးကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈၅။ ဒေါ်ပညာစာရီ ၊ ရွှေရတနာပရဟိတသီလရှင်စာသင်တိုက်၊ သံဒင်း(၂၀) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈၆။ ဒေါ်မိတိမာထေရီ၊ သာသနဟိတကာရီ သီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်း၊ ရပ်ကွက်(၈)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၈၇။ ဒေါ်ကုသလဉာဏီ ၊ သုဇနကာရီပရိယတ္တိစာသင်တိုက်၊ အောင်ဆန်းရပ်ကွက်၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၈၈။ ဒေါက်တာဒေါ်ရူပစန္ဒာ ၊ နဂါးရစ်တောင်ဓမ္မပါလတောရကျောင်း၊ ပန်းပုကွင်းကျေးရွာ၊ ငါးသိုင်းချောင်းမြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

## လူပုဂ္ဂိုလ်များ

၈၉။ ဦးဒီးဒုတ်(ခ)ဦးတင်မင်းထွေး ၊ အမှတ်(၅၂၅)၊ ပြည်ထောင်စုလမ်း၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၉၀။ ဦးမြကြည်ပန်တျာ(ခ)ဦးယဉ်ထွန်း ၊ အမှတ်(က/၄၇)၊ အောင်ဇေယျလမ်း၊ ပါရမီရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉၁။ ဦးကျော်ဝင်း(ခ)ဦးဗင်းဗဟာဒူး၊ အမှတ်(၁၁/၁၇)၊ ချမ်းမြေ့အောင်စည်လမ်း၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉၂။ ဦးမင်းထိုက် ၊ အမှတ်(၂)ရပ်ကွက်၊ ရွှေပြည်အေးမြို့၊ ဟုမ္မလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၉၃။ ဦးအောင်သီဟ(ခ)ဦးအောင်သွေးဦး ၊ အမှတ်(၁၁)၊ ဈေးလမ်း၊ မိုးဇာရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉၄။ ဦးတင်ဝင်း ၊ အောင်မြေသာဇံလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၉၅။ ဦးတင်မိုးအောင် (ခ) ဦးနေရှိုင်း ၊ အမှတ်(၁၀)၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၆။ ဦးအောင်ကျော်မိုး ၊ အမှတ်(၄)၊ အဝေရာလမ်း၊ အမှတ်(၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၇။ ဦးဇော်ဇော်မင်းဦး၊ အမှတ်(၁၈)၊ မြို့ပတ်လမ်း၊ နယ်မြေ(၉)၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၈။ ဦးရန်နိုင်သိန်း ၊ အမှတ်(၇၀၉/၁)၊ ရွှေတောင်ကြား(၁)လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၉။ ဒေါ်အိအိခိုင်၊ အမှတ်(၂၅)၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀၀။ ဒေါ်ဝင်းပပ(ခ)ဒေါ်ဝင်းပပမေ၊ အမှတ်(၁၈)၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တအာဒိစ္စဝံသ၊ အောင်နန်းမဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်၊ အောင်နန်းရိပ်သာရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တသြဘာသ ၊ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ ရမ်ပူရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တဉာဏဗလ၊ သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်၊ ပေါင်းတလည်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တစန္ဒောသာရ၊ အောင်မင်္ဂလာမိုးကုတ်ရိပ်သာကျောင်းတိုက်၊ အမှတ်(၁၃)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး

၅။ ဒေါက်တာဘဒ္ဒန္တပညိဿရာဘိဝံသ ၊ ဓမ္မဒူတတောရသာသနာ့ရိပ်သာကျောင်းတိုက်၊ ဘူးလယ်အင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တမဟိန္ဒ၊ မဟာဂန္ဓာရုံတိုက်သစ်ကျောင်းတိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တလာဘ၊ စိတ္တပါလဂူကျောင်းစာသင်တိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တသောဘန ၊ သာမည-မိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၉။ ဘဒ္ဒန္တဝဏ္ဏိတ ၊ ဓမ္မဒါယာဒါသဒ္ဓမ္မရုံသီရိပ်သာကျောင်းတိုက်၊ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ မဟာဆေးဝက်ဘာအာလိန်ငါးဆင့်ကျောင်းတိုက်၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တသောဘဏ ၊ ရွှေမြင့်မိုရ်ကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တက္ကန္ဒာစရိယ၊ ဗောဓိရိပ်ငြိမ်တောရရိပ်သာကျောင်းတိုက်၊ ဝါးနက်ချောင်းကြီးစံပြကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တပုညနန္ဒ၊ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၁၄။ ဘဒ္ဒန္တပညာဝံသ၊ ကန်ကလေးတောရဓမ္မရိပ်သာကျောင်းတိုက်၊ သမ္ဘာရာအင်းလေးကျေးရွာ၊ ကြံခင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တသီလာစာရ ၊ မင်္ဂလာရွှေကျောင်း မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ အမှတ်(၆) ရပ်ကွက်၊ မြန်အောင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၁၆။ ဒေါက်တာဘဒ္ဒန္တဝိသုဒ္ဓ၊ နဂါးရစ်တောင်ဓမ္မပါလတောရကျောင်းတိုက်၊ ပန်းပုကွင်းကျေးရွာ၊ ငါးသိုင်းချောင်းမြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

## ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၁၇။ ဘဒ္ဒန္တဃောသိတာဘိဝံသ၊ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာကျောင်းတိုက်၊ ဖရီးမောင့်မြို့၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်ပြည်ထောင်စု

၁၈။ ဘဒ္ဒန္တမဏိဇောတိ ၊ ရတနာ့ဗိမာန်ရိပ်သာကျောင်းတိုက်၊ မက်ဒေါနောက်မြို့၊ ဂျော်ဂျီယာပြည်နယ်၊ အမေရိကန်ပြည်ထောင်စု

## မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဇဋိလ၊ သာသနဝေပုလ္လာရာမကျောင်းတိုက်၊ ဇာသပြင်ကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တသီရိန္ဒ ၊ ဓမ္မစွမ်းရည်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ၊ အောင်မြေမာန်ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တက္ကန္ဒဉာဏ ၊ မဟာစည်မြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက်၊ ကျောက်မော်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တသုစိတ္တ၊ သီရိသုခမိဂဒါဝုန်ဓမ္မရိပ်သာကျောင်းတိုက်၊ ရှောက်ကုန်းကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၆။ ဘဒ္ဒန္တဝိမလ၊ ဝါဆိုကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်၊ ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဉာဏသာမိ ၊ ရွှေပေါက်ပင်ကျောင်းတိုက်၊ စက်ရုံရပ်ကွက်၊ အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တပညာဝံသ ၊ ပါရမီဓမ္မရိပ်သာကျောင်းတိုက်၊ မြင့်ချိုင့်ကျေးရွာ၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တကစ္စာယန၊ စံပယ်ရုံမိုးကုတ်ဝိပဿနာရိပ်သာ၊ မာရ်အောင်တိုက်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဒေါက်တာဘဒ္ဒန္တတိလောက၊ ဖားအောက်တောရရိပ်သာကျောင်းတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တအဂ္ဂဓမ္မ ၊ အင်းခုန်တောင်ကျောင်းတိုက်၊ ကံပိုင်ရပ်ကွက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်

၁၂။ ဘဒ္ဒန္တက္ကန္ဒာစရာဘိဝံသ၊ သဒ္ဓမ္မရံသီမဟာစည်ရိပ်သာကျောင်းတိုက်၊ အမှတ်(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တဓမ္မပီယ ၊ ဖွဲ့စုံသာသနာရာမပရိယတ္တိစာသင်တိုက်၊ အမှတ်(၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တကေသရ၊ ရွှေမင်းကံမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တဝိသာရဒ၊ ဓမ္မဝိဟာရီကျောင်းတိုက်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တဝိနယာစာရ၊ ရွာမပဋ္ဌိပတ္တိမဟာစည်ရိပ်သာတပ်ဦးကျောင်းတိုက်၊ တူးချောင်းကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တသီလဝံသ၊ သစ္စဝါဒီဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တကေလာသ ၊ အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာကျောင်းတိုက်၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တဇယဒိသ၊ မိုးကုတ်ဓမ္မမဂ္ဂင်ရိပ်သာနယားကျောင်းတိုက်၊ သိမ်ဖြူမီးရထားရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တဓမ္မာလောက၊ သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်၊ (ဆ/က) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တစန္ဒသေန ၊ သုညတဓမ္မမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ဒေါက်တာဘဒ္ဒန္တသီလာနန္ဒ ၊ သီလာနန္ဒာရာမမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ် (၂၀) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တဂုဏဝံသာလင်္ကာရ ၊ ရွှေတောရဓမ္မရိပ်သာကမ္မဋ္ဌာန်းကျောင်းတိုက်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၂၄။ ဘဒ္ဒန္တသောဘိတာဘိဝံသ ၊ ရွှေဟင်္သာမစိုးရိမ်ဣဋ္ဌာသယဓမ္မရိပ်သာကျောင်းတိုက်၊ အောက်စုစံပြကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လူမှုဖူလုံရေးစီမံကိန်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပြမွမ်းမံသင်တန်းဖွင့်ပွဲ တက်ရောက်




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လူမှုဖူလုံရေး စီမံကိန်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာနည်းပြမွမ်းမံသင်တန်း ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ လူမှုဖူလုံရေးစီမံကိန်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပြမွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှ အမှုထမ်း/အရာထမ်းများ တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် အလုပ်သမားရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အလုပ်သမားဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး မျှော်မှန်းချက်များ ချမှတ်ပြီး တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များ ဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ ရရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရေး၊ လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ရည်မှန်းချက် (၆) ရပ်ဖြင့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ မျှော်မှန်းချက်၊ ရည်မှန်းချက်များအရ လူမှုဖူလုံရေးစီမံကိန်းပါ လုပ်ငန်းများကို ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပြီး စီမံကိန်းအကျုံးဝင် အာမခံအလုပ်သမားများအတွက် အကျိုးခံစားခွင့်များ၊ လုပ်ငန်းစဉ်များအပါအဝင် ဥပဒေနှင့် စည်းမျဉ်းများဆိုင်ရာ သတင်းအချက်အလက်များအား အလုပ်ရှင်၊ အလုပ်သမားများမှ အလွယ်တကူရရှိနိုင်ရန်အတွက် အဓိကလုပ်ငန်းတာဝန် (၅) ရပ်အနေဖြင့် အလုပ်ဌာနနှင့် အလုပ်သမားများအား အကျုံးဝင်မှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေး ကောက်ခံခြင်း၊ ငွေကြေးအကျိုးခံစားခွင့်ထုတ်ပေးခြင်း၊ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် လူမှုဖူလုံရေးစီမံကိန်းဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများကို အကျုံးဝင်မြို့နယ်ပေါင်း ၁၁၆ မြို့နယ်၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလုပ်ရှင်၊ အလုပ်သမားများက လူမှုဖူလုံရေးစီမံကိန်းပါ အခွင့်အရေးများ၊ အကျိုးခံစားခွင့်များ၊ တာဝန်ဝတ္တရားများအပါအဝင် စနစ်၏ အရေးပါမှုကိုသိရှိနားလည်စေခြင်းဖြင့် လူမှုဖူလုံရေးစီမံကိန်းအပေါ် ယုံကြည်မှုရှိလာပြီး ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များသည်လည်း အောင်မြင်လာမည်ဖြစ်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် လူမှုဖူလုံရေးအစီအစဉ်မှ ခံစားရရှိနိုင်မည့် အချက်အလက်များကိုသိရှိအောင် ဆောင်ရွက်ပေးနိုင်ရန် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုနှင့် ယုံကြည်မှုတည်ဆောက်ခြင်းတို့အတွက် အသိပညာမြှင့်တင် ဆောင်ရွက်ခြင်းသည် အရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါကြောင်း။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ မဖြစ်ပွားခင်ကာလအတွင်း အသိပညာပေးလုပ်ငန်းများကို လစဉ်စီမံချက်များအရ မြို့နယ်ရုံးခွဲတာဝန်ခံများ၊ ဆေးခန်းတာဝန်ခံများ၊ အလုပ်သမားဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများက ကွင်းဆင်းအသိပညာပေးခြင်းများနှင့် လက်ကမ်းစာစောင်များ၊ နံရံကပ်ပိုစတာများကိုလည်း ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိပြီး ကိုဗစ်-၁၉ ကာလအတွင်း အသွားအလာကန့်သတ်ခြင်း၊ အလုပ်ဌာနများ၊ လုပ်ငန်းများယာယီရပ်နားခြင်းများ ဖြစ်ပေါ်ခဲ့ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် အကန့်အသတ်ဖြစ်ခဲ့ရပါကြောင်း၊ ကိုဗစ်-၁၉ ကာလ ထိန်းချုပ်ရေးနှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများကို အလုပ်ရှင်၊ အလုပ်သမားသမဂ္ဂများနှင့် ပူးပေါင်းကာ အမျိုးသားရေးအမြင်ဖြင့် အားထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ကိုဗစ်-၁၉ ဖြစ်ပွားချိန်ကာလအတွင်းတွင်လည်း ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ လူမှုဖူလုံရေးအဖွဲ့မှလည်း လိုအပ်သည့် ဖြေလျှော့ဆောင်ရွက်ပေးခြင်းနှင့် ငွေကြေးအထောက်အပံ့ပေးခြင်းအပြင် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းစဉ်များကို အာမခံအလုပ်သမားများအပါအဝင် အများပြည်သူ သိရှိစေရန်နှင့် အသိပညာပေးနိုင်ရန်အတွက် သုံးပွင့်ဆိုင်အစည်းအဝေးများတွင် အလျဉ်းသင့်သလို ဆွေးနွေးပြောကြားခဲ့သော်လည်း လက်တွေ့၌ အလုပ်ရှင်၊ အလုပ်သမားများနှင့် အနီးကပ်ဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံအရာရှိများ၊ ခရိုင်တာဝန်ခံအရာရှိများ၊ မြို့နယ်တာဝန်ခံအရာရှိများနှင့် ဆရာဝန်များအနေဖြင့် မိမိတို့လူမှုဖူလုံရေး စီမံကိန်းအကြောင်း၊ အာမခံအလုပ်သမားများအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ ကိုဗစ်-၁၉ ကာလအတွင်း ဖြေလျှော့ပေးနေမှု၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆက်လက်အသိပညာမျှဝေပေးရမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတကာတွင် စီးပွားရေး၊ လူမှုရေးအခြေအနေများစွာ ထိခိုက်စေခဲ့ပြီး ကိုဗစ်-၁၉ အလွန် New Normal အခြေအနေနှင့် လိုက်လျောညီထွေရှိမည့် အခြေအနေများနှင့်အညီ ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် New Normal တွင် လူမှုဖူလုံရေးစီမံကိန်းဆိုင်ရာ အသိပညာပေးမှုများအား Online မှတစ်ဆင့် ဆောင်ရွက်ပေးရန် ဆင့်ပွားသင်တန်းပေးနိုင်ရေးအတွက် Training of Trainers သင်တန်းကို အရေးပါသည့် လုပ်ငန်းစဉ်အဖြစ် ခံယူဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ Online စနစ်ဖြင့် လူမှုဖူလုံရေးအဖွဲ့မှ ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများ၊ ဖြေလျှော့ပေးနေမှုများကို အလုပ်ရှင်၊ အလုပ်သမားများသိရှိအောင် လုပ်ဆောင်ခြင်းဖြင့် ဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့၏ ရည်မှန်းချက်များ၊ မူဝါဒ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် သိရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဖူလုံရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါ သင်တန်းကို Online မှ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၅ ရက်မှ ၂၁ ရက်အထိ သုံးပတ်သတ်မှတ်ကာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ သင်တန်းသား ၂၆၉ ဦးကို တန်းခွဲအလိုက် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဒုတိယမြောက် နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်လိုင်စင် ထုတ်ပေး

**နေပြည်တော် ဇန်နဝါရီ ၅**

ဘဏ်လုပ်ငန်းကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တတိယအကြိမ် နိုင်ငံခြားဘဏ်ရွေးချယ်ရေးအစီအစဉ်အရ ကနဦးရွေးချယ်ထားသည့် နိုင်ငံခြားဘဏ်လက်အောက်ခံဘဏ်နှင့် နိုင်ငံခြားဘဏ်ဘဏ်ခွဲ (၇) ဘဏ်အနက် ကိုရီးယားသမ္မတနိုင်ငံမှ Industrial Bank of Korea ၏ လက်အောက်ခံဘဏ်အဖြစ် IBK Myanmar Limited အား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ထုတ်ပေးခဲ့သည်။

IBK Myanmar Ltd သည် နိုင်ငံခြားဘဏ်လက်အောက်ခံဘဏ်အဖြစ် မြန်မာနိုင်ငံတွင် ဒုတိယမြောက် ဖွဲ့စည်းတည်ထောင်ခွင့်ရသည့် ဘဏ်တစ်ခုဖြစ်ပြီး ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ (၅၂) ပါ ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပြည်တွင်းဘဏ်များနည်းတူ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်များကို ခွင့်ပြုခြင်းအားဖြင့် ပြည်တွင်းဘဏ်များအနေဖြင့်လည်း ယှဉ်ပြိုင်လုပ်ကိုင်လာရမည်ဖြစ်ပြီး ယင်းသို့ယှဉ်ပြိုင်လုပ်ကိုင်ခြင်းဖြင့် ပိုမိုကောင်းမွန်၍ ခေတ်မီတိုးတက်သော ဘဏ်လုပ်ငန်းကဏ္ဍတစ်ရပ်ဖြစ်ပေါ်လာပြီး အများပြည်သူများအနေဖြင့် နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ကြီးမှူးကျင်းပသော အသိပညာပေး ပိုစတာနှင့် ဗီဒီယိုကြော်ငြာပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သူ ဒုတိယဆုရရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ကြီးမှူး၍ “Together Against Corruption” ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာနှင့် ဗီဒီယိုကြော်ငြာ ပြိုင်ပွဲတစ်ရပ်ကျင်းပခဲ့ပြီး နိုင်ငံတကာမှ အသက် (၁၄) နှစ်မှ (၃၅) နှစ်အတွင်း လူငယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့သူများအနက် ရန်ကုန်မြို့၊ အ.ထ.က (၂) စမ်းချောင်းတွင် ပညာသင်ယူနေသော အဋ္ဌမတန်းကျောင်းသူ မအိမ့်မျက်ခြယ်သည် ဒုတိယဆု ရရှိခဲ့သည်။ **(အောက်ပုံ)**

ဆုချီးမြှင့်ပွဲအခမ်းအနားကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






## အဆောက်အအုံများတည်ဆောက်ရာတွင် မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ ထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၅**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနသည် နိုင်ငံတော်အတွင်း၌ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ်လုံခြုံမှုနှင့် ဘေးကင်းလွတ်မြောက်မှုဆိုင်ရာ ကိစ္စရပ်များကို အဆောက်အအုံများ၌ ဒီဇိုင်းရေးဆွဲတည်ဆောက်ခြင်း၊ စီမံခန့်ခွဲအသုံးပြုခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများ တင်သွင်းတပ်ဆင်ရောင်းချခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင်ရာတွင် လိုက်နာဆောင်ရွက်နိုင်စေရန်အတွက် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် မူကြမ်းအဖြစ် ထုတ်ပြန်ခဲ့သည်။ “မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ(၂၀၂၀)၊Myanmar Fire Safety Code Of Procedures (2020) ” အား ၂၀၁၅ ခုနှစ်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေပုဒ်မ ၄၆ (ခ)နှင့် နည်းဥပဒေ ၈၄ ပါ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန၏ သဘောတူညီခွင့်ပြုချက်ဖြင့် “ မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)၊ Myanmar Fire Safety Code(2020) ” ဟုအမည်ပြောင်းလဲပြင်ဆင်သတ်မှတ်၍ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၉၉၉/၂၀၂၀) ဖြင့် အတည်ပြုထုတ်ပြန် ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်ဟု သိရသည်။

မီးသတ်ဦးစီးဌာနမှ “မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)၊ Myanmar Fire Safety Code (2020) ” ကို အတည်ပြု ထုတ်ပြန်ထားရှိပြီးဖြစ်သည့်အတွက် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆောက်အအုံများတွင် မီးဘေးလုံခြုံရေးနှင့် အရေးပေါ်ထွက်ပြေးလွတ်မြောက်မှုဆိုင်ရာ စံနစ်များ ဒီဇိုင်းရေးဆွဲတပ်ဆင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဤစံချိန်စံညွှန်းသတ်မှတ်ချက်ပါ ပြဋ္ဌာန်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖော်ပြထားသည်ကိုတွေ့ရပြီး ယင်းစာအုပ်ကို ပြည်သူအများကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်ရန်အတွက် မကြာမီဖြန့်ဝေသွားမည်ဟု သိရသည်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

# ဗြိတိန်ဝန်ကြီးချုပ် ကူးစက်မြန် ဗီဇပြောင်း ကိုဗစ် - ၁၉ မျိုးစိတ်သစ်ကို တိုက်ဖျက်ရန် ကန့်သတ်ပိတ်ဆို့မှုသစ်တစ်ခုကို ကြေညာ

**လန်ဒန် ဇန်နဝါရီ ၅**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ပိုမိုကူးစက်မှုမြန်ဆန်သည့်ဗီဇပြောင်း ကိုဗစ် – ၁၉ ကို တိုက်ဖျက်ရန် ကန့်သတ်ပိတ်ဆို့မှုသစ်တစ်ခုကို ကြေညာခဲ့သည်။

တစ်နေ့အတွင်း ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၈၇၈၄ ဦးရှိလာကြောင်းဖော်ပြပြီးနောက် ဂျွန်ဆင်သည် ဇန်နဝါရီ ၄ ရက်ညနေက ရုပ်မြင်သံကြား မိန့်ခွန်းတစ်ခုတွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်က ကိုဗစ်–၁၉ ဆန့်ကျင်ဆောင်ရွက်မှုသစ်များအရ ပြည်သူများအား အစားအစာဝယ်ယူခြင်းနှင့် လေ့ကျင့်ခန်းလုပ်ရန်သာ အပြင်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အရေးမကြီးသည့်ဆိုင်များကို ပိတ်ထားခိုင်းသည်။

စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သူများသည် ပေါင် ၂၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၂၇၀ ဒဏ်ငွေဆောင်ရမည်ဖြစ်သည်။

အင်္ဂလန်တစ်ဝန်းရှိ အခြေခံနှင့် အလယ်တန်း၊ အထက်တန်း ကျောင်းများနှင့်ကောလိပ်များကို ဇန်နဝါရီ ၅ ရက်မှ ဖေဖော်ဝါရီလလယ်အထိ အဝေးရောက်သင်ယူစနစ်ပြောင်းရမည်ဖြစ်သည်။

ဗီဇပြောင်း ကိုဗစ် – ၁၉ မျိုးစိတ်သစ်ကို ကိုင်တွယ်ထိန်းချုပ်နိုင်ရန် မိမိတို့အတူတကွ ပိုမိုရှိရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားလိုက်သည်။

နိုင်ငံသူနိုင်ငံသားများအနေဖြင့် မည်မျှလောက် စိတ်ရှုပ်ထွေးနေသည်ကို မိမိအနေဖြင့် သိကြောင်း၊ ဗီဇပြောင်း ကိုဗစ် – ၁၉ ကို အောင်မြင်စွာ နှိမ်နင်းအနိုင်ယူနိုင်ရန် အစိုးရ၏ လမ်းညွှန်ချက်များကို လုံလောက်စွာ လိုက်နာနေသည်ကိုလည်း သိကြောင်း၊ သို့သော်လည်း ယခုအခါတွင် အခါတိုင်းထက် ပိုမိုလိုက်နာရမည်ဖြစ်ကြောင်း၊ မိမိတို့အတူတကွရှိရမည်ဖြစ်ကြောင်း ဂျွန်ဆင်က ဆက်လက်ပြောကြားလိုက်သည်။

ဇန်နဝါရီ ၄ ရက်အထိ အင်္ဂလန်နိုင်ငံရှိ ဆေးရုံများတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၂၇၀၀၀ နီးပါး ရှိကြောင်း၊ အဆိုပါပမာဏသည် အစောပိုင်း ၁၀ ရက်ထက် ၄၀ ရာခိုင်နှုန်းကျော် တိုးလာခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သောနှစ်နွေဦးရာသီ ကိုဗစ် – ၁၉ ပထမအကျော့ထက် ပိုမိုကူးစက်သူများလာကြောင်း သိရသည်။



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်။

စကော့တလန်တွင်လည်း အလားတူ ကိုဗစ် – ၁၉ တိုက်ဖျက်ရေးကို ကျင့်သုံးထားသည်ဖြစ်ရာ ဇန်နဝါရီ ၅ ရက်တွင် သက်ရောက်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံတွင် ဗီဇပြောင်း ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၈ ဦးတွေ့ရှိ



အိန္ဒိယတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦး နှာခေါင်းတို့ဖတ် နမူနာယူနေစဉ်။

**နယူးဒေလီ ဇန်နဝါရီ ၅**

ဗြိတိန်တွင် ခြေရာခံတွေ့ရှိခဲ့သော ဗီဇပြောင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၃၈ ဦးကို အိန္ဒိယနိုင်ငံတွင် တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၄ ရက်တွင် ပြောကြားလိုက်သည်။

ဗီဇပြောင်း ကိုဗစ် – ၁၉ သစ်အတွက် နမူနာ ၃၈ခုကို စစ်ဆေးခဲ့ရာ ပိုးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

အဆိုပါတွေ့ရှိခဲ့သူများမှာ နယူးဒေလီမြို့မှ ၁၉ ဦး၊ ဘန်ဂလူရူမြို့မှ လူနာ ၁၀ ဦး၊ ပူနီးမြို့မှ ငါးဦး၊ ဟိုက်ဒရာဘတ်မြို့မှ သုံးဦးနှင့် ကိုလ်ကာတာမြို့မှ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပိုးတွေ့နမူနာများကို အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ဇီဝကမ္မစစ်ဆေးမှု ဓာတ်ခွဲခန်းများတွင် စစ်ဆေးခဲ့ခြင်းဖြစ်သည်။ အဆိုပါလူနာများကို ဒေသဆိုင်ရာအစိုးရအဖွဲ့က စီစဉ်ပေးထားသော သတ်မှတ်ကျန်းမာရေး စောင့်ရှောက်မှုနေရာများတွင် တစ်ခန်းစီ သီးခြားခွဲ၍ ထားရှိပြီး ကုသပေးလျက်ရှိကြောင်း သိရသည်။

၎င်းတို့နှင့်ထိတွေ့ခဲ့သူများကိုလည်း သီးခြားခွဲခြားနေထိုင်မှုလုပ်ထားကြောင်းနှင့် အတူခရီးသွားခဲ့သူများ၊ မိသားစုဝင်နှင့် ထိတွေ့ခဲ့သူများနှင့် တခြားသူများကိုလည်း ထိတွေ့မှု ခြေရာခံခြင်းများကို ပြုလုပ်ထားပြီး ဖြစ်ကြောင်း ဝန်ကြီးဌာနက ဆက်လက်ဖော်ပြခဲ့သည်။

ထို့အပြင် တခြားနမူနာများအပေါ် မျိုးရိုးဗီဇစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဗြိတိန်နိုင်ငံတွင် တွေ့ရှိခဲ့သော ဗီဇပြောင်း ကိုဗစ်–၁၉ ဗိုင်းရပ်စ်နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေသလို တစ်ကမ္ဘာလုံးတွင်လည်း ခရီးသွားလာမှု ကန့်သတ်ချက်များ လုပ်ဆောင်လျက်ရှိသည်။ ဗြိတိန်တွင် ဗီဇပြောင်း ကိုဗစ် – ၁၉ တွေ့ရှိခဲ့ပြီးနောက် အိန္ဒိယအစိုးရသည် လွန်ခဲ့သောသီတင်းပတ်မှစကာ ဗြိတိန်နိုင်ငံမှ လေကြောင်းလိုင်းများကို ယာယီရပ်ဆိုင်းခဲ့သည်။

လွန်ခဲ့သော သီတင်းပတ်လေးပတ်အတွင်း လေကြောင်းပျံသန်းမှု တားမြစ်ခဲ့သည့် ဗြိတိန်နိုင်ငံသို့ သွားရောက်ခဲ့သူ သို့မဟုတ် ဗြိတိန်လေကြောင်းလိုင်း အကူးအပြောင်းပြုလုပ်ခဲ့သော ခရီးသည်များအားလုံးကို အနီးကပ်စောင့်ကြည့်စစ်ဆေးမှု ပြုလုပ်ရန် အိန္ဒိယအာဏာပိုင်များက အမိန့်ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် အိန္ဒိယမှ ဗြိတိန်သို့ လေကြောင်းပျံသန်းမှုကို ဒီဇင်ဘာ ၃၀ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဗြိတိန်မှ အိန္ဒိယသို့ အဝင်လေကြောင်း ခရီးစဉ်ကို ဇန်နဝါရီ ၈ ရက်တွင် ပြန်လည်ခွင့်ပြုမည်ဖြစ်သည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံတွင် ကူးစက်နိုင်ခြေမြင့်သူများကို ကာကွယ်ဆေးထိုးပေး

**ကျိနန် ဇန်နဝါရီ ၅**

တရုတ်နိုင်ငံအရှေ့ပိုင်း ဆန်းတုန်းပြည်နယ်ရှိ ကူးစက်နိုင်ခြေမြင့်မားသော အဓိကအုပ်စုများကို ကိုဗစ်–၁၉ ကာကွယ်ဆေးစုစုပေါင်းအလုံးရေ ၂၁၇၁၅၈ လုံးထိုးနှံပေးခဲ့ကြောင်း တာဝန်ရှိသူများက မကြာသေးမီတွင် ပြောကြားလိုက်သည်။

ဇန်နဝါရီ ၃ ရက်အထိ ကာကွယ်ဆေးထိုးနှံသူများတွင် ပြင်းထန်သည့် ဘေးထွက်ဆိုးကျိုးမရှိကြောင်း ပြည်နယ်ကျန်းမာရေး ကော်မရှင်က ပြောသည်။

အဆိုပါပြည်နယ်အတွင်း ဆိပ်ကမ်းမြို့များရှိ ဆက်စပ်နေသည့် ဝန်ထမ်းများကို ကာကွယ်ဆေးများ ဦးစားပေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ဒီဇင်ဘာလလယ်ပိုင်းက အဓိကအုပ်စုများကို ရည်ရွယ်သည့် ကာကွယ်ဆေးအစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ အဆိုပါအုပ်စုတွင် တင်သွင်းအေးခဲထုတ်ကုန်များ ကိုင်တွယ်လုပ်ဆောင်နေရသူများ၊ အကောက်ခွန်အရာရှိများ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ကုန်စိမ်းရောင်းချသူများ ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်အာဖရိကတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၀၀၀၀ ကျော်ပြီ

**ဂျိုဟန်နက်စ်ဘာ့ဂ် ဇန်နဝါရီ ၅**

တောင်အာဖရိကနိုင်ငံတွင် ဇန်နဝါရီ ၄ ရက်က ကိုဗစ်–၁၉ ကြောင့်သေဆုံးသူ ၃၀၀၁၁ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ဇွဲလီမက်ခီဇီက ပြောကြားခဲ့သည်။ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၄၃၄ ဦးထပ်တိုးလာပြီးနောက် သေဆုံးသူ အရေအတွက် ၃၀၀၀၀ ကျော်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံတွင် ဇန်နဝါရီ ၄ ရက်ကကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ ၁၂၆၀၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံးရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၁၁၁၃၃၄၉ ဦးအထိ ဖြစ်လာကြောင်း သိရသည်။

**ဆင်ဟွာ**

# စပိန်၌ ကာကွယ်ဆေး ပို့ဆောင်မှုအခက်အခဲကြောင့် ကာကွယ်ဆေးထိုးရန် ကြန့်ကြာ

**မက်ဒရစ် ဇန်နဝါရီ ၅**

ဖိုက်ဇာနှင့် ဘိုင်ရွန်တက်ခ် ကာကွယ်ဆေး သယ်ဆောင်ရာတွင် အခက်အခဲရှိနေသည့်အတွက် စပိန်နိုင်ငံအရှေ့မြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ကက်တလိုနီးယားဒေသရှိ ဘိုးဘွားရိပ်သာတွင် နေထိုင်ကြသည့် သက်ကြီးပုဂ္ဂိုလ်များအား ကာကွယ်ဆေးထိုးခြင်းဆောင်ရွက်ရန် နှောင့်နှေး ကြန့်ကြာလျက်ရှိကြောင်း ကက်တလိုနီးယားကျန်းမာရေးဌာနက ဇန်နဝါရီ ၄ ရက်တွင် ပြောကြားခဲ့သည်။

ပိတ်ရက်များ ဖြစ်နေခြင်းနှင့် ကာကွယ်ဆေးကို သတ်မှတ်အပူချိန်တွင် ထိန်းသိမ်းထားရန် အအေးခန်းများ မလုံလောက်ခြင်းတို့ကြောင့် ကာကွယ်ဆေးဖြန့်ဝေရန် အနှောင့်အယှက်ဖြစ်နေရကြောင်း ကျန်းမာရေးဌာနက ဖော်ပြသည်။



ကိုဗစ်–၁၉ ကာကွယ်ဆေးပို့ဆောင်မည့် မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

စပိန်၌ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံခြင်း စတင် ဆောင်ရွက်ခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၇ ရက်မှစတင်ကာ ခုနစ်ရက်မြောက်အထိ ဖိုက်ဇာနှင့် ဘိုင်ရွန်တက်ခ် ကာကွယ်ဆေး ၆၀၀၀၀ အနက် ၁၂ ဒသမ ၉ ရာခိုင်နှုန်းကိုသာ ကက်တလိုနီးယားဒေသသို့ ပို့ဆောင်နိုင်သေးကြောင်း သိရသည်။

နှစ်သစ်ကူးရက်မတိုင်မီ ဗြိတိန်နယ်စပ်ကို ပိတ်ထားခဲ့သည့်အတောအတွင်း ကယ်လိုက်စ် တူးမြောင်းတွင် အများစု ပိတ်မိနေကြသည့်အတွက် ကာကွယ်ဆေး ထိန်းသိမ်းရန် လိုအပ်သည့် အပူချိန်ဖြစ်သည့် အနုတ် ၇၀ ဒီဂရီစင်တီဂရိတ်တွင် ထားရှိရန် အအေးခန်းလုံလောက်မှုမရှိဖြစ်နေရကြောင်း ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# မိုင် ၁၀၀၀ ကျော်ခရီးကို ဒုတိယအကြိမ်လမ်းလျှောက်သူ မိတ္ထီလာမြို့မှ ဆက်လက်ခရီးထွက်ခွာ

**မိတ္ထီလာ ဇန်နဝါရီ ၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် ကြိုးပမ်းဆောင်ရွက်နေကြသော ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်-ရန်ကုန် အသွားအပြန် မိုင် ၁၀၀၀ ကျော်ခရီးကို လမ်းလျှောက်နေသော ဦးကျော်ကျော်ဝင်းသည် ဇန်နဝါရီ ၅ ရက် နံနက် ၇ နာရီခွဲခန့်က မိတ္ထီလာမြို့မှ ခရီးဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

ပြင်ဦးလွင်မြို့နယ် ဖောင်းတော ကျေးရွာတွင်နေထိုင်သူ ဦးကျော်ကျော်ဝင်း(ခ)ဗိုလ်စနေ (၄၈ နှစ်)သည် အဆိုပါ မိုင် ၁၀၀၀ ကျော်ခရီးကို ဒီဇင်ဘာ ၃၀ ရက်၌ ပြင်ဦးလွင်မြို့မှ စတင်ထွက်ခွာ လမ်းလျှောက်ခဲ့ခြင်းဖြစ်သည်။

"ပြင်ဦးလွင်-ရန်ကုန် အသွားအပြန် မိုင် ၁၀၀၀ ကျော်ခရီး လမ်းလျှောက်တဲ့ ရည်ရွယ်ချက်က လက်ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်၊ ကုသရေး လုပ်ငန်းတွေမှာ ရှေ့တန်းပါဝင်ကြိုးပမ်းဆောင်ရွက်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပရဟိတအသင်းအဖွဲ့တွေကို ဂုဏ်ပြုတဲ့အနေနဲ့ လမ်းလျှောက်တာဖြစ်ပါတယ်။ ရာသီဥတုကောင်းမွန်တယ်ဆိုရင် ရက်ပေါင်း ၅၀ လောက်နဲ့ အသွားအပြန် မိုင် ၁၀၀၀ ခရီးကို လျှောက်နိုင်မယ်လို့ မှန်းထားပါတယ်။ လမ်းခရီးမှာ ကြီးကြီးမားမား အခက်အခဲမရှိပါဘူး။ မိုင် ၁၀၀၀ ကျော်ခရီး လမ်းလျှောက်တာမို့ ခြေထောက်တွေ နာကျင်ဒဏ်ရာရတာမျိုးပဲ ရှိပါတယ်။ သက်ဆိုင်ရာက ရောက်ရှိတဲ့ မြို့တွေမှာ အားပေးကူညီစောင့်ရှောက်ပေးတာတွေ ရှိတာကြောင့် အခက်အခဲ မရှိပါဘူး။ ဒီမိုင် ၁၀၀၀ ကျော် လမ်းလျှောက်ခရီးမှာ ပံ့ပိုးကူညီမှုတွေ ရရှိတာတွေကိုလည်း နိုင်ငံတစ်ဝန်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေး လုပ်ငန်းတွေအတွက် ပြန်လည် လှူဒါန်းသွားမှာပါ"ဟု ဦးကျော်ကျော်ဝင်း (ခ) ဗိုလ်စနေက ပြောသည်။

အဆိုပါ မိုင် ၁၀၀၀ ကျော်ခရီး လမ်းလျှောက်ခြင်းကို ၎င်းအနေဖြင့် ဒုတိယအကြိမ် ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ်၌ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်နိုင်ရေးခေါင်းစဉ်ဖြင့် မိုင် ၁၀၀၀ ကျော်ခရီးအား လမ်းလျှောက်ခြင်းကို ပထမအကြိမ် ပြုလုပ်ဆောင်ရွက်ခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**



# ဖားကန့်၊ ကသာ၊ လားရှိုး၊ တောင်ကြီးနှင့် မိုးမိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၄ ရက် ညနေ ၆ နာရီခွဲက ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မြစ်ကြီးနား-ဖားကန့်သွား ကားလမ်း လယ်ပြင်စစ်ဆေးရေးဂိတ်တွင် မစန်းနု(ခ)နုနု မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၄၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကသာမြို့နယ် ပလွေရွှေ ကျေးရွာအုပ်စု ရွှေလမ်းဆုံကျေးရွာအနီး ပလွေရွှေ-ငါးအိုးသွား ကားလမ်းတွင် မယဉ်ယဉ်အေး မောင်းနှင်ပြီး မနွယ်နွယ်ငွေး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၄၄ ကီလိုကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် နားဖကျေးရွာအနီး လားရှိုး-မိုင်းယော်သွား ကားလမ်းတွင် နော်ထွယ်လီ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၃ ရက်ညနေ ၅ နာရီ ၃၅ မိနစ်တွင် တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် တောင်ကြီး-မိုင်းပျဉ်းသွားကားလမ်းတွင် ချစ်မင်းထွေး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၁၁ နာရီတွင် မိုးမိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် မိုးဟောက်ကျေးရွာအုပ်စု ဘော်ဒေ ကျေးရွာအနီး မိုးမိတ်-တွင်းငယ်သွားကားလမ်းတွင် အီးကျော် (ခ) ကျော်ကျော်ဦး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရွှေပြည်သာရှိ YBS-94 ယာဉ်လိုင်းကားဝင်းသို့ သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများ ခိုးယူသူတစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၅**

ရွှေပြည်သာမြို့နယ် (န/၂၆)ရပ်ကွက် အမှတ် ၄ လမ်းမကြီးဘေးရှိ YBS-94 ယာဉ်လိုင်း ကားဝင်းအတွင်းသို့ သွယ်တန်းထားသော အရှည် ပေ ၁၅၀ ရှိ ၁၆ မီလီမီတာ လျှပ်စစ်ဝိုင်ယာကြိုး ခြောက်ချောင်း၊ အရှည် ပေ၂၇၀ ရှိ ၁၀ မီလီမီတာ လျှပ်စစ်ဝိုင်ယာကြိုး နှစ်ချောင်း စုစုပေါင်း ငွေကျပ် ၁၇ သိန်း တန်ဖိုးရှိသည့် လျှပ်စစ်ဝိုင်ယာကြိုးများကို ဖြတ်တောက်ခိုးယူခံရကြောင်း ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၄ ရက်က ကားဝင်း လက်ထောက်မန်နေဂျာက လျှပ်စစ်ဝိုင်ယာကြိုးများ ခိုးယူသွားသူကို စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် ရွှေပြည်သာမြို့နယ် လှော်ကားနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။



ပြစ်မှုကျူးလွန်သူ အောင်စည်သူအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ မှုးရုံး ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် လှော်ကားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အမှုမှ ပြစ်မှုကျူးလွန်သူအား ဖော်ထုတ် ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ် (တ/၁၅)ရပ်ကွက် လှော်ကား-ဝါးတစ်ရာ လမ်းဘေးရှိ လှဝင်း(ခ)ရာကွပ်၏ သံတိုသံစ အရောင်းဆိုင်သို့ YBS-94 ယာဉ်လိုင်း ကားဝင်းအတွင်း ကားရေဆေးသည့် အလုပ်လုပ်ကိုင်သူ ရွှေပြည်သာမြို့နယ် အမှတ် (န/၂၆) ရပ်ကွက်နေ အောင်စည်သူက လျှပ်စစ်ကြေးကြိုးများ လာရောက်ရောင်းချကြောင်း သိရသည်။ ၎င်းအား ဇန်နဝါရီ ၁ ရက်တွင် ရွှေပြည်သာမြို့နယ် (၄) ရပ်ကွက် စံပယ်လမ်းမပေါ်၌ ဖမ်းဆီးရမိ စစ်ဆေးခဲ့ရာ အဆိုပါအမှုကို ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများကို ပြန်လည် သိမ်းဆည်းရရှိပြီးဖြစ်၍ ၎င်းအား ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

● *ကျောဖုံးမှ*

မန်ယူနှင့် မန်စီးတီးတို့ အနီးစပ်ဆုံးကစားခဲ့သည့် ပွဲစဉ်မှာ ဒီဇင်ဘာ ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် ၁၂ တွင်ဖြစ်ပြီး ဂိုးမရှိ သရေကျထားသည်။ ထို့ကြောင့် ယခု အကြိမ်တွေ့ဆုံနေသည့် လိဂ်ဖလားဆီမီးဖိုင်နယ်တွင် မန်ယူက မန်စီးတီးကို အနိုင်ရရှိသွားမလား၊ မန်စီးတီးက အနိုင်ရရှိသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။

အီတလီစီးရီးအေပွဲစဉ် (၁၆) ၏ ပွဲစဉ်အားလုံးကို ယနေ့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်များထဲမှာ ပရိသတ်အကြိုက်ဖြစ်မည့် ပွဲစဉ်အဖြစ် ယခုနှစ်ရာသီ စီးရီးအေ ၁၅ ပွဲကစားပြီးချိန်တွင် ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးဘဲ ရမှတ် ၃၇ မှတ်ဖြင့် အမှတ်ပေးဇယား ဦးဆောင်ထားသည့် အေစီမီလန်နှင့် စီးရီးအေ ကိုးနှစ်ဆက် ချန်ပီယံ ဂျူဗင်တပ်စ်အသင်းတို့ ထိပ်တိုက်ဆုံတွေ့နေခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းက စီးရီးအေ ၁၄ ပွဲကစားပြီး ရမှတ် ၂၇ မှတ်ဖြင့် အဆင့် (၅)နေရာတွင် ရပ်တည်နေသည်။ အေစီမီလန်သည် အမှတ်ပေး ဇယား ဒုတိယနေရာမှ ဖိအားပေးလျက်ရှိနေသည့် အင်တာမီလန်နှင့် ရမှတ်ကွာဟမှုမှာ တစ်မှတ်သာရှိနေသည့်အတွက် ယခုဂျူဗင်တပ်စ်နှင့်ပွဲစဉ်ကို အနိုင်ရရှိရန် လိုအပ်နေသည်။ ဂျူဗင်တပ်စ်အသင်းကလည်း အမှတ်ပေးထိပ်ပိုင်း တက်လှမ်းနိုင်ရန် ယခုပွဲစဉ်တွင် အနိုင်ရရှိရန် လိုအပ်နေသည်။ ထို့အပြင် ဂျူဗင်တပ်စ်အသင်းမှ တိုက်စစ်မှူး ခရစ္စတီယာနို ရော်နယ်ဒိုသည် စီးရီးအေ ၁၁ ပွဲတွင် ၁၄ ဂိုး အထိ သွင်းယူပေးထားနိုင်ကာ ယခုနှစ်ရာသီ စီးရီးအေ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ဦးဆောင်ထားသည်။ စီရိုနယ်ဒိုအနေဖြင့် ယခုအေစီမီလန်နှင့် ပွဲစဉ်တွင် ဂိုးဆက်လက်သွင်းယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

အေစီမီလန်သည် နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင် ပါးမားနှင့် ဂျီနိုအာအသင်းကို သရေကျထားပြီး ဆက်ဆူအိုလို၊ လာဇီယိုနှင့် ဘင်နီဗန်တိုအသင်းတို့ကို အနိုင်ရရှိထားသည်။ ဂျူဗင်တပ်စ်အသင်း နောက်ဆုံးငါးပွဲတွင် အတ္တလန္တာကို သရေကျထားကာ ဖီအိုရင်တီးနားကို ရှုံးနိမ့်ထားပြီး ဂျီနိုအာ၊ ပါးမားနှင့် အူဒီးနိစ်အသင်းတို့ကို အနိုင်ရရှိအောင် စွမ်းဆောင်ထားသည်။ အေစီမီလန်နှင့် ဂျူဗင်တပ်စ်တို့ ယမန်နှစ်က ထိပ်တိုက် တွေ့ဆုံမှု လေးကြိမ်ရှိခဲ့ပြီး နှစ်ကြိမ်သရေကျကာ တစ်ကြိမ်စီ အနိုင်ရရှိထားသည်။

ထို့ကြောင့် ယခုပွဲစဉ်တွင် အေစီမီလန်က ဂျူဗင်တပ်စ်ကို အနိုင်ယူပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်သွားမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

* *ကျောဖုံးမှ*

လေအိတ်ပါ ရိုးရိုးတွဲဆိုင်း ၁၄ ဆိုင်းတွင် ထိုင်ခုံ ၆၈ ခုံပါရှိပြီး အထက်တန်း လေအိတ်ပါ တွဲဆိုင်းများတွင် ထိုင်ခုံ ၃၃ ခုံ ပါရှိကြောင်း သိရသည်။ တွဲဆိုင်းအားလုံးမှာ လေအိတ်ပါခြင်းကြောင့် တစ်နာရီ မိုင် ၆၀ နှုန်း အထိ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

"အခုရောက်ရှိလာတဲ့ ရထားတွဲဆိုင်းအားလုံးဟာ လေအိတ်စနစ်နဲ့ အသုံးပြုထားတာ ဖြစ်ပါတယ်။ တွဲဆိုင်းတစ်ဆိုင်းမှာ အလျား ပေ ၆၀ ရှိပြီး အနံကတော့ ၉ ပေ ၃ လက်မရှိပါတယ်။ အမြင့်ကတော့ ၁၁ ပေ ၂ လက်မရှိပြီး မြန်မာ့မီးရထားရဲ့ စံသတ်မှတ်ချက်နဲ့ ကိုက်ညီမှုရှိလို့ အသုံးပြုပြေးဆွဲရင် ခရီးသည်တွေအတွက် အတော်လေး အဆင်ပြေမှာဖြစ်ပြီး လေအိတ်ပါတာကြောင့်လည်း ခရီးသည်တွေအနေနဲ့ အမှန်တကယ် သက်သောင့်သက်သာရှိမှာ ဖြစ်ပါတယ်" ဟု မြန်မာ့မီးရထားမှ ဦးထွန်းရွှေ (လ/ထ အထွေထွေမန်နေဂျာ- စက်မှု၊ တိုင်းအမှတ်-၇၊ ရန်ကုန်)က ပြောသည်။

မြန်မာ့မီးရထားသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ယခုဝယ်ယူထားသော လေအိတ်ပါတွဲဆိုင်းများကို တရုတ်နိုင်ငံ စီပန်းမီးရထားထုတ်လုပ်မှုကုမ္ပဏီက ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ရောက်ရှိလာသော တွဲဆိုင်းများကို မန္တလေးမြစ်ငယ်သို့ ပို့ဆောင်ကာ လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ့မီးရထား ခရီးသည်အစီးများသည့် ရထားခရီးစဉ်လမ်းကြောင်းများတွင် လိုအပ်သလိုထည့်သွင်းအသုံးပြု ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

# တရုတ်နိုင်ငံ၌ ကျင်းပသည့် ဖိတ်ခေါ် 8 Ball ပြိုင်ပွဲ ဘုန်းမြင့်ကျော် (ခ) အားတီ ချန်ပီယံဆုရရှိ

**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော်(ခ)အားတီသည် တရုတ်နိုင်ငံ၌ ကျင်းပသည့် Ai Ke Hotel Piston Open ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ချန်ပီယံဆုရရှိခဲ့သည်။

ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ပြီး ဘုန်းမြင့်ကျော်သည် နောက်ဆုံးအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဘုန်းမြင့်ကျော်သည် အဆင့်ဆင့်ကျော်ဖြတ်ကာ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲတွင် တရုတ်လက်ရွေးစင် ကစားသမားများကို ကျော်ဖြတ်ကာ အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ဆီမီးဖိုင်နယ်တွင် တရုတ်လက်ရွေးစင် အမျိုးသားကစားသမားကို ၁၀ ပွဲ- ၇ ပွဲဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲတွင် တရုတ်လက်ရွေးစင် အမျိုးသမီးကစားသမားနှင့် တွေ့ဆုံခဲ့ရာ အကျောပေး ယှဉ်ပြိုင်ခဲ့ရသောကြောင့် ၁၀ ပွဲ- ၄ ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ၂၀၂၁ နှစ်ဆန်းပိုင်းတွင် ယှဉ်ပြိုင်သည့် ပထမဆုံးပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံ၌ ကျင်းပမည့် Pool ပြိုင်ပွဲများတွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ဓာတ်ပုံ-အားတီ Facebook**



ဘုန်းမြင့်ကျော် (ခ) အားတီကို ချန်ပီယံဆုနှင့်အတူ တွေ့ရစဉ်။

# ပုဂ္ဂလိက ကဏ္ဍကို ပိုမိုတွန်းအားပေး ဆောင်ရွက်သွားမည်



ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအားကောင်းလာစေဖို့အတွက် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများကို လက်ခံစိစစ်ခွင့်ပြုပေးခြင်းထက် ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးများ ဖန်တီးပြီး ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် များမကြာမီအချိန်အတွင်းမှာ ပြည်တွင်း ပြည်ပနဲ့ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုတွေ အကောင်အထည်ဖော်တဲ့ အခြေခံအဆောက်အအုံတွေ ပေါ်လာနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

COVID–19 ကာလအတွင်းနဲ့ COVID–19 ကာလအလွန်များမှာပါ စီးပွားရေးတုံ့ပြန်မှုအပေါ် အခြေခံပြီး ဘဏ္ဍာရေးနဲ့ ငွေကြေးလွှဲ့ဆော်မှုများကို ထိရောက်စွာ အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အသုံးစရိတ်များကိုလည်း ထိရောက်တဲ့နေရာများမှာ ပိုမိုသုံးစွဲပြီး ပုဂ္ဂလိက ကဏ္ဍကို ပိုမိုတွန်းအားပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**(အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁–၁–၂၀၂၁ ရက်နေ့ နိုင်ငံတကာနှစ်သစ်ကူးအထိမ်းအမှတ် အခါသမယတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

❏ *ကျော်ဖုံးမှ*

*ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက် (mask and face shield campaign) ၌ ပါဝင်သော ဆောင်ရွက်ရမည့် အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၅–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၉,၇၇၀) ဦး | (၁,၉၀၄,၃၈၉) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၆၄၇) ဦး | (၁၂၇,၅၈၂) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၆၀၅) ဦး | (၁၁၀,၈၀၅) ဦး |
| သေဆုံးလူနာ | (၂၂) ဦး | (၂,၇၆၆) ဦး |

- ယနေ့ **သေဆုံးသူ (၂၂) ဦး** အနက် ရောဂါအခံရှိသူ (၁၈) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၆၀၅) ဦးတွင် –
  - ဆေးရုံများ – (၄၃၁)ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၁၇၄) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၃၂၀) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID – 19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာနေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

( ခ ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာနေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

( ဂ ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### ၅-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၁၃၅၄၉၃၃ | ၁၂၇၄၀၂၁၅ | ၃၆၂၁၃၀ |
| ၂။ | အိန္ဒိယ | ၁၀၃၅၇၅၆၉ | ၉၉၇၅၉၅၈ | ၁၄၉၈၈၆ |
| ၃။ | ဘရာဇီး | ၇၇၅၄၅၆၀ | ၆၈၇၅၂၃၀ | ၁၉၆၅၉၁ |
| ၄။ | ရုရှား | ၃၂၈၄၃၈၄ | ၂၆၆၂၆၆၈ | ၅၉၅၀၆ |
| ၅။ | ဗြိတိန် | ၂၇၁၃၅၆၃ | စိစစ်ဆဲ | ၇၅၄၃၁ |
| ၆။ | ပြင်သစ် | ၂၆၅၉၇၅၀ | ၁၉၆၀၃၇ | ၆၅၄၁၅ |
| ၇။ | တူရကီ | ၂၂၅၅၆၀၇ | ၂၁၄၆၄၃၀ | ၂၁၆၈၅ |
| ၈။ | အီတလီ | ၂၁၆၆၂၄၄ | ၁၅၂၀၁၀၆ | ၇၅၆၈၀ |
| ၉။ | စပိန် | ၁၉၅၈၈၄၄ | စိစစ်ဆဲ | ၅၁၀၇၈ |
| ၁၀။ | ဂျာမနီ | ၁၇၉၈၀၄၁ | ၁၄၂၄၇၀၀ | ၃၆၁၇၂ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၅– ၁ – ၂၀၂၁

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၇၇၉၅၄၈ | ၆၄၅၇၄၆ | ၂၃၁၀၉ |
| ဖိလစ်ပိုင် | ၄၇၉၆၉၃ | ၄၄၈၃၇၅ | ၉၃၂၁ |
| မြန်မာ | ၁၂၇၅၈၂ | ၁၁၀၈၀၅ | ၂၇၆၆ |
| မလေးရှား | ၁၂၂၈၄၅ | ၉၉၄၄၉ | ၅၀၉ |
| စင်ကာပူ | ၅၈၇၄၉ | ၅၈၄၉၇ | ၂၉ |
| ထိုင်း | ၈၉၆၆ | ၄၃၉၇ | ၆၅ |
| ဗီယက်နမ် | ၁၄၉၇ | ၁၃၃၉ | ၃၅ |
| ကမ္ဘောဒီးယား | ၃၈၂ | ၃၆၂ | ၀ |
| ဘရူနိုင်း | ၁၇၂ | ၁၄၉ | ၃ |
| လာအို | ၄၁ | ၄၀ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၅-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆) နာရီ

၁။ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၄-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၂၆,၉၃၅) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၄-၁-၂၁) အထိ | (၂၉-၁၂-၂၀၂၀) ရက်နေ့မှ (၄-၁-၂၀၂၁) ရက်နေ့အထိ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၀၁-၂၁ | ၂-၀၁-၂၁ | ၃-၀၁-၂၁ | ၄-၀၁-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၁ | တောင်ဥက္ကလာပ | ၂၈၉၅ | ၁၂ | ၅ | ၅ | ၂ | ၃ | ၇ | ၁၄ |
| ၂ | မှော်ဘီ | ၂၀၁၅ | ၁၈ | ၁၀ | ၇ | ၂၁ | ၁၁ | ၂၁ | ၁၄ |
| ၃ | လှိုင်သာယာ | ၄၇၂၁ | ၇ | ၉ | ၁၃ | ၄ | ၃ | ၅ | ၁၃ |
| ၄ | သဃ်န်းကျွန်း | ၄၃၈၃ | ၈ | ၂၁ | ၄ | ၆ | ၂၂ | ၁၀ | ၁၃ |
| ၅ | စမ်းချောင်း | ၁၉၇၁ | ၆ | ၂ | ၁၅ | ၂ | ၃ | ၅ | ၁၁ |
| ၆ | မင်္ဂလာဒုံ | ၅၈၇၃ | ၂၅ | ၂၅ | ၂၁ | ၉ | ၁၃ | ၂၁ | ၉ |
| ၇ | မရမ်းကုန်း | ၃၇၅၂ | ၇ | ၄ | ၁၄ | ၆ | ၆ | ၅ | ၉ |
| ၈ | ဒဂုံဆိပ်ကမ်း | ၁၂၃၇ | ၃ | ၄ | ၁ | ၀ | ၁ | ၃ | ၈ |
| ၉ | လမ်းမတော် | ၁၂၄၇ | ၁ | ၁ | ၃ | ၀ | ၁ | ၂ | ၇ |
| ၁၀ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၂၁၂ | ၈ | ၁၄ | ၁၃ | ၆ | ၁၉ | ၅ | ၆ |
| ၁၁ | ကျောက်တန်း | ၉၀၀ | ၁ | ၂ | ၃ | ၁ | ၁၀ | ၀ | ၆ |
| ၁၂ | အင်းစိန် | ၄၅၄၂ | ၁၅ | ၁၉ | ၁၃ | ၁ | ၂၈ | ၈ | ၅ |
| ၁၃ | သာကေတ | ၂၃၄၆ | ၃ | ၁၂ | ၂ | ၃ | ၆ | ၃ | ၅ |
| ၁၄ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၈၈၄ | ၃ | ၁၁ | ၇ | ၄ | ၂ | ၀ | ၄ |
| ၁၅ | ရန်ကင်း | ၁၂၃၉ | ၄ | ၄ | ၂ | ၄ | ၃ | ၀ | ၄ |
| ၁၆ | လှည်းကူး *** | ၁၀၆၇ | ၆ | ၃၀ | ၃ | ၁ | ၀ | ၆ | ၄ |
| ၁၇ | လသာ | ၇၆၆ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၄ |
| ၁၈ | မြောက်ဥက္ကလာပ | ၅၇၀၄ | ၂၈ | ၂၀ | ၆ | ၁၂ | ၁၁ | ၅ | ၃ |
| ၁၉ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၀၉၅ | ၁၄ | ၈ | ၁၆ | ၁၄ | ၆ | ၅ | ၃ |
| ၂၀ | တာမွေ | ၂၉၂၀ | ၁၂ | ၆ | ၇ | ၅ | ၁၀ | ၁၅ | ၃ |
| ၂၁ | သန်လျင် | ၂၈၀၁ | ၆ | ၅ | ၁၆ | ၅ | ၁ | ၆ | ၃ |
| ၂၂ | ကမာရွတ် | ၂၄၃၅ | ၄ | ၁၀ | ၆ | ၁ | ၄ | ၆၅ | ၃ |
| ၂၃ | ဗဟန်း ** | ၁၅၀၉ | ၆ | ၇ | ၃ | ၂ | ၄ | ၆ | ၃ |
| ၂၄ | အလုံ | ၁၀၆၈ | ၁ | ၃ | ၀ | ၀ | ၆ | ၄ | ၃ |
| ၂၅ | ကြည့်မြင်တိုင် | ၂၀၀၄ | ၄ | ၀ | ၅ | ၀ | ၃ | ၁ | ၂ |
| ၂၆ | ဗိုလ်တထောင် | ၁၁၄၉ | ၂ | ၁ | ၁ | ၃ | ၃ | ၀ | ၂ |
| ၂၇ | ဒဂုံ | ၆၈၀ | ၀ | ၂ | ၃ | ၂ | ၁ | ၁ | ၂ |
| ၂၈ | ထန်းတပင် | ၆၃၅ | ၂ | ၁၃ | ၁ | ၀ | ၃ | ၁ | ၂ |
| ၂၉ | ရွှေပြည်သာ | ၃၇၄၈ | ၁၀ | ၅ | ၁၇ | ၂ | ၈ | ၅ | ၁ |
| ၃၀ | လှိုင် | ၂၉၁၃ | ၁၂ | ၂ | ၃ | ၁၄ | ၀ | ၂ | ၁ |
| ၃၁ | မင်္ဂလာတောင်ညွန့် | ၁၇၉၇ | ၄ | ၂ | ၂ | ၂ | ၅ | ၂ | ၁ |
| ၃၂ | ဒလ | ၁၄၀၄ | ၂ | ၁ | ၁ | ၀ | ၂ | ၀ | ၁ |
| ၃၃ | တွံတေး | ၉၀၀ | ၁ | ၀ | ၃ | ၀ | ၀ | ၁ | ၁ |
| ၃၄ | ကျောက်တံတား | ၆၂၆ | ၀ | ၀ | ၆ | ၁ | ၃ | ၁ | ၁ |
| ၃၅ | ဆိပ်ကြီးခနောင်တို | ၄၂၈ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ |
| ၃၆ | ခရမ်း | ၄၂၇ | ၁ | ၄ | ၁ | ၀ | ၂ | ၁ | ၁ |
| ၃၇ | ကွမ်းခြံကုန်း | ၂၈၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ |
| ၃၈ | ဒေါပုံ | ၁၀၈၁ | ၀ | ၈ | ၁ | ၀ | ၆ | ၄ | ၀ |
| ၃၉ | ပန်းဘဲတန်း | ၈၆၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၄၀ | ပုဇွန်တောင် | ၇၉၉ | ၇ | ၁၀ | ၀ | ၂ | ၂ | ၀ | ၀ |
| ၄၁ | တိုက်ကြီး | ၆၃၇ | ၄ | ၄ | ၂ | ၁ | ၃ | ၂ | ၀ |
| ၄၂ | သုံးခွ | ၄၁၂ | ၁ | ၂ | ၀ | ၁ | ၂ | ၁ | ၀ |
| ၄၃ | ကော့မှူး | ၃၁၄ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| | * | ၂၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၈၃၆၉၉ | ၂၅၃ | ၂၈၇ | ၂၂၈ | ၁၃၈ | ၂၁၇ | ၂၃၀ | ၁၇၄ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | | | | | | | | |
| ၄၄ | ချမ်းမြသာစည် | ၁၇၃၃ | ၁၅ | ၇ | ၃၀ | ၁၀ | ၂၄ | ၆ | ၃၀ |
| ၄၅ | မဟာအောင်မြေ | ၂၃၁၇ | ၂၃ | ၅ | ၅၁ | ၇ | ၁၅ | ၁၅ | ၂၂ |
| ၄၆ | ပုသိမ်ကြီး | ၅၈၃ | ၁၄ | ၁ | ၃၉ | ၄ | ၁၂ | ၂၄ | ၁၈ |
| ၄၇ | အမရပူရ | ၁၄၇၀ | ၁၇ | ၂ | ၁၈ | ၁၂ | ၁၉ | ၁၃ | ၁၃ |
| ၄၈ | ပြည်ကြီးတံခွန် | ၈၃၁ | ၂၁ | ၃ | ၃၁ | ၁ | ၁၄ | ၇ | ၁၃ |
| ၄၉ | ချမ်းအေးသာစံ | ၂၄၈၄ | ၂၀ | ၃ | ၃၈ | ၁၂ | ၂၂ | ၃၃ | ၁၂ |
| ၅၀ | အောင်မြေသာစံ | ၂၂၈၈ | ၁၈ | ၄ | ၃၇ | ၁၃ | ၁၁ | ၂၆ | ၁၀ |
| ၅၁ | မြင်းခြံ | ၄၀၇ | ၂ | ၇ | ၁၇ | ၆ | ၆ | ၀ | ၉ |
| ၅၂ | ကျောက်ပန်းတောင်း | ၁၂၄ | ၀ | ၀ | ၄ | ၀ | ၀ | ၂ | ၈ |
| ၅၃ | စဉ့်ကိုင် | ၂၅၉ | ၁ | ၉ | ၇ | ၀ | ၀ | ၃ | ၃ |
| ၅၄ | တံတားဦး | ၇၂ | ၀ | ၂ | ၄ | ၀ | ၀ | ၁ | ၃ |
| ၅၅ | တောင်သာ | ၁၇၅ | ၃ | ၀ | ၀ | ၁ | ၄ | ၃ | ၂ |
| ၅၆ | နွားထိုးကြီး | ၉၁ | ၀ | ၁ | ၀ | ၂ | ၀ | ၂ | ၂ |
| ၅၇ | ပြင်ဦးလွင် | ၁၆၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၅၈ | ကျောက်ဆည် | ၁၅၆ | ၂ | ၁ | ၆ | ၀ | ၉ | ၂ | ၁ |
| ၅၉ | ညောင်ဦး | ၁၂၈ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၆၀ | မတ္တရာ | ၉၈ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ |
| ၆၁ | မိတ္ထီလာ | ၂၁၃ | ၂ | ၁ | ၆ | ၀ | ၂ | ၁ | ၀ |
| ၆၂ | သာစည် | ၁၁၂ | ၂ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၆၃ | ပျော်ဘွယ် | ၁၀၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၆၄ | ရမည်းသင်း | ၈၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၆၅ | မြစ်သား | ၈၀ | ၂ | ၀ | ၄ | ၀ | ၁ | ၄ | ၀ |
| ၆၆ | ဝမ်းတွင်း | ၇၄ | ၀ | ၀ | ၀ | ၀ | ၂ | ၃ | ၀ |
| ၆၇ | ငါန်းဇွန် | ၆၉ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ |
| ၆၈ | မလှိုင် | ၄၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၆၉ | မိုးကုတ် | ၄၀ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ |
| ၇၀ | သပိတ်ကျင်း | ၃၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၇၁ | စဉ့်ကူး | ၁၁ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ |
| | စုစုပေါင်း | ၁၄၂၄၃ | ၁၄၈ | ၄၉ | ၂၉၈ | ၆၉ | ၁၄၃ | ၁၅၀ | ၁၄၉ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၇၂ | ပဲခူး | ၂၈၄၇ | ၂၂ | ၄၇ | ၄၆ | ၄၄ | ၂၅ | ၇၁ | ၅၀ |
| ၇၃ | ရွှေကျင် | ၇၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၉ |
| ၇၄ | လက်ပံတန်း | ၄၅၁ | ၀ | ၀ | ၉ | ၁၁ | ၂ | ၀ | ၃ |
| ၇၅ | ကျောက်တံခါး | ၃၂၀ | ၀ | ၁ | ၂ | ၀ | ၂ | ၀ | ၃ |
| ၇၆ | မင်းလှ | ၂၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၇၇ | ထန်းတပင် | ၄၉ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၃ |
| ၇၈ | ဖြူး | ၃၇၇ | ၀ | ၃ | ၄ | ၄ | ၄ | ၁၃ | ၂ |
| ၇၉ | တောင်ငူ | ၁၈၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၂ |
| ၈၀ | ဝေါ | ၄၂၁ | ၁ | ၀ | ၃ | ၀ | ၀ | ၁ | ၁ |
| ၈၁ | ကဝ | ၃၇၃ | ၃ | ၁ | ၀ | ၀ | ၀ | ၁ | ၁ |
| ၈၂ | ညောင်လေးပင် | ၂၂၃ | ၃ | ၀ | ၁ | ၃ | ၄ | ၁ | ၁ |
| ၈၃ | ရေတာရှည် | ၁၆၈ | ၁ | ၂ | ၁ | ၀ | ၀ | ၁ | ၁ |
| ၈၄ | နတ်တလင်း | ၁၂၆ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ |
| ၈၅ | မိုးညို | ၁၁၄ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ |
| ၈၆ | သာယာဝတီ | ၅၀၁ | ၀ | ၄ | ၀ | ၀ | ၁ | ၁၁ | ၀ |
| ၈၇ | ဒိုက်ဦး | ၂၀၄ | ၄ | ၀ | ၁ | ၁ | ၁ | ၀ | ၀ |
| ၈၈ | ပြည် | ၁၉၉ | ၂ | ၀ | ၀ | ၄ | ၁ | ၁ | ၀ |
| ၈၉ | အုတ်ဖို | ၁၈၈ | ၀ | ၁ | ၀ | ၁ | ၀ | ၂ | ၀ |
| ၉၀ | သနပ်ပင် | ၁၆၆ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၉၁ | ရွှေတောင် | ၁၆၅ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ |
| ၉၂ | ကြို့ပင်ကောက် | ၁၂၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၃ | ပေါင်းတည် | ၁၁၂ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ |
| ၉၄ | အုတ်တွင်း | ၁၁၀ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၉၅ | ပန်းတောင်း | ၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၆ | သဲကုန်း | ၉၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၇ | ဇီးကုန်း | ၇၇ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| ၉၈ | ကျောက်ကြီး | ၄၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၉ | ပေါက်ခေါင်း | ၄၇ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| | စုစုပေါင်း | ၈၀၈၀ | ၃၇ | ၆၈ | ၇၃ | ၆၉ | ၄၁ | ၁၁၀ | ၈၁ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | |
| ၁၀၀ | ဟင်္သာတ | ၅၁၆ | ၄ | ၁၁ | ၅၄ | ၁၂ | ၂ | ၅ | ၂၇ |
| ၁၀၁ | ညောင်တုန်း | ၂၃၉ | ၅ | ၀ | ၁ | ၀ | ၀ | ၀ | ၉ |
| ၁၀၂ | ပုသိမ် | ၆၄၉ | ၆ | ၄ | ၁၁ | ၈ | ၁၅ | ၁၂ | ၆ |
| ၁၀၃ | လပွတ္တာ | ၂၂၈ | ၀ | ၁ | ၁၁ | ၀ | ၀ | ၂ | ၂ |
| ၁၀၄ | မအူပင် | ၅၀၀ | ၂ | ၀ | ၁ | ၂ | ၀ | ၁ | ၁ |
| ၁၀၅ | ဘိုကလေး | ၂၀၂ | ၁ | ၀ | ၁ | ၀ | ၀ | ၂ | ၁ |
| ၁၀၆ | ဓနုဖြူ | ၉၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၀၇ | အင်္ဂပူ | ၅၇ | ၆ | ၁ | ၃ | ၀ | ၁ | ၁၅ | ၁ |
| ၁၀၈ | ပန်းတနော် | ၃၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၀၉ | ကြံခင်း | ၂၈ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ |
| ၁၁၀ | မော်လမြိုင်ကျွန်း | ၄၈၀ | ၀ | ၁၁ | ၀ | ၂ | ၀ | ၉ | ၀ |
| ၁၁၁ | ဒေးဒရဲ | ၄၀၈ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၁၂ | ကျုံပျော် | ၂၆၉ | ၅ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၁၃ | ကျိုက်လတ် | ၂၃၆ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၁၄ | ဖျာပုံ | ၂၁၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၁၅ | မြောင်းမြ | ၂၀၁ | ၀ | ၅ | ၀ | ၀ | ၃ | ၅ | ၀ |
| ၁၁၆ | ရေကြည် | ၁၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၇ | ဝါးခယ်မ | ၁၀၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၁၈ | ကျောင်းကုန်း | ၇၇ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၉ | ကန်ကြီးထောင့် | ၆၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၀ | အိမ်မဲ | ၆၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၁ | လေးမျက်နှာ | ၄၃ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ |
| ၁၂၂ | မြန်အောင် | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၂၃ | ဇလွန် | ၃၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၂၄ | သာပေါင်း | ၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၅ | ငပုတော | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၄၉၄၈ | ၂၉ | ၃၄ | ၈၅ | ၂၇ | ၂၂ | ၅၆ | ၅၀ |

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၄-၁-၂၁) အထိ | (၂၉-၁၂-၂၀၂၀) ရက်နေ့မှ (၄-၁-၂၀၂၁) ရက်နေ့အထိ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၀၁-၂၁ | ၂-၀၁-၂၁ | ၃-၀၁-၂၁ | ၄-၀၁-၂၁ |
| **၅။** | **ရခိုင်ပြည်နယ်** | | | | | | | | |
| ၁၂၆ | သံတွဲ | ၁၁၄ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၂ |
| ၁၂၇ | တောင်ကုတ် | ၁၇၅ | ၄ | ၁ | ၂ | ၀ | ၀ | ၀ | ၁ |
| ၁၂၈ | စစ်တွေ | ၁၅၁၉ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| ၁၂၉ | ကျောက်ဖြူ | ၄၄၁ | ၀ | ၀ | ၂ | ၁ | ၀ | ၂ | ၀ |
| ၁၃၀ | မောင်တော | ၃၉၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၁ | ကျောက်တော် | ၂၆၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၃၂ | မြောက်ဦး | ၂၅၉ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၁၃၃ | ဘူးသီးတောင် | ၁၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၄ | အမ်း | ၁၆၇ | ၀ | ၁ | ၀ | ၁ | ၁၈ | ၂ | ၀ |
| ၁၃၅ | ရသေ့တောင် | ၁၄၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၆ | ပေါက်တော | ၁၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၇ | ပုဏ္ဏားကျွန်း | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၈ | မြေပုံ | ၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၉ | မင်းပြား | ၈၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၀ | ဂွ | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၁ | ရမ်းဗြဲ | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၂ | မာန်အောင် | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၄၁၆၆ | ၄ | ၂ | ၆ | ၃ | ၂၁ | ၅ | ၃ |
| **၆။** | **မကွေးတိုင်းဒေသကြီး** | | | | | | | | |
| ၁၄၃ | ချောက် | ၁၁၉ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၁၁ |
| ၁၄၄ | မကွေး | ၃၅၆ | ၀ | ၈ | ၀ | ၀ | ၈ | ၁ | ၉ |
| ၁၄၅ | တောင်တွင်းကြီး | ၂၃၈ | ၀ | ၁ | ၁ | ၀ | ၄ | ၅ | ၅ |
| ၁၄၆ | အောင်လံ | ၅၅၉ | ၂ | ၉ | ၁ | ၁ | ၁၀ | ၃ | ၄ |
| ၁၄၇ | ရေနံချောင်း | ၁၃၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၁၄၈ | ပခုက္ကူ | ၁၂၄ | ၂ | ၂ | ၁ | ၀ | ၃ | ၁ | ၃ |
| ၁၄၉ | နတ်မောက် | ၁၉၆ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၁၅၀ | စလင်း | ၂၂၆ | ၇ | ၀ | ၀ | ၀ | ၁၄ | ၆ | ၁ |
| ၁၅၁ | မင်းဘူး | ၁၉၄ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၁ |
| ၁၅၂ | မင်းတုန်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၅၃ | မြို့သစ် | ၂၃၁ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၅၄ | ပွင့်ဖြူ | ၇၉ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၁၅၅ | မြိုင် | ၇၈ | ၂ | ၁ | ၂ | ၀ | ၃ | ၁ | ၀ |
| ၁၅၆ | ဂန့်ဂေါ | ၆၈ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ |
| ၁၅၇ | သရက် | ၆၆ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၁၅၈ | ဆင်ပေါင်ဝဲ | ၃၈ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၅၉ | ဆိပ်ဖြူ | ၃၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၀ | ရေစကြို | ၃၂ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ |
| ၁၆၁ | မင်းလှ | ၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၂ | ပေါက် | ၃၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၆၃ | ကံမ | ၁၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၄ | ငဖဲ | ၁၄ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၅ | ဆော | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၆ | စေတုတ္တရာ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၇ | ထီးလင်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၈၉၅ | ၂၀ | ၂၄ | ၆ | ၂ | ၅၆ | ၂၀ | ၄၀ |
| **၇။** | **မွန်ပြည်နယ်** | | | | | | | | |
| ၁၆၈ | မော်လမြိုင် | ၁၀၆၃ | ၁၁ | ၁၃ | ၁၅ | ၁၇ | ၁၀ | ၄၂ | ၂၀ |
| ၁၆၉ | ပေါင် | ၁၂၁ | ၃ | ၄ | ၀ | ၄ | ၀ | ၃ | ၁ |
| ၁၇၀ | သံဖြူဇရပ် | ၆၂ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၇၁ | သထုံ | ၄၆၉ | ၄ | ၂ | ၂ | ၀ | ၁ | ၂ | ၀ |
| ၁၇၂ | ကျိုက်ထို | ၃၀၇ | ၂ | ၂ | ၀ | ၀ | ၀ | ၂ | ၀ |
| ၁၇၃ | ဘီးလင်း | ၁၆၃ | ၀ | ၀ | ၆ | ၀ | ၀ | ၀ | ၀ |
| ၁၇၄ | ရေး | ၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၅ | မုဒုံ | ၅၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၆ | ကျိုက်မရော | ၅၈ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၇၇ | ချောင်းဆုံ | ၄၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၄၄၁ | ၂၁ | ၂၂ | ၂၃ | ၂၁ | ၁၂ | ၄၉ | ၂၂ |
| **၈။** | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | | |
| ၁၇၈ | အင်းတော် | ၃၁ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၁၀ |
| ၁၇၉ | စစ်ကိုင်း | ၄၅၈ | ၉ | ၂ | ၁၈ | ၀ | ၁ | ၁ | ၉ |
| ၁၈၀ | မုံရွာ | ၁၄၅ | ၂ | ၄ | ၂ | ၄ | ၅ | ၁ | ၅ |
| ၁၈၁ | ချောင်းဦး | ၂၉ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၂ |
| ၁၈၂ | ကလေး | ၃၈၉ | ၇ | ၁ | ၆ | ၀ | ၃ | ၂ | ၁ |
| ၁၈၃ | တမူး | ၇၈ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ |
| ၁၈၄ | ပုလဲ | ၃၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၈၅ | ကသာ | ၂၅ | ၁ | ၀ | ၁ | ၀ | ၃ | ၁ | ၁ |
| ၁၈၆ | ပင်လယ်ဘူး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၈၇ | ရွှေဘို | ၁၈၇ | ၂ | ၁ | ၀ | ၀ | ၁ | ၁ | ၀ |
| ၁၈၈ | ယင်းမာပင် | ၈၃ | ၀ | ၂ | ၈ | ၀ | ၀ | ၀ | ၀ |
| ၁၈၉ | ကန့်ဘလူ | ၇၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၉၀ | ဆားလင်းကြီး | ၅၅ | ၁၀ | ၀ | ၀ | ၁၁ | ၄ | ၀ | ၀ |
| ၁၉၁ | တန့်ဆည် | ၄၇ | ၀ | ၁ | ၅ | ၁ | ၀ | ၁ | ၀ |
| ၁၉၂ | ဒီပဲယင်း | ၃၆ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၉၃ | ရေဦး | ၃၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၁၉၄ | မင်းကင်း | ၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၅ | ဝက်လက် | ၃၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၉၆ | ဟုမ္မလင်း | ၂၉ | ၀ | ၅ | ၀ | ၀ | ၀ | ၃ | ၀ |
| ၁၉၇ | ကောလင်း | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၈ | ခင်ဦး | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၉ | ကနီ | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၀ | ဘုတလင် | ၂၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၀၁ | မြင်းမူ | ၂၅ | ၀ | ၀ | ၅ | ၁ | ၀ | ၁ | ၀ |
| ၂၀၂ | ကျွန်းလှ | ၁၉ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ |
| ၂၀၃ | အရာတော် | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၄ | မြောင် | ၁၅ | ၁ | ၂ | ၁ | ၀ | ၀ | ၁ | ၀ |
| ၂၀၅ | ကလေးဝ | ၉ | ၀ | ၀ | ၁ | ၀ | ၇ | ၀ | ၀ |
| ၂၀၆ | ဝန်းသို | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၇ | ဖောင်းပြင် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၈ | နန်းယွန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၉ | ထီးချိုင့် | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၀ | ခန္တီး | ၃ | ၀ | ၀ | ၀ | | ၂ | ၀ | ၀ |
| ၂၁၁ | လေရှီး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၂ | ဗန်းမောက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၃ | မော်လိုက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၉၉၅ | ၃၄ | ၂၀ | ၅၆ | ၂၀ | ၃၀ | ၁၄ | ၃၁ |
| **၉။** | **ကရင်ပြည်နယ်** | | | | | | | | |
| ၂၁၄ | ဘားအံ | ၄၆၄ | ၀ | ၁၃ | ၀ | ၉ | ၀ | ၁ | ၂ |
| ၂၁၅ | မြဝတီ | ၃၅၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁၂ | ၂ |
| ၂၁၆ | ကော့ကရိတ် | ၂၁၆ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၇ | လှိုင်းဘွဲ့ | ၇၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၈ | ကြာအင်းဆိပ်ကြီး | ၁၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၉ | သံတောင်ကြီး | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၀ | ဖာပွန် | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၁၂၆ | ၀ | ၁၈ | ၀ | ၉ | ၀ | ၁၃ | ၄ |
| **၁၀။** | **နေပြည်တော်** | | | | | | | | |
| ၂၂၁ | ဇမ္ဗူသီရိ | ၂၂၀ | ၀ | ၃ | ၂ | ၀ | ၀ | ၁ | ၂ |
| ၂၂၂ | ပျဉ်းမနား | ၉၅ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၂၃ | ဇေယျာသီရိ | ၃၈၅ | ၄၀ | ၃၀ | ၃၇ | ၃၀ | ၁၃ | ၂၅ | ၀ |
| ၂၂၄ | ပုဗ္ဗသီရိ | ၁၁၀ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၅ | လယ်ဝေး | ၉၈ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၂၂၆ | ဥတ္တရသီရိ | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၇ | တပ်ကုန်း | ၃၇ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| ၂၂၈ | ဒက္ခိဏသီရိ | ၃၅ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| | * | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၀၂၂ | ၄၇ | ၃၄ | ၄၁ | ၃၁ | ၁၄ | ၂၇ | ၃ |
| **၁၁။** | **ကချင်ပြည်နယ်** | | | | | | | | |
| ၂၂၉ | မြစ်ကြီးနား | ၉၅ | ၀ | ၂ | ၄ | ၄ | ၁ | ၀ | ၁၀ |
| ၂၃၀ | ဖားကန့် | ၄၀၈ | ၂ | ၁၀ | ၂ | ၀ | ၀ | ၀ | ၄ |
| ၂၃၁ | ဗန်းမော် | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၃၂ | ဝိုင်းမော် | ၁၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| ၂၃၃ | မိုးညှင်း | ၄၂ | ၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၂၃၄ | မိုးကောင်း | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၅ | ရွှေကူ | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၀ |
| ၂၃၆ | မိုးမောက် | ၉ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၇ | တနိုင်း | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၈ | ဆွမ်ပရာဘွမ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၉ | ပူတာအို | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| | စုစုပေါင်း | ၆၁၇ | ၆ | ၁၂ | ၆ | ၄ | ၃ | ၁၀ | ၁၆ |
| **၁၂။** | **ချင်းပြည်နယ်** | | | | | | | | |
| ၂၄၀ | တီးတိန် | ၈၃ | ၂ | ၀ | ၀ | ၁၄ | ၀ | ၅ | ၄ |
| ၂၄၁ | မင်းတပ် | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၄၂ | မတူပီ | ၂၉ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ |
| ၂၄၃ | ပလက်ဝ | ၂၅ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၂၄၄ | တွန်းဇံ | ၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၅ | ဟားခါး | ၂၁ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ |
| ၂၄၆ | ဖလမ်း | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၇ | ကန်ပက်လက် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၈ | ထန်တလန် | ၄ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| | စုစုပေါင်း | ၂၄၆ | ၂ | ၀ | ၃ | ၁၄ | ၈ | ၇ | ၄ |
| **၁၃။** | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | | | |
| ၂၄၉ | မြိတ် | ၂၉၆ | ၁ | ၁ | ၁၇ | ၀ | ၀ | ၅ | ၀ |
| ၂၅၀ | ထားဝယ် | ၁၀၉ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၁ | လောင်းလုံ | ၄၃ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၂ | ပုလော | ၄၃ | ၂ | ၀ | ၁ | ၀ | ၀ | ၃ | ၀ |

*စာမျက်နှာ ၁၈ သို့*

စာမျက်နှာ ၁၇ မှ

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၄-၁-၂၁) အထိ | (၂၉-၁၂-၂၀၂၀) ရက်နေ့မှ (၄-၁-၂၀၂၁) ရက်နေ့အထိ ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၀၁-၂၁ | ၂-၀၁-၂၁ | ၃-၀၁-၂၁ | ၄-၀၁-၂၁ |
|---|---|---|---|---|---|---|---|---|---|
| ၂၅၃ | ရေဖြူ | ၂၇ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၂၅၄ | ကော့သောင်း | ၂၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၅၅ | သရက်ချောင်း | ၁၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၆ | ကျွန်းစု | ၁၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၅၇ | ဘုတ်ပြင်း | ၁၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၅၈ | တနင်္သာရီ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၈၃ | ၁၆ | ၁ | ၂၃ | ၀ | ၀ | ၉ | ၀ |
| ၁၄။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | | | | | | | | |
| ၂၅၉ | တောင်ကြီး | ၁၉၃ | ၁ | ၂ | ၃၁ | ၂ | ၄ | ၁ | ၃ |
| ၂၆၀ | ပင်လောင်း | ၂၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၆၁ | ပင်းတယ | ၁၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၂၆၂ | ညောင်ရွှေ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၆၃ | ကလော | ၉၄ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၆၄ | ရွာငံ | ၄၆ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ |
| ၂၆၅ | ရပ်စောက် | ၂၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၆၆ | လွိုင်လင် | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၇ | ဆီဆိုင် | ၁၆ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၈ | နမ့်စန် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၉ | ဟိုပုံး | ၈ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၀ | ဖယ်ခုံ | ၇ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၀ |
| ၂၇၁ | မိုးနဲ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၂ | မိုင်းရှူး | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၃ | လင်းခေး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၄ | ကျေးသီး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၅ | မိုင်းပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၆ | မောက်မယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၄၇၀ | ၁ | ၁၂ | ၃၄ | ၅ | ၅ | ၁ | ၆ |
| ၁၅။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | | | | | | | | |
| ၂၇၇ | နောင်ချို | ၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၂၇၈ | သီပေါ | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၂၇၉ | မူဆယ် | ၅၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၈၀ | လားရှိုး | ၃၄ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၁ | ကျောက်မဲ | ၂၆ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၈၂ | နမ့်ဆန် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၃ | ကွတ်ခိုင် | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၄ | နမ့်ခမ်း | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၅ | မိုးမိတ် | ၈ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၈၆ | မဘိမ်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၇ | နမ္မတူ | ၆ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၈ | တန့်ယန်း | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၉ | မိုင်းရယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၀ | သိန္နီ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၉၁ | ဟိုပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၁၆ | ၀ | ၄ | ၄ | ၀ | ၀ | ၀ | ၄ |
| ၁၆။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | | | | | | | | |
| ၂၉၂ | တာချီလိတ် | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၉၃ | မိုင်းယောင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၄ | ကျိုင်းတုံ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၅ | မိုင်းဖြတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၆ | မိုင်းတုံ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၇ | မိုင်းပြင်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၈ | မိုင်းဆတ် | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၇။ | ကယားပြည်နယ် | | | | | | | | |
| ၂၉၉ | လွိုင်ကော် | ၄၄ | ၂ | ၀ | ၄ | ၀ | ၂ | ၀ | ၁ |
| ၃၀၀ | ဒီမောဆို | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၃၀၁ | မယ်စဲ့ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၄၈ | ၂ | ၀ | ၄ | ၀ | ၂ | ၀ | ၂ |
| | စုစုပေါင်း | ၁၂၆၉၃၅ | ၆၂၀ | ၅၈၇ | ၈၉၀ | ၄၁၂ | ၅၇၄ | ၇၀၁ | ၅၉၀ |

မှတ်ချက်။ - (၄-၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ် စုစုပေါင်း (၃၀၁) မြို့နယ်ရှိပြီဖြစ်ပါသည်။

- အထက်ဖော်ပြပါစာရင်းတွင် မပါဝင်သော မြို့နယ်များသည် ယနေ့အထိ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

* ခေတ်ခွဲအတည်ပြုလူနာ၏ နေရပ်မြို့နယ်အား စုံစမ်းဆဲဖြစ်ပါသည်။

** ဗဟန်းမြို့နယ်မှ (၁) ဦးသည် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် ၎င်းတို့အား အသွားအလာ ကန့်သတ်ထားရှိခြင်းကို တင်းကြပ်စွာ ဆောင်ရွက်ထားရှိပါသည်။

**** စာရင်းဇယား အနည်းငယ်ကွာခြားမှုမှာ သက်ဆိုင်ရာမြို့နယ်၏ ခေတ်ခွဲအတည်ပြုလူနာစာရင်းအား စိစစ်၍ နေ့ရက်အလိုက် ပြန်လည်ဖြည့်စွက် ဖော်ပြထားခြင်း ဖြစ်ပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီ ရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ဆိုးလ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယား သမ္မတနိုင်ငံမှ ၆၅ ဦး၊ ကနေဒါမှ တစ်ဦး၊ အီတလီမှ တစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၁၀ ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၇၇ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင် စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက် ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည် ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟို ကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီး ဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက် ရှိရာ ယနေ့ထိ ကိုရီးယားသမ္မတနိုင်ငံမှ ကယ်ဆယ်ရေး လေယာဉ် ၃၈ ကြိမ်တိုင် ပျံသန်း ပြေးဆွဲပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား တွေ့ရစဉ်။

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဇန်နဝါရီ ၅**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

# COVID-19

## ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ လေဝင်လေထွက်ကောင်းမွန်မှုမရှိသော အလုံပိတ်နေရာများကို ရှောင်ကြဉ်ပါ



#LETSBEATCOVIDTOGETHER

COVID-19 ကပ်ရောဂါကူးစက်မှုကို လျှော့ချနိုင်ဖို့ ဆောင်ရန်၊ ရှောင်ရန်တွေက ဘာတွေလဲ?

ရှောင်ကြဉ်သင့်တဲ့အရာတစ်ခုကတော့ လူအများအပြားရှိပြီး လေဝင်လေထွက်ကောင်းမွန်မှုမရှိတဲ့ "အလုံပိတ်နေရာများ" ပဲ ဖြစ်ပါတယ်။ ဒီလိုနေရာတွေက COVID-19 ပိုင်းရပ်စ်ပိုးတွေ အကြိုက်ပါပဲ။ လေအေးပေးစက်အသုံးပြုထားတဲ့ အလုံပိတ်နေရာတွေထဲမှာ ပိုင်းရပ်စ်ပိုးတွေဟာ အချိန်ကြာမြင့်အောင် လွင့်မျောနေနိုင်ပါတယ်။ ကောင်းမွန်တဲ့ လေဝင်လေထွက်စနစ်မရှိတဲ့ အလုံပိတ်အခန်းတွေဟာ ဝေးဝေးရှောင်ရမယ့်အရာပါပဲ။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲနေပြီး အိမ်ထဲမှာလည်း လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ထားသင့်ပါတယ်။ လူကြပ်တဲ့အချိန်တွေမှာလဲ ဘတ်စ်ကားအသုံးပြုမှုကို ရှောင်ကြဉ်ပါ။




## လူထုအခြေပြု ဖျားနာကုအခမဲ့ဆေးခန်းလာရောက်ပြသသည့် လူနာလျော့နည်းလာ

**ရန်ကုန် ဇန်နဝါရီ ၅**

ပြည်တွင်း၌ ကိုဗစ် - ၁၉ ရောဂါ အတည်ပြုလူနာ လျော့နည်းလာမှုကြောင့် လူထုအခြေပြု ဖျားနာကုအခမဲ့ဆေးခန်းများသို့ လာရောက်ပြသသည့် လူနာအရေအတွက် လျော့နည်းသွားပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် တစ်ရက်လျှင် လူနာ ၃၀၊ ၄၀ ဝန်းကျင်သာ လာရောက်ပြသပြီး ဒီဇင်ဘာလမှစတင်၍ တစ်ရက်လျှင် ၁၀ ဦး ဝန်းကျင်သာရှိကြောင်း လူထုအခြေပြု ဖျားနာလူနာကုဆေးခန်းများ ကွန်ရက် (ရန်ကုန်) တာဝန်ခံဒေါက်တာ ကျော်မင်းထွန်းက ပြောသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူထုအခြေပြု ဖျားနာကုအခမဲ့ဆေးခန်း ၃၁ ခုကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လာရောက်ပြသသည့် လူနာနည်းပါးလာခြင်းနှင့် အခြားအကြောင်းအရာများကြောင့် အချို့မြို့နယ်များတွင် ဆေးခန်းများပိတ်ထားသည်။ လက်ရှိတွင် ဆေးခန်း ၂၉ ခုကို ဖွင့်လှစ်ထားပြီး သတ်မှတ်ရက်နှင့်အချိန်များတွင် ပုံမှန်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်သူရ**




## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၁၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၅၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၅၂၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၁၀/၆၅၅ | ကျပ် | ၆၅၅/၆၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၂၀/၆၇၀ | ကျပ် | ၆၇၀/၆၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၈၅/၆၂၀ | ကျပ် | ၆၅၀/၆၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၀၅/၇၃၀ | ကျပ် | ၇၇၅/၇၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၂ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၂ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၉၃ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၄ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၉ . ၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၄ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၀၅၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၃၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၆၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၂၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၀၀ | ၂၂၀ | ၂၁၇၁၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၂၆၃၇ | ၉၉၈၆၂၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၆ | ၄၉၂၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁၅၂၈ | ၃၄၃၈၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၅၁ | ၄၂၁၁၀၀ |
| EFR | ၃၆၅၀ | ၃၇၀၀ | ၁၀၃ | ၃၈၀၅၅၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

## ထက်လျှို

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇန်နဝါရီ ၅ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး။** ။ ကိုဗစ် – ၁၉ ကမ္ဘာ့ကပ်ရောဂါက မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအနှံ့ အပြားမှာ ကူးစက်ဖြစ်ပွားနေဆဲ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ကူးစက်မှုတွေ လျော့နည်းစေဖို့အတွက် ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားချက်တွေကို ယခုထက် ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

အပတ်စဉ် တင်ဆက်ပေးနေတဲ့ ကိုဗစ် – ၁၉ အကြောင်းသိကောင်းစရာ အမေး / အဖြေ အစီအစဉ်က ပြည်သူတွေသိရှိလိုတဲ့ အကြောင်းအရာတွေကို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေနဲ့ ပညာရှင်တွေက ဆွေးနွေးတင်ပြလျက်ရှိပါတယ်။

အခုတစ်ပတ်မှာ ပါမောက္ခဒေါက်တာ တင့်တင့်ကြည် [ပါမောက္ခ(ဆေးပညာဌာန)၊ နေပြည် တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး]၊ ဒေါက်တာထွန်းမင်း [ညွှန်ကြားရေးမှူး၊ တနင်္သာရီ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး]နဲ့ ဒေါက်တာမြင့်ကျော် [ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး] တို့က ပါဝင် ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး ဒေါက်တာထွန်းမင်းကို ဦးဆောင် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာထွန်းမင်း ။** ။ ကျွန်တော့်အနေနဲ့ ကုသရေးနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကို ဖြေကြားပေးဖို့အတွက် ပါမောက္ခ ဒေါက်တာ တင့်တင့်ကြည်ကို ဖိတ်ခေါ်ပါတယ်။

**ပါမောက္ခ ဒေါက်တာ တင့်တင့်ကြည်။** ။ ကျွန်မအနေနဲ့ ကိုဗစ်ရောဂါ ရှာဖွေကုသရေးနဲ့ ပတ်သက်ပြီး အများပြည်သူ မေးမြန်းထားတဲ့ မေးခွန်းတွေကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ရောဂါ အခြေအနေက ပိုးဝင်ပြီး ဘယ်နှရက်လောက်ဆို သိသာလာပါသလဲဆိုတဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လူတစ်ဦးက ရောဂါပိုးနဲ့ ထိတွေ့မှုရှိပြီး ၃ ရက်ကနေ ၅ ရက်အတွင်းမှာ ရောဂါလက္ခဏာ စပြီးပြတတ်ပါတယ်။ ရောဂါပျိုးရက်အတွင်းမှာ လက္ခဏာမပြဘဲ သူတစ်ပါးကို ကူးစက်စေနိုင်ပါတယ်။ ၅ ရက်ကနေ ၇ ရက်အတွင်း ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းတစ်ဆို့မှုဖြစ်ခြင်း၊ အနံ့မရခြင်းတွေ ဖြစ်တတ်ပါတယ်။ သွေးအတွင်း အောက်ဆီဂျင်ကျဆင်းမှုကို ၁၀ ရက်ကနေ ၁၁ ရက်အတွင်း သိရတတ်ပြီး ပိုဆိုးတဲ့လက္ခဏာတွေကို ၁၄ ရက်နောက်ပိုင်းကနေ ရက် ၂၀ အထိ တချို့လူတွေမှာ တွေ့ရတတ်ပါတယ်။ အများစု ၈၀ ရာခိုင်နှုန်းက ၁၀ ရက်အတွင်းမှာ ပြန်လည်ကောင်းမွန်တတ်ပါတယ်လို့ ဖြေကြားလိုပါတယ်။

Rapid Test Kit တွေနဲ့ အမြန်ဆုံးစစ်ဆေးနိုင်ရဲ့သားနဲ့ အာခေါင်တို့ဖတ် ဘာလို့ယူနေရ သလဲဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး Rapid Test Kit နဲ့ စစ်ဆေးမယ်ဆိုရင် ဘယ်လိုဖြစ်ဖြစ်၊ RTCR နဲ့ စစ်စစ်၊ Rapid Test Kit နဲ့စစ်စစ် ကျွန်မတို့အနေနဲ့ ကိုဗစ်ရောဂါပိုး အများဆုံးရှိနိုင်တဲ့ နေရာဖြစ်တဲ့ နှာခေါင်းတို့ဖတ်၊ နှာခေါင်းနဲ့ အာခေါင်တို့ဖတ်တို့ အပေါ်မှာ နမူနာယူရတာဖြစ်ပါတယ်။ သွေးကနေ ယူလို့မရကြောင်း ဖြေကြားလိုပါတယ်။ နှာခေါင်းထဲကို တုတ်တံနဲ့ ထိုးပြီး ယူရတယ်ဆိုတော့ နာကျင်မှုရှိတာကို ကျွန်မတို့ နားလည်ပါတယ်။ မနာအောင် အထူးဂရုစိုက်ပြီး မနာအောင် ယူကြရတာဖြစ်ပါတယ်။

တံထွေးကနေ စစ်လို့ရပါသလား ဆိုပြီးမေးထားတာ ရှိပါတယ်။ တံထွေးကနေလည်း စစ်လို့ရပါတယ်။ တံထွေးအရည်မှာလည်း ဗိုင်းရပ်စ်ပိုးတွေကို တွေ့နိုင်ပေမယ့် ရောဂါတွေ့ရှိမှုနှုန်းက အာခေါင်၊ နှာခေါင်း တို့ဖတ်ယူတဲ့အခါမှာ တွေ့ရှိရတာထက် မများတဲ့အတွက်ကြောင့် နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ကို ယူခြင်းဖြင့်သာ စစ်ဆေးနေရတာဖြစ်ပါတယ်။




ကိုဗစ်–၁၉ အကြောင်းသိကောင်းစရာ အမေး / အဖြေ အစီအစဉ်တွင် ပါမောက္ခဒေါက်တာ တင့်တင့်ကြည်၊ ဒေါက်တာထွန်းမင်းနှင့် ဒေါက်တာမြင့်ကျော်တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

သွေးစစ်ကြည့်ရင် ရောဂါအကြောင်း မသိနိုင်ဘူးလား မေးခွန်းနဲ့စပ်လျဉ်းပြီး ရောဂါ ရှိ / မရှိ၊ ရောဂါကို ရှာဖွေအမည်တပ်ဖို့ဆိုရင် သွေးကိုစစ်ဆေးခြင်း မရှိပါဘူး။ နှာခေါင်းတို့ဖတ်နဲ့ အာခေါင်တို့ဖတ်ကို ယူပြီး စစ်ဆေးလေ့ရှိပါတယ်။ ဒါပေမယ့် ရောဂါဖြစ်ပွားပြီး နာလန်ထတဲ့အချိန် သူ့ဆီမှာ ရောဂါပြီးခံတပ်(ပဋိပစ္စည်း) ဘယ်လောက်ရှိတယ်ဆိုတာကို သွေးဖောက်စစ်ဆေးကြည့်ရှုမှ သိနိုင်ကြောင်း ဖြေကြားလိုပါတယ်။

ကိုဗစ်–၁၉ ကြောင့်ဖြစ်တဲ့ မကျန်းမာမှုက ဘဝတစ်ခုလုံးကို ဖြစ်နိုင်ပါသလား မေးခွန်းနဲ့ စပ်လျဉ်းပြီး ကိုဗစ်–၁၉ ရောဂါကို လူတွေဖြစ်ကြတဲ့အခါမှာ ပုံစံ ၃ မျိုးရှိပါတယ်။ တချို့က သိပ်မဆိုးပါဘူး၊ မသိမသာ ခံစားရပါတယ်။ တချို့က ဆိုးပါတယ်။ တချို့က တော်တော်ကို ဆိုးပါတယ်။ ခန္ဓာကိုယ်ရဲ့ ဗိုင်းရပ်စ်ပေါ်မှာ တုံ့ပြန်တဲ့၊ တုံ့ပြန်မှုပေါ်မှာ မူတည်ပြီး လူရဲ့ခန္ဓာကိုယ်က ပြင်းထန်မှုတွေ ခံစားရတဲ့အခါမှာ အဆုတ်၊ နှလုံးနဲ့ တချို့အာရုံကြောတွေမှာပါ ဗိုင်းရပ်စ်က ထိခိုက်တဲ့အတွက်ကြောင့် နာလန်ထမှာ နောက်ဆက်တွဲ ဝေဒနာတွေ ခံစားကျန်ရစ်နိုင်ကြောင်း ဖြေကြားလိုပါတယ်။ ဒီဗိုင်းရပ်စ်ပိုးက HIV ဗိုင်းရပ်စ်ပိုးလို ခန္ဓာကိုယ်မှာ တစ်သက်လုံး ရှိနေလား၊ မရှိနေဘူးလား ဆိုတာကို အတိအကျ မပြောနိုင်ပါဘူး။ ပြောဖို့အတွက် စောနေသေးတယ်လို့ ပညာရှင်တွေက ဆိုပါတယ်။

ကာကွယ်ဆေးထုတ်သူတွေ အမျိုးအစားသတ်မှတ်ထားတဲ့ ဆေး ၂ ကြိမ်ထိုးပြီးတဲ့ လူတစ်ယောက်က အချိန်ဘယ်လောက်အထိ ဒီရောဂါကို ကာကွယ်ထားနိုင်ပါသလဲ မေးခွန်းနဲ့စပ်လျဉ်းပြီး ကာကွယ်ဆေးက ထုတ်လုပ်မှုပုံစံအပေါ်မှာ မူတည်ပြီး အမျိုးမျိုးရှိပါတယ်။ ဒုတိယအကြိမ် ဆေးထိုးပြီးမှသာ ရောဂါကို ခံနိုင်ရည်ရှိတဲ့ခံတပ်တွေ ထွက်လာတာ ဖြစ်ပါတယ်။ ဒါက ဘယ်လောက်အထိ ခံမလဲဆိုတဲ့ မေးခွန်းအတွက် အထောက်အထားတွေ လုံလောက်စွာ မရှိသေးကြောင်း ဖြေကြားလိုပါတယ်။

ကိုဗစ်ရောဂါဖြစ်သူက နောက်ထပ် မကူးနိုင်တော့ဘူးလား၊ နောက်ထပ် ကူးနိုင်သလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကမ္ဘာပေါ်မှာ လူ ၇၆ သန်းက ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီး ဖြစ်ပါတယ်။ ဒီထဲမှာ တချို့က ကိုဗစ်ရောဂါပိုး ထပ်မံဝင်ရောက်တဲ့ အထောက်အထားတွေ ရှိပါတယ်။ အခု အချိန်အထိ ကိုဗစ်ရောဂါပိုး ကူးတဲ့သူတွေကို စောင့်ကြည့်တဲ့ စစ်တမ်းတွေမှာ ရက် ၉၀ အထိ ရောဂါခုခံခတ်တွေ သူတို့ခန္ဓာကိုယ်ထဲမှာရှိကြောင်း သိရပါတယ်။ နောက်ဆုံးစစ်တမ်း တစ်ခုက ကျန်းမာရေးဝန်ထမ်းတွေကို စောင့်ကြည့်တဲ့ စစ်တမ်းဖြစ်ပါတယ်။ အဲဒီကျန်းမာရေးဝန်ထမ်းတွေ ကိုဗစ်ရောဂါဖြစ်ပြီး နောက်ထပ် ၆ လအထိ သူတို့မှာ ရောဂါပိုး ထပ်မံဝင်ရောက်မှု မရှိကြောင်း သိရှိရပါတယ်။

ပန်းနာရင်ကျပ် ရောဂါအခံရှိတဲ့သူ ကိုဗစ်ရောဂါဖြစ်ရင် ပိုဆိုးပါသလား မေးခွန်းနဲ့စပ်လျဉ်းပြီး ပန်းနာရင်ကျပ် ရောဂါအခံရှိတဲ့သူ ကိုဗစ်ရောဂါဖြစ်ရင် ပိုဆိုးတယ်ဆိုတဲ့ အထောက်အထား မရှိပါဘူး။ ပိုဆိုးနိုင်တဲ့ အနေအထား အခြေအနေတွေက အသက်ကြီးတဲ့သူတွေ၊ သွေးတိုးနဲ့ ဆီးချို ရောဂါရှိတဲ့ သူတွေ၊ နှလုံးအားနည်းတဲ့သူတွေ၊ သွေးထဲမှာ အဆီခတ်များတဲ့သူတွေ၊ အဝလွန်ရောဂါရှိတဲ့ သူတွေ၊ ကင်ဆာရောဂါရှိတဲ့သူတွေ၊ နာတာရှည် ကျောက်ကပ် ရောဂါရှိတဲ့သူတွေ၊ ခန္ဓာကိုယ် အစားထိုး လဲလှယ်ပြီး နာတာရှည်ဆေးသောက်နေရတဲ့သူတွေမှာ သူတို့ရောဂါအခံတွေကြောင့် ကိုဗစ်ရောဂါ ဖြစ်ရင် ပိုမိုဆိုးရွားတဲ့ အခြေအနေဖြစ်လာတတ်ပါတယ်လို့ ဖြေကြားလိုပါတယ်။

ကိုဗစ်ရောဂါဖြစ်ပြီး ဆေးရုံကနေ ပြန်လာတဲ့သူတွေ ဘာဆက်လုပ်သင့်တယ်၊ ဘာဆေးတွေ သောက်သင့်လဲ ဆိုတာ ဖြေကြားပေးပါ မေးခွန်းနဲ့စပ်လျဉ်းပြီး ကိုဗစ်ရောဂါ ဖြစ်ပြီး ပြန်လာတဲ့သူတွေအတွက် အထူးဆေးအနေနဲ့ ရေရှည်သောက်ဖို့ မရှိပါဘူး။ ဒါပေမယ့် ဆေးရုံကပြန်လာပြီး သာမန်မဟုတ်တဲ့ ရောဂါဆိုးဆိုးရွားရွားဖြစ်ပြီး နာလန်ပြန်ထတဲ့သူတွေအတွက် နာလန်ထ အစီအစဉ်တွေ သေသေချာချာ ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဒီအထဲမှာ သိသာထင်ရှားတာက အသက်ရှူလေ့ကျင့်ခန်းတွေ၊ ကြွက်သားအားကောင်းစေတဲ့ လေ့ကျင့်ခန်းတွေ လုပ်ပေးဖို့ လိုပါတယ်။ နောက် လက်ဆေးခြင်း၊ နှာခေါင်းစည်း အသုံးပြုခြင်း၊ ခပ်ဝေးဝေးနေထိုင်ခြင်းဆိုတဲ့ အပြုအမူတွေကိုလည်း ဆက်လက်ကျင့်သုံးနေဖို့ လိုပါတယ်။

ရောဂါဖြစ်ထားတဲ့အတွက် မိမိမှာ စိတ်အားငယ်တာနဲ့ စိတ်ပူပန်တာတွေလည်း ရှိတတ်တဲ့အတွက်ကြောင့် စိတ်ခွန်အားဖြစ်စေတဲ့ အခြေအနေတွေကိုလည်း ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ မိမိ ဘဝမှာ မိမိ ဘယ်လိုနေထိုင်သွားမလဲဆိုတဲ့ အစီအစဉ်တွေကို ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး စိတ်ခွန်အားတက်အောင် လုပ်ကိုင်ဆောင်ရွက်ပေးကြဖို့ လိုအပ်မှာဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်။

**ဒေါက်တာထွန်းမင်း ။** ။ ဆက်လက်ပြီး ပြည်သူ့ကျန်းမာရေးနဲ့ ကပ်ရောဂါဗေဒဆိုင်ရာ မေးခွန်းတွေကို ဖြေကြားပေးဖို့အတွက် ဒေါက်တာမြင့်ကျော်ကနေ ဖြေကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမြင့်ကျော် ။** ။ ကျန်းမာရေး အသိပညာပေး အစီအစဉ်တွေက အလွန်ကောင်းပါတယ်။ အသိပညာတွေ မျှဝေပေးတဲ့အတွက် ပြည်သူလူထုရဲ့ ကျန်းမာရေးက မြင့်တက်လာမှာလည်း အသေအချာဖြစ်ပါတယ်။ Healthy Life Style ကို ခြုံငုံသုံးသပ်ပေးစေလိုပါတယ် ဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ကျန်းမာရေးနဲ့ လျော်ညီတဲ့ လူနေမှုဘဝပုံစံ (Healthy Life Style) က ကျန်းမာခြင်း၊ အသက်ရှည်ခြင်းတို့အတွက် အခြေခံကျပြီး အရေးကြီးတဲ့ အရာတစ်ခုဖြစ်ပါတယ်။ ဒီ Healthy Life Style ထဲမှာ ကျန်းမာရေးနဲ့လျော်ညီတဲ့ အစားအစာတွေ၊ အစာအာဟာရတွေကို မျှတစွာစားသုံးဖို့ လိုပါတယ်။

ကျန်းမာရေးနဲ့မညီညွတ်တဲ့ အချို၊ အဆီ၊ အငန်၊ ဓာတုဗေဒဆေးဆိုးထားတဲ့ အစားအစာတွေကို ရှောင်ကြဉ်ကြရမှာဖြစ်ပါတယ်။ ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါးဆိုတဲ့ အတိုင်း သင့်လျော်တဲ့ လေ့ကျင့်ခန်းတွေကိုလည်း နေ့စဉ်လုပ်ပေးဖို့လိုပါမယ်။ ကျန်းမာရေးအတွက် အန္တရာယ်ရှိတဲ့ ဆေးလိပ်၊ ကွမ်းယာနဲ့ အရက်သေစာ၊ မူးယစ်ဆေးဝါးတွေကိုလည်း ရှောင်ကြဉ်ကြရမှာ ဖြစ်ပါတယ်။

ရင်သွေးငယ်တွေကိုလည်း မွေးကင်းစမှ အသက်နှစ်နှစ်အထိ မိခင်နို့တိုက်ကျွေးခြင်းကိုလည်း မြှင့်တင်ပေးဖို့ လိုပါတယ်။ ဒါ့အပြင် ဒီနေ့ကာလက ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါနဲ့ ရင်ဆိုင်ကြရချိန် ဖြစ်တာကြောင့် အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ ရောဂါဘယကင်းဝေးခြင်းတို့အတွက် နှာခေါင်းဖုံး၊ ပါးစပ်ဖုံးလို့ခေါ်တဲ့ Mask တပ်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနဲ့ လူတစ်ဦးနဲ့ တစ်ဦးအကြား ၆ ပေအကွာနေထိုင်ခြင်းစတဲ့ New Normal လူနေမှုဘဝသစ်ပုံစံသစ်ကိုလည်း လိုက်နာနေထိုင်ဖို့ အထူး လိုအပ်ပါတယ်လို့ ဖြေကြားလိုပါတယ်။

နောက်ဆုံးအနေနဲ့ ကိုဗစ်ကာကွယ်ဆေး ထိုးထားပြီးသူကတစ်ဆင့် အခြားသူတွေကို ကူးစက်နိုင်ပါသလား၊ ကာကွယ်ဆေးထိုးပြီးတဲ့အခါမှာ ကာကွယ်ဆေး နှစ်ကြိမ်ပြည့်သွားရင် Mask ကို ဆက်ပြီး တပ်ဆင်ရမှာလား။ လက်ကိုမကြာခဏ ဆက်ဆေးနေရဦးမှာလား။ လူတစ်ဦးနဲ့ တစ်ဦး အကြား ၆ ပေအကွာ ဆက်နေရဦးမှာလား။ ကိုဗစ်နဲ့အတူ ယှဉ်တွဲနေထိုင်ရတယ်ဆိုတာ ဘယ်လိုပါလဲ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ကိုဗစ် ကာကွယ်ဆေးထိုးထားပြီး သူကတစ်ဆင့် အခြားသူတွေကို ကူးစက်နိုင်သေးသလားဆိုတဲ့ မေးခွန်း

*စာမျက်နှာ ၂၁ သို့*

**“ကိုဗစ် ကာကွယ်ဆေးထိုးထားပြီးသူကတစ်ဆင့် အခြားသူတွေကို ကူးစက်နိုင်သေးသလားဆိုတဲ့ မေးခွန်းအတွက် ကူးစက်နိုင်တယ်၊ မကူးစက်နိုင်ဘူးဆိုတာ ယနေ့အထိ ရှင်းလင်းတိကျတဲ့ အဖြေ၊ ရှင်းလင်းတိကျတဲ့ သုတေသနတွေ့ရှိချက် မရှိသေးပါဘူး။ ဒါဟာ ကိုဗစ်ကာကွယ်ဆေးထိုးထားပြီးပေမယ့် သူ့ဆီမှာ ပိုးသယ်ဆောင်ထားနိုင်ပြီး ကျန်တဲ့သူတွေကို ကူးနိုင်တယ်ဆိုတာ ကြိုတင် ထင်မြင်ယူဆချက်တွေသာ ဖြစ်ပါတယ်။ တိကျတဲ့ အဖြေရရှိဖို့အတွက်တော့ အချိန်ယူစောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်”**

# မရမ်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ပညာပေး ဆိုင်းဘုတ်တင်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်း ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့ ဦးဆောင်သော "Stop Covid-19 Yellow Campaign" တွင် ဝိတိုရိယဆေးရုံမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိရာ ဝိတိုရိယ ဆေးရုံ၏ Stop Covid-19 ပညာပေး ဆိုင်းဘုတ်ဖွင့်ပွဲကို မရမ်းကုန်း မြို့နယ် ကိုးမိုင် တော်ဝင်လမ်းမရှိ ဝိတိုရိယ ဆေးရုံရှေ့၌ ဒီဇင်ဘာ ၄ ရက်က ကျင်းပသည်။ **(ယာပုံ)**




အဆိုပါ ဝိတိုရိယဆေးရုံ၏ Stop Covid-19 ပညာပေးဆိုင်းဘုတ်ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်အမှာ စကားပြောကြားပြီး ဆေးရုံ၏ Stop Covid-19 ပညာပေး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမြင့်နှင့် ဝိတိုရိယ ဆေးရုံ၏စီအီးအို ဒေါက်တာ အေးအေး စန်းနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ အဆိုပါ အဝါရောင် campaign အစီအစဉ်တွင် နှာခေါင်းစည်းတပ်ပါ၊ ခပ်ခွာခွာနေပါ၊ တစ်ဦးကို တစ်ဦး သတိပေးပါ စသည့်အချက်များကို ပြည်သူများအလေ့အထ တစ်ခုအဖြစ် စွဲမြဲသတိပြုနေထိုင်ရေးအတွက် အသိပညာပေးသော အစီ အစဉ်တစ်ခု ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## မန္တလေး၌ ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများအားဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းအားလုံးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ရှေ့တန်းမှ ပါဝင် ဆောင်ရွက်ခဲ့ကြသည်ကိုလည်း ပြည်သူအားလုံးမှ အသိအမှတ်ပြုပါကြောင်း၊ လက်ရှိအခြေအနေတွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ကျဆင်းလျက်ရှိနေပြီး ဆက်လက်ထိန်းချုပ်၊ ကာကွယ်နိုင်စေရန်အတွက် အားလုံးက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့် အညီလိုက်နာ၍ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း အမှာစကား ပြောကြားသည်။

ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများမှ ဝန်ထမ်းများ၊ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး၊ ခုတင် ၃၀၀ ဆံ့သင်ကြားရေးဆေးရုံကြီး၊ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)နှင့် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါကုသရေး ဆေးရုံများတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများစုစုပေါင်း ၆၀၁၅ ဦးတို့အား တစ်ဦး လျှင် ငွေကျပ်တစ်သောင်းခွဲနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၉၀၂၂၅၀၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

*စာမျက်နှာ ၂၀ မှ*

အတွက် ကူးစက်နိုင်တယ်၊ မကူးစက်နိုင်ဘူးဆိုတာ ယနေ့အထိ ရှင်းလင်းတိကျတဲ့ အဖြေ၊ ရှင်းလင်းတိကျတဲ့ သုတေသနတွေ့ရှိချက် မရှိသေးပါဘူး။ ဒါဟာ ကိုဗစ် ကာကွယ်ဆေးထိုးထားပြီးပေမယ့် သူ့ဆီမှာ ပိုးသယ်ဆောင်ထားနိုင်ပြီး ကျန်တဲ့သူတွေကို ကူးနိုင်တယ်ဆိုတာ ကြိုတင် ထင်မြင်ယူဆချက်တွေသာ ဖြစ်ပါတယ်။ တိကျတဲ့ အဖြေရရှိဖို့အတွက်တော့ အချိန်ယူစောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံး Mask ကို ဆက်တပ်ရမှာ ဖြစ်ပါတယ်။ လက်ကို မကြာခဏ ဆက်ဆေးကြရပါမယ်။ လူတစ်ဦးနဲ့တစ်ဦးလည်း ခပ်ခွာခွာဆက်နေကြရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွမ်းကျင်သူတွေ ကိုယ်တိုင် ကာကွယ်ဆေးဟာ ဘယ်လောက်အစွမ်းရှိတယ်၊ ဘယ်အချိန်၊ ဘယ်ကာလအထိ ကာကွယ်နိုင်တယ်ဆိုတာ လေ့လာဆဲ ဖြစ်ပါတယ်။ ကာကွယ်ဆေးရဲ့ အာနိသင်ဟာ ဘယ်လောက်အထိကြာမယ်လို့ လောလောဆယ်မပြောနိုင်သေးပါဘူး။

ဒါကြောင့် ကျွန်တော်တို့အားလုံးဟာ Mask ကို ဆက်တပ်ရမှာဖြစ်ပါတယ်။ လက်ကို မကြာခဏ ဆေးကြရမှာ ဖြစ်ပါတယ်။ လူတစ်ဦးနဲ့တစ်ဦးလည်း ခပ်ခွာခွာနေဖို့ ဆက်လက်လုပ်ဆောင် ရမှာဖြစ်ပါတယ်။ ကာကွယ်ဆေး အစွမ်း ဘယ်လောက်ရှိတယ်၊ အချိန်ကာလဘယ်လောက်အထိ ကာကွယ်နိုင်တယ်ဆိုတာ သိလာပြီးတဲ့အချိန်၊ လူတွေတော်တော်များများ ကာကွယ်ဆေး ထိုးနှံပြီးပြီလဲ၊ ကူးစက်မှု ဘယ်လောက်လျော့နည်းအောင် ဒီကာကွယ်ဆေးက လုပ်နိုင်ပြီလဲဆိုတာ သိရှိလာတဲ့တစ်နေ့မှာ ဒီအချက်တွေကို ဖြေလျှော့ဖို့ ဆုံးဖြတ်နိုင်မယ်လို့ ပညာရှင်တွေက ဆိုပါတယ်။ လက်ရှိအခြေအနေမှာတော့ ကာကွယ်ဆေးကိုလည်း ထိုးထား၊ လိုက်နာရမယ့် ကိစ္စတွေကိုလည်း ဆက်လက်လိုက်နာ၊ နှစ်ခုစလုံးပေါင်းလုပ်ခြင်းသည်သာ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးအတွက် အကောင်းဆုံးလို့ ဆိုပါတယ်။

နောက်ထပ် လူအုပ်စုအလိုက် ကိုယ်ခံအား ရခြင်းဆိုတာကို ကျွန်တော် ဆက်လက်ဆွေးနွေးလိုပါတယ်။ ကာကွယ်ဆေးကြောင့်ပဲရရ၊ ရောဂါဖြစ်ပြီးသွားလို့ပဲ ကိုယ်ခံအားရရ လူတွေကို ရောဂါပိုးက ဆက်လက်မပြန့်နိုင်တော့တဲ့ အခြေအနေကို လူအုပ်စုအလိုက် ကိုယ်ခံအား ရခြင်း Herd Immunity လို့ခေါ်ပါတယ်။ ဒီလို လူအုပ်စုအလိုက် ကိုယ်ခံအားရခြင်းကို ရောက်သွားရင်တော့ ဒီရောဂါပိုးဟာ ဆက်လက်မကူးစက်၊ မပျံ့နှံ့နိုင်ပါဘူး။

လူအုပ်စုအလိုက် ကိုယ်ခံအား ရခြင်း Herd Immunity ကိုရပြီးတဲ့ လူအုပ်စုအတွင်းမှာ ဒီလူအုပ်စုအတွင်းမှာရှိတဲ့ ရောဂါမဖြစ်သေးတဲ့သူတွေဟာ ရောဂါမကူးနိုင်ပါဘူး။ ဒါပေမယ့် ဒီအခြေအနေ ဘယ်တော့ရောက်မလဲဆိုတာကို ဘယ်ကျွမ်းကျင်ပညာရှင်ကမှ တိတိကျကျ မပြောနိုင်ပါဘူး။ လူတွေရဲ့ ဘယ်နှရာခိုင်နှုန်းလောက် ရောဂါဖြစ်ပြီးသွားတဲ့အချိန်ကျမှ လူအုပ်စု ကိုယ်ခံအားရခြင်း အခြေအနေကို ရောက်တယ်ဆိုတာကလည်း ရောဂါတစ်ခုနဲ့တစ်ခု မတူပြန်ပါဘူး။ ဒီအချက်အလက်တွေကြောင့် ကျွန်တော်တို့ လူသားအားလုံးက လက်ရှိကာလမှာ လူ့အဖွဲ့အစည်းရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ စားဝတ်နေရေး၊ အသက်ရှင်ရပ်တည်ရေးအတွက် နေ့စဉ်ဘဝတွေကို ဖြတ်သန်းရင်း ကိုဗစ်-၁၉ နဲ့အတူ ယှဉ်တွဲနေထိုင်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံး ကာကွယ်ဆေးကို စောင့်ရင်း၊ ကိုဗစ်ကာကွယ်ရေးအတွက် Mask ကို ဆက်တပ်ကြပါဦး၊ လက်ကိုလည်း မကြာခဏဆက်ဆေးကြပါဦး၊ လူတစ်ဦးနဲ့တစ်ဦးလည်း ခပ်ခွာခွာဆက်နေကြပါဦး၊ ဒီလိုလိုက်နာရမယ့် အချက်တွေကို ကျွန်တော်တို့ ကိုယ်စီလိုက်နာဖို့ လိုသလို အခြားသူတွေ လိုက်နာနိုင်ဖို့အတွက် ဒီအသိတွေကို ဆက်လက်ဖြန့်ဝေပေးကြပါဦး၊ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ မလိုက်နာသူတွေ တွေ့တဲ့အခါလည်း လိုက်နာကြဖို့ သတိဆက်ပြီးပေးကြပါဦးလို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။ မြန်မာပြည်တစ်ဝန်း၊ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ပြည်သူလူထုအပေါင်း ကိုဗစ်ကပ်ဘေးအန္တရာယ်မှ ကျော်လွှားနိုင်ကြပါစေ။

**ဒေါက်တာထွန်းမင်း ။ ။** ဆက်လက်ပြီး **ယာဉ်မောင်းချိန် တိုးမြှင့်ပေးရန် ရှိ / မရှိနဲ့ ဆေးစစ်ချက် အဖြေရရန် ၁၀ နာရီကြာ စောင့်ဆိုင်းရတာ၊ Lockdown နဲ့ဆိုတော့ ၂၂ နာရီ အလဟဿ ဖြစ်နေတယ်ဆိုပြီး** မေးမြန်းထားတာ ဖြစ်ပါတယ်။

ယာဉ်မောင်းတွေကို RDT (Rapid Diagnostic Test) နဲ့စစ်ဆေးပြီးချိန်ကစပြီး ၃ ရက်အထိ ပေးထားပါတယ်။ RDT နဲ့ စစ်ဆေးပြီး အဖြေရရှိဖို့အတွက် စစ်ဆေးချိန် ၂ နာရီကနေ ၃ နာရီလောက်အထိ စောင့်ရပါတယ်။ ဒါပေမယ့် ယာဉ်အသွားအလာများတဲ့ လမ်းကြောင်းနဲ့ ယာဉ်မောင်းတွေ၊ ယာဉ်နောက်လိုက်တွေများတဲ့ စစ်ဆေးရေးဂိတ်တွေမှာ အလှည့်ကျ တန်းစီစောင့်ရတဲ့အတွက် အချိန်အနည်းငယ် ကြာနိုင်ပါတယ်။

နောက်ထပ်မေးခွန်းက **ရန်ကုန်ကနေ နယ်ကို နေ့ချင်းပြန်သွားလာခွင့် မည်သည့်ရက်မှာ သွားလာနိုင်မယ်ဆိုတာကို သိရှိလိုပါတယ်။ ကွာရန်တင်းဝင်ရန် လို/မလိုကိုလည်း သိရှိလိုပါတယ်လို့** မေးထားပါတယ်။ လက်ရှိအခြေအနေမှာ ရန်ကုန်ကနေ နယ်ကို နေ့ချင်းပြန်သွားလာခွင့်ကို ခွင့်မပြုပါဘူး။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို သွားရောက်ရင် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် တိုင်းဒေသကြီးတွေက ချမှတ်ထားတဲ့ စည်းကမ်းချက်တွေအတိုင်း ကွာရန်တင်း ဝင်ရမှာဖြစ်တဲ့ အတွက် နေ့ချင်းပြန် သွားခွင့်မပြုသေးကြောင်း ဖြေကြားလိုပါတယ်။

နောက်မေးခွန်းက **လက်ရှိ Stay at Home သတ်မှတ်ထားတဲ့ မြို့နယ်တွေရဲ့ စာရင်းကို** မေးမြန်းထားပါတယ်။ လက်ရှိ Stay at Home သတ်မှတ်ထားတာက ရန်ကုန်တိုင်းဒေသကြီးမှာ ကိုကိုးကျွန်းမြို့နယ်ကလွဲပြီး ကျန်မြို့နယ်တွေမှာဆိုရင် ဆိပ်ကြီးခနောင်တိုမြို့နယ်မှာ ရပ်ကွက် ၆ ခု၊ တွံတေးမြို့နယ်မှာ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ၁၈ ခု၊ ကွမ်းခြံကုန်းမြို့နယ်မှာဆိုရင် ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ၁၁ ခုနဲ့ ကျန်တဲ့မြို့နယ်အားလုံးကို Stay at Home အဖြစ် သတ်မှတ်ထားပါတယ်။

မန္တလေးတိုင်းဒေသကြီးမှာ ၇ မြို့နယ်ကို သတ်မှတ်ထားပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာ ပဲခူးမြို့၊ ဧရာဝတီတိုင်းဒေသကြီးမှာ ပုသိမ်မြို့နယ်နဲ့ ရခိုင်ပြည်နယ်မှာ မြို့နယ် ၁၇ မြို့နယ်လုံးကို သတ်မှတ်ထားပါတယ်။ ကချင်ပြည်နယ် ဖားကန့်မြို့နယ်မှ ရပ်ကွက်နဲ့ကျေးရွာအုပ်စု ၈ ခုကို Stay at Home မြို့နယ်တွေအဖြစ် သတ်မှတ်ထားကြောင်း ဖြေကြားလိုပါတယ်။

နောက်တစ်ခုက **ခရီးသွားချင်လို့ မြစ်ကြီးနားကို သွားလို့ရပါသလား။ ကိုဗစ်စစ်ရင် ဘယ်မှာ စစ်ရမှာလဲလို့** မေးထားတာဖြစ်ပါတယ်။ မြစ်ကြီးနားကို လေကြောင်းခရီးနဲ့သွားလိုပါက လေယာဉ် မစီးမီ ၃၆ နာရီကြိုတင် RDT နဲ့ စစ်ဆေးပြီး အဖြေ Negative ရမယ်ဆိုရင် သွားရောက်နိုင်ပါတယ်။ ရန်ကုန်မြို့က သွားရောက်မယ့်သူတွေအတွက် အောင်မင်္ဂလာအဝေးပြေးယာဉ်ဝင်းမှာရှိတဲ့ ဒေသန္တရ ကျန်းမာရေးဌာနနဲ့ ဆူးလေဘုရားအနီးမှာရှိတဲ့ မြန်မာ့ခရီးသွားလုပ်ငန်းရုံးတွေမှာ စစ်ဆေးပေးနေပါတယ်။ မန္တလေးမြို့မှာ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးတွေမှာ စစ်ဆေးပေးလျက်ရှိကြောင်း ဖြေကြားပါတယ်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကပြောတဲ့ လက်ရှိ ရပ်ကွက်ကျေးရွာအလိုက် Stay at Home ဆိုတာ ဘာလိုဆိုလိုတာလဲ၊ ဘယ်လိုလုပ်မှာလဲ၊ အခုရော လုပ်နေပြီလားဆိုပြီး မေးမြန်း**ထားပါတယ်။ ရပ်ကွက်ကျေးရွာအလိုက် Stay at Home ဆိုတာ တချို့မြို့နယ်တွေမှာ ရောဂါကူးစက်ဖြစ်ပွားမှုက တစ်မြို့နယ်လုံးဖြစ်ပွားတာ မဟုတ်ဘဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအချို့မှာသာ ကူးစက်မှုဖြစ်ပွားတာဖြစ်ပါတယ်။

ဒီကူးစက်မှုဖြစ်နေတဲ့ ရပ်ကွက်ကျေးရွာကိုသာ Stay at Home အဖြစ်သတ်မှတ်ပြီး ကျန်တဲ့ကူးစက်မှုမရှိတဲ့ ရပ်ကွက်၊ ကျေးရွာတွေကို ပုံမှန်အတိုင်း နေထိုင်သွားလာလုပ်ကိုင်ခွင့် ပေးထားခြင်း ဖြစ်ပါတယ်။ ကူးစက်မှုမရှိတဲ့ အခြားရပ်ကွက်မှ လူတွေက သူတို့ရဲ့နေ့စဉ်လူနေမှုဘဝနဲ့ စီးပွားရေး လုပ်ငန်းတွေကို ထိခိုက်မှုလျော့နည်းစေဖို့ ရည်ရွယ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဒါကို အချို့ သောမြို့နယ်တွေမှာ ကျင့်သုံးလျက်ရှိပါတယ်။

နောက်မေးခွန်းတစ်ခုက **Positive လူနာကို အိမ်မှာထားပြီး ကုသမယ်ဆိုတာ ဘယ်လိုမျိုးလဲ ဆိုပြီး** မေးထားပါတယ်။ လက်ရှိအခြေအနေမှာ Positive ထွက်တဲ့လူနာမှန်သမျှကို သက်ဆိုင်ရာ ပြည်သူ့ဆေးရုံတွေနဲ့ အသစ်တိုးချဲ့ဖွင့်လှစ်ထားတဲ့ ကိုဗစ်-၁၉ ကုသရေးစင်တာတွေမှာ လက်ခံပြီး ကုသပေးလျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာတော့ အိမ်မှာထားရှိပြီး ကုသခြင်းမျိုးကို ဆောင်ရွက်ခြင်း မရှိပါဘူး။

**အစားအသောက်ကုန်ပစ္စည်းကနေ ကူးစက်နိုင်သလားဆိုပြီး မေးထားပါတယ်။** လက်ရှိသုတေသနပြုချက်တွေအရ စားသောက်ကုန်ပစ္စည်းကနေ တိုက်ရိုက်ကူးစက်မှုကို ခိုင်လုံတဲ့ အထောက်အထားတွေ မတွေ့ရှိရသေးပါဘူး။ ဒါပေမယ့် အစားအသောက်ကို ထုပ်ပိုးထားတဲ့ပစ္စည်းတွေမှာ ရောဂါပိုးရှိသူက ကိုင်တွယ်ထိတွေ့မှုရှိရင် ထုပ်ပိုးပစ္စည်းကနေ ကူးစက်နိုင်ခြေရှိတယ်လို့ ဖြေကြားလိုပါတယ်။

နောက်မေးခွန်းက **ပိုက်ဆံကိုင်ပြီးရင် လက်ဆေးရင် ကောင်းသလား၊ အရက်ပြန်နဲ့ဆေးရင် ကောင်းသလားဆိုပြီး** မေးထားပါတယ်။ ရောဂါပိုးရှိသူက ပိုက်ဆံကို ကိုင်တွယ်ပြီးတော့ ရောဂါပိုး ပါလာနိုင်တဲ့အတွက် ပိုက်ဆံကို ကိုင်တွယ်ပြီးတဲ့အခါ လက်ကို ဆပ်ပြာ၊ ရေနဲ့သော်လည်းကောင်း၊ အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းပါဝင်တဲ့ လက်သန့်စင်ဆေးရည်နဲ့ ဆေးကြောနိုင်ကြောင်း ဖြေကြားလိုပါတယ်။

နောက်တစ်ခုက **ကိုဗစ်ရောဂါကို နှာခေါင်းထဲထည့်ပြီး စစ်တဲ့ကိရိယာနဲ့ စစ်တာ တိကျပါသလားဆိုပြီး** မေးထားပါတယ်။ ကိုဗစ်-၁၉ အတွက်ကို နှာခေါင်းနဲ့ အာခေါင်တို့က တို့ဖတ်နမူနာရယူပြီး စစ်ဆေးတဲ့အခါ RT PCR လို့ခေါ်တဲ့ စနစ်နဲ့စစ်ဆေးမယ်ဆိုရင် ပိုပြီးတိကျမှန်ကန်တဲ့အဖြေကို ရရှိနိုင်ပါတယ်။ အချို့နေရာတွေမှာ Rapid Diagnostic Test Kit ကို အသုံးပြုပြီး စစ်ဆေးမယ်ဆိုရင် လတ်တလော ရောဂါကူးစက်မှုရှိနေတဲ့သူတွေမှာဆိုရင် ပိုပြီးစစ်ဆေးတွေ့ရှိနိုင်ကြောင်း ဖြေကြားလိုပါတယ်။

နောက်မေးခွန်းတစ်ခုက **ခရီးသွားမော်တော်ယာဉ်လိုင်းများ ဘယ်တော့ဖွင့်မလဲ သိချင်ပါတယ်၊ New Normal နဲ့ခရီးသွားရရင် ဘယ်လိုလုပ်ရမှာပါလဲဆိုပြီး** မေးမြန်းထားပါတယ်။ အခုအခါမှာ ပြည်တွင်းလေကြောင်းလိုင်းတွေကို ဒီဇင်ဘာ ၁၆ ရက်ကစပြီး သတ်မှတ်ထားတဲ့၊ ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေနဲ့အညီ ပြေးဆွဲပေးနေပြီး ခရီးသည်တွေလည်း ခရီးသွားလာနေပြီဖြစ်ပါတယ်။ ရောဂါ ကူးစက်မှုအခြေအနေကိုစောင့်ကြည့်ပြီး ရောဂါကူးစက်ဖြစ်ပွားမှု လျော့ကျလာတာနဲ့အမျှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး ဗဟိုကော်မတီရဲ့ လမ်းညွှန်ဆုံးဖြတ်ချက်တွေနဲ့အညီ ခရီးသွားယာဉ်လိုင်းတွေကို ပြန်လည်ဖွင့်လှစ်ဖို့ စီစဉ်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

New Normal နဲ့ခရီးသွားတဲ့အခါမှာ အမြဲတမ်း Mask တပ်မယ်၊ ခရီးသည်တစ်ဦးနဲ့ တစ်ဦး လည်း သတ်မှတ်ထားတဲ့အကွာအဝေး ထိုင်မယ်။ ကားပေါ်မှာလည်း လက်သန့်ဆေးရည်တွေနဲ့ ဆေးမယ်။ ရောက်တဲ့နေရာတွေမှာလည်း လက်ဆေးမယ်။ ကားရပ်နားတဲ့စားသောက်ဆိုင်တွေမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေနဲ့အညီ စားသောက်ပြီး ခရီးသွားလာရမှာဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## ရုံးချုပ်၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် စိစစ်ရေးမှူး(၂) (လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) ရာထူး(၄၀)နေရာ လစ်လပ်လျက်ရှိပါသည်။ လစ်လပ်ရာထူး (၄၀)နေရာတွင် တက္ကသိုလ်များမှ ဘွဲ့ရရှိသူများအား ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံရသူများအား (လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) တွင် ကနဦး လစာကျပ် ၂၁၆၀၀၀/– ဖြင့် အလုပ်သင်အဖြစ် စတင်ခန့်ထားပါမည်။ ရွေးချယ်ခြင်းခံရသူများသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်နှင့်တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသရုံးများ)တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ် အခြေခံသင်တန်းသို့ တက်ရောက်ရမည်။

၃။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနည်းဆုံးပညာအရည်အချင်းမှာအောက်ဖော်ပြပါဘွဲ့တစ်ခုခုရရှိသူများဖြစ်ရပါမည်–

(၁) ဝါဏိဇ္ဇဘွဲ့ (B.Com)

(၂) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)B.Econ (Economics)

(၃) စီးပွားရေးပညာဘွဲ့(စာရင်းအင်း) B.Econ(Statistics)

(၄) စာရင်းကိုင်ပညာဘွဲ့ (B.Act)

(၅) စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုဘွဲ့(B.B.A)

(၆) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)

(၇) ဖွံ့ဖြိုးရေးပညာဘွဲ့ (B.Dev.S)

(၈) စီးပွားရေးသိပ္ပံဘွဲ့(B.B.Sc)

(၉) ဝိဇ္ဇာဘွဲ့(စီးပွားရေးသိပ္ပံ)(B.A(BS))

(ဂ) ၃၁–၁၂–၂၀၂၀ ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်စေရ။ နိုင်ငံ့ဝန်ထမ်းများအား အသက်(၃၀)နှစ်အထိခွင့်ပြုသည်။

(ဃ) ဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်ထားသည့် စာရွက်စာတမ်းများကို စိစစ်ပြီးပါက သတ်မှတ်ချက်နှင့် ကိုက်ညီသူများသာ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စာစစ်ဌာနများတွင် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းကို ထပ်မံဖြေဆိုရမည်။ စာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြော်ငြာပါမည်။

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/– ပေးသွင်းရမည်ဖြစ်ပါသည်။ စာမေးပွဲဝင်ကြေး ပေးသွင်းသူများသည် နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် MD–010624 သို့ ငွေစာရင်းခေါင်းစဉ် ၈။ ၇။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ “၁။ ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ၀၂။ ဆောင်ရွက်ပေးမှုအတွက်ရငွေများ”ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် “ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စိစစ်ရေးမှူး(၂) ရာထူးအတွက် စာမေးပွဲဝင်ကြေး ပေးသွင်းခြင်း” ဟုဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။ နယ်မှပေးသွင်းသူများသည် Fax– ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၆။ လျှောက်လွှာတွင်–

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ်(အသက်)

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်

(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန

(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့်မှတ်ပုံတင်သည့် ရက်စွဲ

(ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်

(ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံ(မိဘနေရပ်)တို့ကို ဖော်ပြရမည်။

၇။ လျှောက်လွှာနှင့်အတူ

(က) ဝင်ကြေးပေးသွင်းသည့်ချလန်(မူရင်း)

(ခ) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) ရရှိသည့်ဘွဲ့နှင့် အမှတ်စာရင်းမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ် ရေးထိုးရန်)

(င) ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၅)ပုံ

(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဇ) (၆)လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း

(ဈ) (၆)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်မူရင်းတို့ ပါရှိရမည်။

၈။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ website www.mopfi.gov.mm နှင့် www.facebook.com/budgetdepartment တို့တွင် ရယူလျှောက်ထားနိုင်ပါသည်။

၉။ လျှောက်လွှာများကို နေပြည်တော်ကောင်စီနယ်မြေမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်) ရုံးအမှတ်(၂၆)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန(ရုံးချုပ်)သို့ လိပ်မူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနများမှတစ်ဆင့် လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ မှတ်ပုံတင်စာပြုလုပ်၍လည်းကောင်း ၂–၂–၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၁၀။ ဝန်ထမ်းများသည် ဌာနအကြီးအကဲခွင့်ပြုချက် လက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန် ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၁၅–၂–၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ပါရန်၊ လျှောက်လွှာမိတ္တူတစ်စောင်ကို ၂–၂–၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်)၊ စီမံရေးရာဌာနစု (ဖုန်း–၀၆၇–၃၄၁၀၅၃၀)သို့ ဆက်သွယ်မေးမြန်းရန်ဖြစ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးများအတွက် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်–

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း (ကျပ်) | ခန့်ထားမည့် ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| က | ကွန်ပျူတာလုပ်ဆောင်ရေးမှူး ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | (၅) နေရာ (ကျား/မ) | ကွန်ပျူတာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| ခ | စစ်ဆေးရေးမှူး–၂ ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | (၅) နေရာ (ကျား) | အင်ဂျင်နီယာဘွဲ့ရရှိသူ B.E (Mechanical, Electrical, Electronic, Mechatronic) |
| ဂ | အငယ်တန်းအင်ဂျင်နီယာ–၂ ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | (၂) နေရာ (ကျား) | အင်ဂျင်နီယာဘွဲ့ရရှိသူ B.E (Mechanical, Electrical, Electronic, Mechatronic) |
| ဃ | အငယ်တန်းစာရေး ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀ | (၄) နေရာ (ကျား/မ) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ |
| င | သန့်ရှင်းရေးအကူ ၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀ | (၂) နေရာ (မ) | အခြေခံပညာအလယ်တန်း အဆင့်ရှိသူ |

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

( ခ ) ၃၁–၁–၂၀၂၂ ရက်နေ့တွင် အသက် (၃၀) နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ် ထက် မကျော်လွန်သူ ဖြစ်ရမည်။

( ဂ ) ရွေးချယ်ရာတွင်ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဦးစားပေးမည်။ (သန့်ရှင်းရေးအကူမပါ)

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

( င ) ရွေးချယ်ခြင်းခံရပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ (နေပြည်တော်) တွင် တာဝန်ထမ်းဆောင်ရမည်ကို သိရှိပါကြောင်းနှင့် အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mopfi.gov.mm တွင် Download ရယူ၍ လျှောက်ထားနိုင်ပါကြောင်းနှင့်လျှောက်လွှာပုံစံများကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂) D၊ နေပြည်တော်နှင့် သဇင်ရိပ်လမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ ပစ္စည်းထိန်းဌာနခွဲ (ရန်ကုန်) ရုံးတို့တွင် ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)D၊ နေပြည်တော်သို့ပေးပို့ရမည်–

(က) ငွေသွင်းချလန်မူရင်း

( ခ ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)

( ဂ ) အသက်အထောက်အထားအတွက် အခြေခံပညာ အထက်တန်းအောင်လက်မှတ် မိတ္တူ (သို့မဟုတ်) နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

( င ) လျှောက်လွှာပိတ်ရက် မတိုင်မီ (၁) လအတွင်း အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာနှင့် သက်ဆိုင်ရာမြို့နယ် ရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း

( စ ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁) လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင် ဓါတ်ပုံ(၃)ပုံ(နောက်ကျောတွင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ဖော်ပြရန်)

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင် ကတ်ပြား မိတ္တူ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

( ဇ ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ဆရာဝန်၏ (၃) လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း

၅။ စာမေးပွဲဝင်ကြေး ကျပ်(၁၀၀၀/–) (ကျပ်တစ်ထောင်တိတိ) ကို နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD–010970 သို့ ပေးသွင်းရပါမည်။

၆။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂) D၊ နေပြည်တော်သို့ လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း ၂၈–၁–၂၀၂၂ ရက် (ကြာသပတေး) နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့် မကိုက်ညီသူများကို လက်ခံထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၇။ ဝန်ထမ်းဖြစ်ပါက အပိုဒ် (၄) ပါ အထောက်အထားများပါရှိသော လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် ဤဦးစီးဌာနသို့၂၈–၁–၂၀၂၂ ရက် (ကြာသပတေး) နေ့ နောက်ဆုံးထားပေးပို့ရန်ဖြစ်ပြီး၊ ကြိုတင်လျှောက်လွှာ မိတ္တူ (၁) စောင်ကို ဤဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ရန်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားကို ၁၈–၂–၂၀၂၂ ရက်(ကြာသပတေးနေ့)မှ ၁၉–၂–၂၀၂၂ ရက် (သောကြာနေ့)အထိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂) D၊ နေပြည်တော်တွင် လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကို ၂၀–၂–၂၀၂၂ ရက် (စနေနေ့)တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဖြေဆိုရမည့် ရေးဖြေစာမေးပွဲဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ တို့ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို ၅–၃–၂၀၂၂ ရက် (သောကြာနေ့) တွင် www.mopfi.gov.mm Website တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး ကွန်ပျူတာစစ်ဆေးခြင်းကို ၁၄–၃–၂၀၂၂ ရက် (တနင်္လာနေ့)တွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းကို ၁၅–၃–၂၀၂၂ ရက် (အင်္ဂါနေ့)တွင်လည်းကောင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၁၀။ သန့်ရှင်းရေးအကူဝန်ထမ်း (၂) နေရာအတွက် လူတွေ့စစ်ဆေးခြင်းကို ၁၅–၃–၂၀၂၂ ရက် (အင်္ဂါနေ့) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂) D၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇–၃၄၀၆၃၂၂၊ ၀၆၇–၃၄၀၆၁၁၆၊ ၀၆၇–၃၄၀၆၂၅၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**

## အထူးကြည်ညိုဂုဏ်ယူဝမ်းမြောက်

မြစ်ကြီးနားမြို့၊ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် **ဘဒ္ဒန္တဩဘာသ**ဆရာတော်အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဖြစ်သော **အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ**ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသဖြင့် အထူးပင်ကြည်ညို ဂုဏ်ယူဝမ်းမြောက်ပါသည် ဘုရား။

**မြစ်ကြီးနားမြို့ ရဟန်းဒါယကာ ဒါယိကာမဖြစ်သော**
**သာသနပါလဆွမ်းအဖွဲ့**

## အထူးကြည်ညိုဂုဏ်ယူဝမ်းမြောက်

စစ်ကိုင်းမြို့၊ ပြည်တော်သာကျောင်းတိုက်ဆရာတော် **ဒေါက်တာ အရှင်ဇဝန** ဆရာတော်အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သော **မဟာသဒ္ဓမ္မဇောတိကဓဇ**ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသဖြင့် အထူးပင်ကြည်ညိုဂုဏ်ယူဝမ်းမြောက်ပါသည် ဘုရား။

**မြစ်ကြီးနားမြို့ ဒါယကာ ဒါယိကာမများ**

**ဦးမောင်မောင်ထွေး–ဒေါ်စန်းစန်းမြင့်(City Park Royal)**
**ဒေါ်ရွှေယဉ်(သွင်းကုန်ထုတ်ကုန် ကုမ္ပဏီ)**
**ဦးကံချား–ဒေါ်ဂီသား(ယူနိုက်တက်ဟိုတယ်)**
**ဦးစိန်လှိုင်–ဒေါ်ချို(ရွှေမြစ်ဆုံကားဂိတ်)**
**ဦးဇော်ပိုင်–ဒေါ်စိုးစိုးအေး**
**ဦးဇော်မင်း–ဒေါ်ချိုချို(ဟင်စင် ကားပစ္စည်း)**

## အထူးကြည်ညိုဂုဏ်ယူဝမ်းမြောက်

မြစ်ကြီးနားမြို့၊ တောင်တန်းသာသနာပြု အံတော်ရှင်ကျောင်းတိုက် ဆရာတော် **ဒေါက်တာ အရှင်ဉာဏဇ** ဆရာတော်အား သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဖြစ်သော **သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်** ဆက်ကပ်ခြင်းခံရသဖြင့် အထူးပင်ကြည်ညိုဂုဏ်ယူဝမ်းမြောက်ပါသည် ဘုရား။

**မြစ်ကြီးနားမြို့ ရဟန်း ဒါယကာ ဒါယိကာမများ**

**ဦးချစ်တင်–ဒေါ်မြင့်မြင့်(ရွှေတောင်မွေ့ရာ)**
**ဦးစိန်လင်း–ဒေါ်သဇင်ဝင်း(တိုက်ပြာရွှေဆိုင်)**
**ဦးမောင်မောင်ထွေး–ဒေါ်စန်းစန်းမြင့်(City Park Royal)**
**ဦးသိန်းဝင်းဦး–ဒေါ်စိုးစိုးဝင်း(စူပါလျှပ်စစ်)**
**ဦးလှဝင်း–ဒေါ်ခင်ခင်ချစ်(နဂါးစာပေ)**
**ဒေါ်ရွှေယဉ်(သွင်းကုန်ထုတ်ကုန် ကုမ္ပဏီ)**
**ဦးဇော်မင်း–ဒေါ်ချိုချို(ဟင်စင် ကားပစ္စည်း)**

## ဂိုဒေါင်ငှားမည်

အခန်းသန့်၊ အခန်းကျယ်
မင်္ဂလာတောင်ညွန့်မြို့နယ်
မြန်မာ့ဂုဏ်ရည်လမ်း အနီး
30'x60'၊ အမြင့် 12'
**ဖုန်း– 09– 764687934**
**09– 765004582**
**09– 662089881**

**အမည်မှန်**

ရောဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၊ ကျုံတွမ်ကျေးရွာအုပ်စု ကျုံတွမ်ကျေးရွာနေ (ဘ)စောအောင်မြင်ဌေး၏သမီး နော်ဆွေလဲ့ဝင်း၏ အမည်မှန်မှာ နော်ကေဇင်လှိုင် ၁၄/ဟသတ(နိုင်)၃၅၉၇၅၀ ဖြစ်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၄–၁–၂၀၂၂ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၀) ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း ကြော်ငြာတွင် ဒေါ်မို့မို့မြင့် အစား ဒေါ်မိုးမိုးမြင့် ၉/ပဥလ(နိုင်)၀၀၀၈၃၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၅–၁–၂၀၂၂ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၁) ဦးဌေးဝင်း(ဌေးဝင်း–ဂျာမဏီ) အသက် (၆၇)နှစ် နာရေး ကြော်ငြာတွင် ၁–၃–၂၀၂၂ရက်အစား ၃–၁–၂၀၂၂ရက်တွင် ကွယ်လွန်သွားပါကြောင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## နိုင်ငံတော်၏ " သရေစည်သူ " ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့် ဝဏ္ဏကျော်ထင်၊ စည်သူ ဦးအောင်ကိုဝင်း အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘဏ်များအသင်း နာယက၊ ကမ္ဘောဇဘဏ် နာယက **ဝဏ္ဏကျော်ထင်၊ စည်သူ ဦးအောင်ကိုဝင်း** သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့၊ နေပြည်တော်ရှိ ၊ နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်းအခမ်းအနားတွင် ပြည်ထောင်စု စည်သူသင်္ဂဟ ဂုဏ်ထူးဆောင် ဘွဲ့ဖြစ်သည့် **"သရေစည်သူ"** ဘွဲ့ ကို ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသည့်အတွက် အထူးပင် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း-

**ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့**

A bank
standing with you



## အထူးလှိုက်လှဲဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ရက် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)ဖြင့် နိုင်ငံတော်သမ္မတက ချီးမြှင့်အပ်နှင်းသော ဘွဲ့တံဆိပ်များရရှိသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)နှင့် အဖွဲ့ခွဲများ၏ အသင်းသားများအားလုံးမှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကျန်းမာ အသက်ရှည်စွာ တိုင်းပြည်တာဝန်များ ဆက်လက်ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်-

| | | | |
|---|---|---|---|
| သိပ္ပံပညာထူးချွန်တံဆိပ် (ပထမအဆင့်) (ပညာရပ်ဆိုင်ရာ) ဒေါက်တာ သက်လွင် မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)၏ သက်တော်ရှည်ဂုဏ်ထူးဆောင်နာယကကြီး | အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ် ဦးတင်မောင် (မန်နေဂျင်းဒါရိုက်တာ-စန္ဒီဘာယဆေးကုမ္ပဏီ) လူမှုထူးချွန်ပထမဆင့်၊ ဂုဏ်ထူဆောင်နာယကကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို) | သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ် ဦးသိန်းလွင် ဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို) | သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ် ဦးမောင်မောင်လေး ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို) |

ဗဟိုအလုပ်မှုဆောင်၊ အဖွဲ့ခွဲအလုပ်အမှုဆောင်များနှင့် အသင်းသားများ
မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)



## အထူးဂုဏ်ယူဝမ်းမြောက်မှတ်တမ်းတင်ဂုဏ်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာ စာအမှတ် ၁/၂၀၂၂ဖြင့် **အဂ္ဂမဟာသီရိသုဓမ္မသီဂီ** ဒေါ်နီလာရွှေ၏ ခင်ပွန်း ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ နာယက၊ **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** ဦးညွန့်ဌေး (ကြာငါးခိုင်သက်န်းတိုက်)အား ၁၃၈၃ခု၊ နတ်တော်လပြည့်ကျော်(၆)ရက်၊ ၂၀၂၂ခုနှစ် ဇန်နဝါရီလ(၄)ရက် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအချိန်အခါသမယတွင် **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာသာသနာတော်အကျိုးများကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်ချုပ်နှင့် အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**


### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
### ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ကွန်ပျူတာစနစ်ဖြင့် ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် Expression of Interest (EOI) အဆိုပြုလွှာဖိတ်ခေါ်ခြင်း

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ပြည်တွင်းကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို ကွန်ပျူတာစနစ်ရေးဆွဲပြီး ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားသော ပြည်တွင်းကုမ္ပဏီများအနေဖြင့် Expression of Interest(EOI) အဆိုပြုလွှာထုတ်ယူတင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| EOI ပုံစံထုတ်ယူနိုင်သည့်ရက် | - ၆-၁-၂၀၂၂ရက်မှ ၁၅-၁-၂၀၂၂ရက်ထိ |
| ကုမ္ပဏီများကိုခေါ်ယူရှင်းလင်းမည့်ရက် | - ၁၈-၁-၂၀၂၂ရက်နှင့် ၁၉-၁-၂၀၂၂ရက် နံနက် ၁၀:၀၀နာရီ |
| EOI ပုံစံနောက်ဆုံးတင်ပြရမည့်ရက် | - ၈-၂-၂၀၂၂ရက် မွန်းလွဲ ၁၄:၀၀နာရီ |
| ဆက်သွယ်ရန်လိပ်စာ | - ရုံးအမှတ်(၂၉)၊ နေပြည်တော်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၀၅၃၅၆ |

**ပဏာမစိစစ်ရေးကော်မတီ**

### မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏(၁၂/၂၀၂၀)လ အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

(၁) ထန်တလန်မြို့ ခွီဗားရေပေးရေးအတွက် (၂.၉)သန်း ဘီလျံဖြင့် ဆောင်ရွက်သော ခွီဗားရေပေးရေး လုပ်ငန်းအား အများပြည်သူများထံသို့ ရေဖူလုံစွာရောက်ရှိနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စည်ပင်ကော်မတီဝင်များမှ ရေပိုက်လိုင်းကြောင်း ပြုပြင်ခြင်းနှင့် ရေထွက်နေရာများ မွမ်းမံဆောင်ရွက်လျက်ရှိပါသည်။
(၂) အမှတ်(၁)ရပ်ကွက် မြို့တွင်းလမ်းမီး အများပြည်သူများလုံခြုံစွာ သွားလာနိုင်ရေးအတွက် မြို့တွင်းလမ်းမီးများ တပ်ဆင်ပေးလျက် ရှိသည်။
(၃) အမှတ်(၁)ရပ်ကွက် တိုးချဲ့ရပ်ကွက်ပြည်သူများ ရေဖူလုံစွာရရှိနိုင်ရေး အတွက် ရေပိုက်များဝယ်ယူပေးခြင်းနှင့် ရေပိုက်လိုင်းများ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။
(၄) မြို့နယ်စည်ပင် နယ်နိမိတ်အတွင်း၌ စည်းမဲ့ကမ်းမဲ့ အမှိုက်စွန့်ပစ်သူများအား ဥပဒေအရအရေးယူဆောင်ရွက်လျက်ရှိသည်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
### သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး
### ချင်းပြည်နယ်-ဟားခါးမြို့
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်၊ သစ်တောဦးစီးဌာန၊ မင်းတပ်မြို့နယ်တွင် ဝန်ထမ်းအိမ်ရာများ၊ ရုံးဝင်းခြံစည်းရိုးကာရံခြင်း လုပ်ငန်းများအား အောက်ပါအစီအစဉ်အတိုင်း ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| (က)တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - ၅-၁-၂၀၂၂ရက် (ရုံးချိန်အတွင်း) |
| (ခ) တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် | - ၂၈-၂-၂၀၂၂ ရက် (ရုံးချိန်အတွင်း) |
| (ဂ)တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ | - ညွှန်ကြားရေးမှူးရုံး၊ ချင်းပြည်နယ်သစ်တောဦးစီးဌာန၊ ဟားခါးမြို့ |

၂။ အသေးစိတ်အချက်အလက်များကို သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ချင်းပြည်နယ်၊ ဖုန်း- ၀၇၀-၂၁၁၀၇၊ ၀၇၀-၂၂၅၅၂၊ ၀၇၀-၂၂၅၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**


**တစ်ဦးတည်း ဖြစ်ကြောင်း**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အထက (၁)မှ ၂၀၁၃ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ် (ဖသ-၃၈၂)ဖြင့် ဖြေဆိုအောင်မြင်ခဲ့သော မသီသီအောင် ၈/ဆပဝ(နိုင်)၁၀၈၀၂၂၏ ဖခင်ဦးတလုပ်နှင့် ဦးလှထွန်းအောင် ၈/ဆပဝ(နိုင်)၀၂၇၇၂၀တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတလုပ်(ခ)ဦးလှထွန်းအောင်**

# အထူးလိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုလွှာ

၂၀၂၁ - ခုနှစ် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏

အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့်

ထာဝရကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌကြီး ဦးမောင်ကိုအား

**ဝဏ္ဏကျော်ထင်ဘွဲ့** တံဆိပ်နှင့်

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့်

ဇနီးဖြစ်သူ သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥအား

ထပ်မံ၍ **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့** တံဆိပ်တို့ကို

ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက်

အထူးပင်လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

နောင်တွင်လည်း သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ

နိုင်ငံတော်အကျိုး၊ သာသနာအကျိုးတို့ကို

ဆတက်ထမ်းပိုး တိုး၍ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

Eternal Co., Ltd.
ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစု

Myanmar Synergy Co., Ltd.
ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစု

TA Resources Myanmar Co., Ltd.
ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစု

Automan Co., Ltd.
ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစု

flymya.com
ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစု

# လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

(၇၃)နှစ်မြောက်(လွတ်လပ်ရေးနေ့) အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ဖြင့် သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သည့် **"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော **ဦးတင်မောင် (စန္ဒီဘယဆေး)**အား အတိုင်းထက်အလွန် ဝမ်းမြောက်ရပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါရန် **ရွှေမင်းဝံဓမ္မမိသားစု** မှ နှစ်သစ်ဆုမွန်ကောင်းတောင်း၍ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ရွှေမင်းဝံသာသနာ့ရိပ်သာ (ဗဟန်း)**

**ဂေါပကအဖွဲ့နှင့် ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့**

# လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

(၇၃)နှစ်မြောက်(လွတ်လပ်ရေးနေ့) အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ဖြင့် သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သည့် **"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ"** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော **Dr. ဒေါ်ရင်ရင်ဝင်း (ရွှေသံလွင်ကုမ္ပဏီလီမိတက်) Sky Net** အား အတိုင်းထက်အလွန် ဝမ်းမြောက်ရပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါရန် **ရွှေမင်းဝံဓမ္မမိသားစု** မှ နှစ်သစ်ဆုမွန်ကောင်းတောင်း၍ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဂေါပကအဖွဲ့နှင့် ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့**

**ရွှေမင်းဝံသာသနာ့ရိပ်သာ (ဗဟန်း)၊ ရန်ကုန်မြို့**

**သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၄၇ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၅-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၄-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၉,၇၇၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၄၇) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၅-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၄၇၈) ခု | (၈၆) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၄၈၇) ခု | (၂၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၆၆၉) ခု | (၆၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၇၇) ခု | (၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၃၄၈) ခု | (၂) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၁၂၉) ခု | (၁၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄၈) ခု | (၁၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၃၅) ခု | (၂၆) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈၃) ခု | (၈) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၇၁) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၁) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၇၅) ခု | (၁၁၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၂၇၉) ခု | (၂၈၁) ဦး |
| **စုစုပေါင်း** | (၁၉,၇၇၀) ခု | (၆၄၇) ဦး |

COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | ၂၇-၁၂-၂၀ | ၂၈-၁၂-၂၀ | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၁-၂၁ | ၂-၁-၂၁ | ၃-၁-၂၁ | ၄-၁-၂၁ | ၅-၁-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၃.၇ | ၃.၄ | ၃.၄ | ၃.၅ | ၃.၇ | ၂.၆ | ၃.၆ | ၄.၁ | ၃.၅ | ၃.၃ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။

(၂၇-၁၂-၂၀၂၀) ရက်နေ့မှ (၅-၁-၂၀၂၁) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၅,၇၃၅) ခုမှ အများဆုံး (၂၄,၀၀၇) ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၁၈,၀၉၆) ခု ဖြစ်ပါသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ❑




## ပြည်ပမှဝယ်ယူထားသော လေအိတ်ပါ ရထားတွဲဆိုင်းများ သီလဝါဆိပ်ကမ်းသို့ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့မီးရထားက တရုတ်နိုင်ငံမှ ဝယ်ယူထားသော လေအိတ်ပါ ရထားတွဲဆိုင်းများသည် DU JUAM SONG 067 ကုန်တင်သင်္ဘောကြီးဖြင့် ဇန်နဝါရီ ၄ ရက် ညနေပိုင်းက ရန်ကုန်မြို့ သီလဝါ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိလာပြီဖြစ်သည်။

ယခုရောက်ရှိလာသော လေအိတ်ပါ ရထားတွဲဆိုင်းများကို မြန်မာ့မီးရထားက တရုတ်နိုင်ငံမှ ချေးယူထားသော ယွမ်ငွေသန်း ၈၀ ဖြင့် ဝယ်ယူထားခြင်းဖြစ်သည်။ တွဲဆိုင်း စုစုပေါင်း ၂၈ ဆိုင်းရောက်ရှိလာပြီး ရိုးရိုးတွဲဆိုင်း ၁၄ ဆိုင်းနှင့် အထက်တန်းတွဲဆိုင်း ၁၄ ဆိုင်း ပါလာခြင်းဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၅* ✻


**ယနေ့ မာ တိ ကာ**

**အဆောက်အအုံများ တည်ဆောက်ရာတွင် မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ ထုတ်ပြန်**

*ပြည်တွင်းသတင်း* စာ ➤ ၁၂

**ဗြိတိန်ဝန်ကြီးချုပ် ကူးစက်မြန် ဗီဇပြောင်း ကိုဗစ် - ၁၉ မျိုးစိတ်သစ်ကို တိုက်ဖျက်ရန် ကန့်သတ်ပိတ်ဆို့မှုသစ်တစ်ခုကို ကြေညာ**

*နိုင်ငံတကာသတင်း* စာ ➤ ၁၃


## အကြိတ်အနယ်ယှဉ်ပြိုင်ကြမည့် လိဂ်ဖလားပြိုင်ပွဲမှ မန်ယူနှင့် မန်စီးတီး၊ စီးရီးအေပွဲစဉ် (၁၆) မှ အေစီမီလန်နှင့် ဂျူဗင်တပ်စ်တို့ ပွဲစဉ်များ




လိဂ်ဖလားဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မန်ယူအသင်းသည် လိဂ်ဖလား လက်ရှိချန်ပီယံမန်စီးတီးအသင်းကို ဇန်နဝါရီ ၇ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် အိုးထရက်ဖို့ဒ်၌ ဧည့်ခံယှဉ်ပြိုင်မည်ဖြစ်သည်။ မန်ယူအသင်းသည် လိဂ်ဖလား ကွာတားဖိုင်နယ်တွင် အဲဗာတန်အသင်းကို ခက်ခက်ခဲခဲကစားပြီး ကာဗာနီ၊ မာရှယ်တို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိကာ လိဂ်ဖလားဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ မန်စီးတီးက အဆိုပါအဆင့်တွင် အသင်းကြီး အာဆင်နယ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် လက်စတာအသင်းကို တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျထားပြီး လိဒ်စ်၊ အဲဗာတန်၊ ဝုဖ်နှင့် အက်စ်တွန်ဗီလာအသင်းတို့ကို အနိုင်ရရှိအောင် စွမ်းဆောင်ထားသည့်အသင်းဖြစ်သည်။ မန်စီးတီးကလည်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် ဝက်စ်ဘရွန်းကို တစ်ဖက်တစ်ဂိုးစီ သရေကျထားပြီး ဆောက်သမ်တန်၊ အာဆင်နယ်၊ နယူးကာဆယ်နှင့် ချယ်ဆီးအသင်းတို့ အနိုင်ရရှိထားသည်။ ထို့ကြောင့် မန်ယူအသင်းရော မန်စီးတီးအသင်းပါ နောက်ဆုံးငါးပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိသည်ကို တွေ့ရသည်။ မန်ယူအသင်းသည် ယခုနှစ်ရာသီပရီမီယာလိဂ် ၁၆ ပွဲကစားပြီး ရမှတ် ၃၃ မှတ်ရရှိထားကာ အဆင့် (၂) နေရာတွင် ရပ်တည်နေသလို မန်စီးတီးက ၁၅ ပွဲကစားပြီး ရမှတ် ၂၉ မှတ်ဖြင့် အဆင့် (၅) နေရာတွင် ရပ်တည်နေသည်။ မန်ယူကွင်းလယ်တွင် ခြေစွမ်းပြကစားနေသည့် ဘရူနိုဖာနန်ဒက်ဇ်သည် ယခုနှစ်ရာသီ ပြိုင်ပွဲအရပ်ရပ် ၂၄ ပွဲတွင် ၁၅ ဂိုးအထိ သွင်းယူပေးထားနိုင်သည့် ကစားသမားတစ်ဦး ဖြစ်သည်။ မန်စီးတီးကွင်းလယ်မှ ဒီဘရိုင်းက ယခုနှစ်ရာသီ ပြိုင်ပွဲစုံ ၁၈ ပွဲတွင် သုံးဂိုးသာ သွင်းယူထားနိုင်သေးသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ●